# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရှက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၅)**


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၃၀ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၁၀)


# နိုင်ငံ့ဝန်ထမ်း တိုးမြှင့်သတ်မှတ်ပေးသည့် လစာနှုန်းထားများကို ၂၀၁၈ ခုနှစ်၊ မေလမှ စတင်ကာ ခံစားခွင့်ရှိမည်

**နေပြည်တော် မေ ၂၉**

နိုင်ငံ့ဝန်ထမ်း လစာနှုန်းထားများကို တိုးမြှင့်သတ်မှတ်ပေးရန် ၂၀၁၈ ခုနှစ် မေ ၂၅ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၁၈) ၌ အတည်ပြုဆုံးဖြတ်ခဲ့ပြီး တိုးမြှင့်သတ်မှတ်ပေးသည့် လစာနှုန်းထားများကို ၂၀၁၈ ခုနှစ်၊ မေလမှ စတင်ကာ ခံစားခွင့်ရှိမည်ဖြစ်ကြောင်း ယနေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် ၃၀/၂၀၁၈ ဖြင့် ထုတ်ပြန်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို အစဉ်အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသော တပ်မတော် ကြည်း၊ ရေ၊ လေ ဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင်

*စာမျက်နှာ ၅ ကော်လံ ၁* ❐

### နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ

*စာမျက်နှာ ၃ ကော်လံ ၄* ❍



ကဆုန်လပြည့်နေ့တွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်၌ ညောင်ရေသွန်းလောင်းနေစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

# ကဆုန်လပြည့်တွင် ညောင်ရေသွန်းလောင်းသူများဖြင့် စည်ကား


**ရန်ကုန် မေ ၂၉**

ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံ ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် တစ်ရပ်ဖြစ်သည့်အားလျော်စွာ ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီတင်းသီလဆောက်တည်ကြပြီး ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင် နိဗ္ဗာန်နန်းဆိုသည်နှင့်အညီ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဗျာဒိတ်ခံယူသောနေ့၊ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံသောနေ့ဟူသည့် ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံသောကြောင့် ဤနေ့ကို ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဟု ခေါ်ဆိုကြသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဖြစ်သော နေ့ထူးနေ့မြတ်ကိုအာရုံပြု၍ ကဆုန်လပြည့်နေ့၌ ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိကြသည်။ ဗောဓိပင်သည်

*စာမျက်နှာ ၄ ကော်လံ ၁* ✣

မြန်မာ့အလင်း

# ကိုယ်ကျင့်တရားကောင်းမွန်မှ နိုင်ငံ့ပုံရိပ်လှ

ဤကမ္ဘာမြေပေါ်တွင် တည်ရှိကြကုန်သော နိုင်ငံများသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံအချင်းချင်း စိတ်ဝင်စားမှုအပြည့်ဖြင့် အကဲခတ်ကြပါ၏။ ဟိုနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံလား၊ အင်အားကြီးရုံမျှမက၊ စူပါပါဝါနိုင်ငံကြီးဖြစ်နေပြီလား၊ ဒီနိုင်ငံကဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံလား၊ သူ့ပြည်တွင်းမှာ တည်ငြိမ်အေးချမ်းမှုရှိရဲ့လား၊ အစိုးရက ဘာစနစ်နဲ့ အုပ်ချုပ်သလဲ၊ တစ်နိုင်ငံလုံး၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာကအစ ကွာခြားမှုချင်းယှဉ်၍ လေ့လာကြ၏။ ယခုခေတ်တွင် ပြိုင်ဆိုင်မှု အမြင့်မားဆုံးဖြစ်သည့် နျူကလီးယားရှိနေလား၊ စစ်ရေးတွင်လည်း စစ်လက်နက်ပစ္စည်းတွေက ကမ္ဘာ့နောက်ဆုံးပေါ်လက်နက်ဆန်းတွေ ရှိနေပြီလား၊ ဂြိုဟ်တုလွှတ်တင်နိုင်ပြီလား၊ စသည် စသည်ဖြင့် အကြီးမားဆုံးသော ခေတ်မီကိစ္စရပ်ကြီးများမှ အစပြုကာ၊ လူမျိုးဘယ်နှမျိုးရှိသည်၊ မည်သို့ဝတ်စားဆင်ယင်သည်၊ မည်သည့်ဘာသာစကားကို ပြောသည်တို့ကိုလည်း စိတ်ဝင်တစား လေ့လာတတ်ကြပါသည်။

တချို့ကလည်း ထိုနိုင်ငံရှိ လူများ၏ ယနေ့ခေတ်တွင် တည်ရှိနေသည့် ကိုယ်အမူအရာ (နှုတ်အမူအရာ) စိတ်နေစိတ်ထား မည်သို့ရှိသည်၊ နိုင်ငံအလိုက်၊ လူမျိုးအလိုက်မည်သို့ ကွာခြားသည်တို့ကိုလည်း လေ့လာဆန်းစစ်ကြပါ၏။ နှစ်သက်သည် မနှစ်သက်သည်တို့ကိုလည်း ပြောဆိုကြလေ့ရှိပါ၏။ ၎င်းအပြင် လူသားများ၏ အရေးအကြီးဆုံးပြဋ္ဌာန်းချက်ဟုဆိုရမည့် ကိုယ်ကျင့်သိက္ခာကိုလည်း လေ့လာတတ်ကြ၍၊ ကိုယ်ကျင့်သီလပျက်ယွင်းကာ ရက်စက်ကြမ်းကြုတ်သော နိုင်ငံများအပေါ် ပြစ်တင်ရှုတ်ချကြရုံမျှမက၊ ထိုကြောက်လန့်ဖွယ်ရာ နိုင်ငံများ၏သတင်းကို ကြားရုံမျှဖြင့် သွားရောက်လိုစိတ် အလျဉ်းမရှိကြပါပေ။ သို့ပါသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ ပုံရိပ်ကောင်းမွန်မှုသည် အလွန်အရေးကြီးသည်ဟု ဆိုချင်ပါသည်။ နိုင်ငံသူနိုင်ငံသားများ၏ အကျင့်သီလပျက်ယွင်းလောက်အောင် တရားဥပဒေစိုးမိုးမှု ကင်းမဲ့၊ နိုင်ငံသားအချင်းချင်း သတ်ဖြတ်ညှဉ်းဆဲနေသောကြောင့် အားအင်ကုန်ခန်းကာ၊ နိုင်ငံတည်ဆောက်ပြုပြင်ရေးအလျဉ်း မလုပ်နိုင်သောကြောင့် ကမ္ဘာတွင် ဆင်းရဲနိမ့်ကျနေပါလျှင်၊ မည်သူမျှပေါင်းသင်းဆက်ဆံလိုမည် မဟုတ်ပါချေ၊ မည်သူမျှ ယုံယုံကြည်ကြည် ပူးပေါင်းကာ လက်တွဲဆောင်ရွက်ခြင်း၊ ကူညီကယ်တင်ခြင်းလည်း ပြုလုပ်လိုမည် မဟုတ်ပါပေ။

ဤနိုင်ငံမျိုးသည် အရှိန်အဟုန်ပြင်းပြင်းဖြင့် ရှေ့သို့ချီတက်နေကြသော ကမ္ဘာ့နိုင်ငံအသီးသီးနှင့် အလှမ်းကွာဝေးသွားရတော့မည်သာမက၊ နိုင်ငံသူနိုင်ငံသားများမှာလည်း၊ လူချင်းတူတူ သူချင်းမျှမျှ မဖြစ်နိုင်တော့ဘဲ လူ့အဆင့်အတန်းလည်း မြင့်မားလာမည် မဟုတ်တော့ပါပေ။ သို့ပါသောကြောင့် နိုင်ငံ၏အဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်း၊ နိုင်ငံအတွက် စိတ်စေတနာမှန်မှန်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြခြင်းတို့မှာ နိုင်ငံသားများ၏ အရေးအကြီးဆုံးတာဝန်ပင်ဖြစ်ပါ၏။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းငါးဆယ်ကျော် ခြောက်ဆယ်ခန့်တိုင်အောင် စစ်အုပ်ချုပ်ရေးရှိခဲ့ခြင်း၊ ပြည်တွင်းစစ်မှာ နှစ်ပေါင်း ၇၀ အထိ အပြီးမသတ်နိုင်သေးခြင်း၊ အနောက်တံခါးဟု ဆိုရမည့် ရခိုင်ပြည်နယ်တွင်း တရားမဝင်ဝင်ရောက်ကူးလူးနေမှုများ၊ အကြမ်းဖက်မှုများ စသည်တို့ကြောင့် နိုင်ငံသူနိုင်ငံသားများမှာ နာလန်မထူအောင် နိမ့်ကျရုံမက ဆင်းရဲဒုက္ခရောက်နေကြရပါ၏။ ယနေ့လို ဒီမိုကရေစီစနစ်သို့ လှည့်ပြောင်းနေသည့်ကာလတွင် ဘက်ပေါင်းစုံ၌ အခက်အခဲကြီးမားကာ စိန်ခေါ်မှုများစွာ ရှိနေပါ၏။ သို့သော်ပြည်သူလူထုအတွက် ပြည်သူလူထုကိုယ်တိုင် တစ်ခဲနက်ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့သဘောဆန္ဒကို ဖော်ဆောင်မည့် ပြည်သူ့အစိုးရ ရှိနေပြီဖြစ်ပါသောကြောင့် မည်သည့်အခက်အခဲကိုမဆို ကျော်လွှားနိုင်တော့မည်ဟု ယုံကြည်ပါ၏။

ပြည်သူလူထုတစ်ရပ်လုံးက အစိုးရချမှတ်ထားသော မူဝါဒနှင့် လမ်းညွှန်ချက်များကို အခြားတစ်ဖက်တွင် “ပြည်သူ့အားသည် အနန္တစွမ်းအား” ဖြစ်သောကြောင့် ပြည်သူလူထု ညီညွတ်မှုရှိခြင်း၊ ခါးစည်းကာ ကြိုးကြိုးကုတ်ကုတ် ဇွဲစိတ်သန်သန်၊ သတ္တိရှိရှိ ရုန်းကန်ကြခြင်းတို့ဖြင့် နိုင်ငံအပြောင်းအလဲကို ဖော်ဆောင်နိုင်ကာ နိုင်ငံ့ပုံရိပ်ကို တောက်ပစေမည် အမှန်ပင်ဖြစ်ပါ၏။ ခေတ်ဟောင်း စနစ်ဟောင်း တစ်လျှောက်လုံးတွင် စနစ်၏ ဖန်တီးမှုကြောင့် ကိုယ်ကျင့်သီလ၊ သမာဓိ သိက္ခာတို့ ပျက်ယွင်းခဲ့ရသည်တို့ကို ကောင်းသောစိတ်ဓာတ်ဖြင့် ပြန်လည်တည်ဆောက်ခြင်း ပြုကြရပါမည်။ စိတ်အညစ်အကြေးကို မိမိတို့အသီးသီး၏ စိတ်ဖြင့်သာ ဆေးကြောကာ သန့်ရှင်းမှုကို အရယူကြရမည်ဖြစ်ပါ၏။

အတိတ်ကာလက အဂတိတရားလေးပါးကို ကျင့်သုံးခဲ့မိ၍ ကိုယ်ကျင့်သိက္ခာ မည်မျှပျက်ယွင်းခဲ့စေကာမူ ယခု ပြင်နိုင်လျှင် ယခုချက်ချင်းကောင်းလာမည်။ လူအပေါင်းက နှစ်ထောင်းအားရဝမ်းပန်းတသာကြိုဆိုကြမည် ဖြစ်ပါ၏။ ပြည်သူလူထုကြီးကလည်း သဘောထားအတွေးအမြင်များ ပြောင်းလဲရမည်များရှိသကဲ့သို့ အစိုးရကလည်း မှန်ကန်သောဦးဆောင်မှုကို ပေးရမည်ဖြစ်ပါ၏။ နိုင်ငံသူနိုင်ငံသားများအနေဖြင့် လူမှုကျင့်ဝတ် ကိုယ်ကျင့်သိက္ခာ စောင့်ထိန်းခြင်းဖြင့်လည်းကောင်း၊ နိုင်ငံ့အမှုထမ်း အရာထမ်းများသည်လည်း ဝန်ထမ်း၏ ကျင့်ဝတ်စည်းကမ်းကို မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက် တာဝန်ကျေခြင်းဖြင့်လည်းကောင်း တိုင်းပြည်ကိုအုပ်ချုပ်သော အစိုးရကလည်း မင်းကျင့်တရား ၁၀ ပါးနှင့်အညီ အုပ်ချုပ်ကြလျှင်ဖြင့် ဤကဲ့သို့သော နိုင်ငံသည် လူ့အခွင့်အရေးအပြည့်အဝရရှိကာ ကမ္ဘာ့အလယ်တွင် တင့်တယ်လာမည်ပင်ဖြစ်ပါ၏။ အားလုံးအကျင့်သီလ လုံခြုံကြလျှင် မိမိတို့နိုင်ငံသည် ထိပ်တန်းရောက်မည်မှာ ကေန်အမှန်ပင်ဖြစ်မည်ဟု ယုံကြည်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# မော်လမြိုင်ကျွန်းမြို့နယ် ညီနောင်ကြီးကျေးရွာလုံးကျွတ် ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားစွာကျင်းပ



**မော်လမြိုင်ကျွန်း ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အောက်ဘက် မိုင် ၂၀ ကျော်ကွာဝေးသော ကြက်လျှာကျေးရွာအုပ်စု ညီနောင်ကြီးကျေးရွာလုံးကျွတ် ဒုတိယအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ညီနောင်ကြီးကျေးရွာ သာသနာ့ပွင့်ဦးကျောင်းတိုက် ဝင်းအတွင်းရှိ ဗောဓိညောင်ပင်နှစ်ပင်၌ ကျင်းပသည်။

ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲတွင် ညီနောင်ကြီးကျေးရွာ ဆရာတော်ဘဒ္ဒန္တဓမ္မနန္ဒနှင့် ဂေါပကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ညီနောင်ကြီးကျေးရွာလုံးကျွတ် ကဆုန်ညောင်ရေသွန်းလောင်းကြမည့် ယောဂီအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၃၀၀ ကျော် တက်ရောက်ကြသည်။

ထို့နောက် ကဆုန်ညောင်ရေသွန်းလောင်းမည့် ဗောဓိညောင်ပင်နှစ်ပင်အား ညီနောင်ကြီးကျေးရွာ အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့မှ ကျေးရွာသူ ၆၃ ဦးတို့သည် ယောဂီတူညီဝတ်စုံများ ဝတ်ဆင်လျက် အဖွဲ့နှစ်ဖွဲ့ခွဲကာ ဗောဓိညောင်ပင်နှစ်ပင်အား ကဆုန်ညောင်ရေသွန်းလောင်းကြပြီး ညီနောင်ကြီးဒေသခံပြည်သူများကလည်း ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ဘိုကလေးမြို့နယ်အတွက် အားထားရမည့် စက်ဆန်းတံတား ဖွင့်လှစ်

**ဘိုကလေး ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာအုပ်စုရှိ စက်ဆန်းချောင်းကူးတံတားကို ဧပြီ ၂၉ ရက်က ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

“အရင်က ရေလမ်းခရီးကိုသာ အဓိကထား သွားလာရနေရပြီး ဘိုကလေးကနေ ရေအတက်အကျပေါ်မူတည်ပြီး နှစ်နာရီမှ သုံးနာရီအကြာ သွားလာရတဲ့ဒေသပါ၊ ဒီတံတားဖွင့်လှစ်နိုင်ပြီဖြစ်တဲ့အတွက် ဘိုကလေးမှ ၄၅ မိနစ်သာ သွားလာရုံနဲ့ ရောက်နိုင်ပြီဖြစ်ပါတယ်၊ စီးပွားရေးကဏ္ဍမှာ စက်ဆန်းဒေသဟာ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာမှာမို့ ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်ပါတယ်” ဟု ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ပြောသည်။



အဆိုပါ တံတားဖွင့်ပွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် ဌာနဆိုင်ရာများ၊ တံတားအထူးအဖွဲ့ ၁၅ မှ အင်ဂျင်နီယာများနှင့် မြို့မိမြို့ဖ ဒေသခံများ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။ စက်ဆန်းချောင်းကူးတံတားသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာ လမ်းမပေါ်ရှိ ဝက်ခေါင်းကျကျေးရွာနှင့် စက်ဆန်းရွာတို့ကို ဆက်သွယ်ထားသည့် အရှည် ၁၇၈၁ ပေ ၆ လက်မ၊ ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်း ၃ ပေ ၆လက်မ အကျယ်ဖြင့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၉-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၂၅/၈၃၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၀/၈၅၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၈ ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၆ ·၈ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၀ ·၈ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၀ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ·၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ကဆုန်ညောင်ရေသွန်းလောင်း

**နေပြည်တော် ဧပြီ ၂၉**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်နေ့ ယနေ့တွင် ကျရောက်သော ညောင်ရေသွန်းပွဲတော်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများသည် နေပြည်တော် ဇေယျာသီရိမြို့နယ် ဇေယျာသီရိကုန်းတိုက်ရှေ့ လောကချမ်းသာ ဆုတောင်းပြည့်ဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် လောကချမ်းသာ ဆုတောင်းပြည့်ဘုရားကြီးအား ပန်း၊ ဆီမီးနှင့် သောက်တော်ရေချမ်းတို့ ဆပ်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များသည် လောကချမ်းသာ ဆုတောင်းပြည့်ဘုရားကြီး ပရိဝုဏ် အတွင်းရှိ မဟာဗောဓိညောင်ပင်များအား သတ်မှတ်ထားသည့်နေရာများမှ ညောင်ရေသွန်းလောင်းပူဇော်ကြကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းစဉ်။**
သတင်းစဉ်

# ရခိုင်ပြည်နယ်၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်မည့် ရုပ်ရှင်ဇာတ်ကားရိုက်ကူးနိုင်ရေး ဒုတိယအကြိမ်စည်းဝေး

**ရန်ကုန် ဧပြီ ၂၉**

ရခိုင်ပြည်နယ်၏ သာယာလှပမှု၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုတို့သာမက ရခိုင်ပြည်နယ်၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်မည့် ရုပ်ရှင်ဇာတ်ကားရိုက်ကူးနိုင်ရေး ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)



အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်ရှင်ဇာတ်ကားရိုက်ကူးရာတွင် ရခိုင်ပြည်နယ်၏ သာယာလှပမှု၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုများသာမက ရခိုင်ပြည်နယ်ရှိ ဒေသခံများ၏ လူမှုစီးပွားဘဝများ ပေါ်လွင်အောင် ရိုက်ကူးရေး၊ ရခိုင်ပြည်နယ်၏ ပုံရိပ်ကို မြှင့်တင်မှုနှင့်အတူ မြန်မာနိုင်ငံ၏ အပေါင်းလက္ခဏာဆောင်သော ပုံရိပ်များကို ဖော်ထုတ်ပြသနိုင်ရေး ရည်ရွယ်ချက်ဖြင့် ရိုက်ကူးလိုပါကြောင်း ပြောကြားသည်။

**ကဏ္ဍအလိုက် ဆွေးနွေး**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများဖြစ်သည့် ပန်းချီဦးစိုးမိုးနှင့် ဦးအောင်လွင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ရွှေသံလွင် မီဒီယာ ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ဦးဇော်သက်မောင်၊ Forever Group CEO ဦးဝင်းမော်၊ မင်္ဂလာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဇော်မင်း၊ ဒါရိုက်တာ စင်ရော်မောင်မောင်၊ ဒါရိုက်တာ မောင်မျိုးမင်း၊ ဒါရိုက်တာ ညီညီထွန်းလွင်၊ ဒါရိုက်တာ ဇော်မြင့်ဦး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး အတွင်းရေးမှူး ဦးဇော်ထူးအောင်တို့က ဇာတ်လမ်း ဇာတ်ညွှန်းရွေးချယ်နိုင်ရေးအပါအဝင် ရုပ်ရှင်ဇာတ်ကားရိုက်ကူးရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယနေ့အစည်းအဝေးတွင် ရခိုင်ပြည်နယ်၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်မည့် Documentary ပြိုင်ပွဲ ကျင်းပနိုင်ရေးနှင့် ဆက်လက်ပြီး Documentary များ ရိုက်ကူးနိုင်ရေး၊ ရုပ်ရှင်ဇာတ်ကားရိုက်ကူးနိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်း ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ရေရှည်အစီအမံများ ချမှတ်**

ရှေးဦးစွာ ရေကူးအသံလွှင့်စက်ရုံ အစည်းအဝေးခန်းမတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က ရေကူးအသံလွှင့်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများ ပြုပြင်ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ထည့်သွင်းဆောင်ရွက်ရေး၊ ရေကူးအသံလွှင့် စက်ရုံဝင်းအတွင်း မီးဘေးလုံခြုံရေးအတွက် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေကူးအသံလွှင့် ရေကူးစက်ရုံဝင်းအတွင်းရှိ မီဒီယာနှင့်ပတ်သက်သည့် အဆောက်အအုံများ၊ စတူဒီယိုများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုခဲ့သည်။

**သတင်းစဉ်**

## စီမံကိန်းကျေးရွာများ ရန်ပုံငွေထုတ်ချေး

**သဲကုန်း ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ မြစိမ်းရောင်စီမံကိန်း ၃၃ ယူနစ် စီမံကိန်းကျေးရွာ ၆၄ ရွာတွင် အကောင်အထည်ဖော်လျက်ရှိရာ ဧပြီလအတွင်း စီမံကိန်းရန်ပုံငွေ ၃၁ ယူနစ်ကို ထုတ်ချေးခဲ့သည်။ အဆိုပါစီမံကိန်းရန်ပုံငွေထုတ်ချေးရာတွင် မြို့နယ်ကျေးလက်ဝန်ထမ်းများ၊ မြို့နယ်အဆင့် မြစိမ်းရောင်စီမံကိန်း ကော်မတီဝင်များက စီမံကိန်းဝင်ကျေးရွာများရှိ ကျေးရွာသူကျေးရွာသားများအား တစ်ဦးချင်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*ရှေ့ဖုံးမှ*

တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ကျန်မြန်မာ့ပင်လယ်ပြင်တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# နေပြည်တော်ရှိ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးနှင့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးတို့၌ ကဆုန်ညောင်ရေသွန်းလောင်း

**နေပြည်တော် ဧပြီ ၂၉**

နေပြည်တော်ရှိ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးနှင့် သံဝေဇနီယ လေးဌာန "ဖွား၊ ပွင့်၊ ဟော၊ စံ "စေတီဌာနများရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးတို့၌ ယနေ့နံနက်ပိုင်းတွင် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲများကို ကျင်းပရာ နေပြည်တော်နှင့် ပတ်ဝန်းကျင်ရှိ မြို့နယ်၊ ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်၍ ညောင်ရေသွန်းလောင်း ပူဇော်ကြပြီး ကုသိုလ်ယူ ဒါနပြုကြသည်။



မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး၌ ယနေ့နံနက် ၈ နာရီတွင် တတိယအကြိမ် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲနှင့် ရွှေသုဝဏ်ဆရာတော်ကြီးအား အမှူးထား၍ MORE C N C ကုမ္ပဏီမိသားစုမှ ဉာဏ်တော် ၁၁ လက်မရှိ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ပုံတူ ဆင်းတုတော်အဆူ ၁၅၀ မဲဖောက်လှူဒါန်းခြင်း အခမ်းအနားများကို ကျင်းပသည်။ **(ဝဲပုံ)**

မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးတွင် နံနက်ပိုင်းမှစ၍ ညနေပိုင်းအထိ နေပြည်တော်နှင့် ပတ်ဝန်းကျင်ရှိ မြို့နယ်၊ ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ညောင်ရေသွန်းလောင်းကြသူများ၊ တရားဘာဝနာ စီးဖြန်းကြသူများ၊ ကုသိုလ်ယူဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ သံဝေဇနီယလေးဌာန "ဖွား၊ ပွင့်၊ ဟော၊ စံ "စေတီဌာနများရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၌ ယနေ့နံနက် ၈ နာရီတွင် ဩဝါဒါ စရိယ ဆရာတော်ကြီးများထံမှ ဩဝါဒ ခံယူခြင်း၊ ရွှေကြာသင်္ကန်းတော် ဆက်ကပ် လှူဒါန်းခြင်းနှင့် ဗုဒ္ဓါဘိသေက အနေ ကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဒုတိယအကြိမ် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲများကို ကျင်းပသည်။

ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း အခမ်းအနားတွင် ဧည့်ပရိသတ်များက တပ်ကုန်းမြို့ မြို့လယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြသည်။

ယင်းနောက် သံဝေဇနီယလေးဌာန "ဖွား၊ ပွင့်၊ ဟော၊ စံ" စေတီဌာနများရှိ သတ္တ သတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၌ ဒုတိယအကြိမ် ကဆုန်ညောင်ရေသွန်း လောင်းပူဇော်ပွဲကိုကျင်းပရာ နံနက်ပိုင်းမှ ညနေပိုင်းအထိ နေပြည်တော်နှင့် ပတ်ဝန်းကျင်မှ မြို့နယ်၊ ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ညောင်ရေသွန်းလောင်းကြသူများ၊ တရားဘာဝနာ စီးဖြန်းကြသူများ၊ ကုသိုလ်ယူဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်းစဉ်**

---

✢ *ရှေ့ဖုံးမှ*

သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူရာဌာနဖြစ်ခြင်းကြောင့် ဖွားဖက်တော်ခုနစ်ပါးတွင် စာရင်းဝင်သည့် ထူးခြားသောသစ်ပင်ဖြစ်သည်။ မြတ်စွာဘုရားနှင့်တိုက်ရိုက်ဆက်စပ်နေ၍ ဗောဓိပင်၌ ရေသွန်းလောင်းခြင်း အစဉ်အလာကို ခေတ်အဆက်ဆက်က ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များတွင် ကဆုန်ညောင်ရေသွန်းပွဲကို ရိုးရာပွဲတော်အဖြစ် သတ်မှတ်ခဲ့ကြသည်။ အထက်ပါအကြောင်းအရာများကို နှလုံးသွင်း၍ ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် နှစ်စဉ်ကဆုန်လပြည့်နေ့ရောက်တိုင်း ဗုဒ္ဓရုပ်ပွားဉဒ္ဒိဿစေတီတော်များကို ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာသဘင်များ ကျင်းပခြင်း၊ ဘုရားကျောင်းကန်များသို့သွား၍ ဒါန၊ သီလ၊ ဘာဝနာပြုကြခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုကြသည်။

ရွှေတိဂုံစေတီတော်ကြီး၏ (၃၅) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယနေ့နံနက် ၅ နာရီမှစတင်၍ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးအသင်းအဖွဲ့များက ညောင်ရေအိုးများကိုယ်စီကိုင်ဆောင်ပြီး စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ခြင်း၊ စေတီတော် ရင်ပြင်အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

အလားတူ မဟာဝိဇယစေတီတော်၊ ရွေးဟောင်းသမိုင်းဝင် အပ္ပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဝရဒါဌာခာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ ဆူးလေစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ကျိုက္ကဆံစေတီတော်၊ မိုးကောင်းစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ မယ်လမုဘုရား၊ ဉက္ကလာပစေတီတော်၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့၊ ကျိုက်ခေါက်၊ ကျိုက်မှော်ဝန်း (ရေလယ်ဘုရား)နှင့် မြို့နယ်အသီးသီးရှိ ဘုရားပုထိုးစေတီများ၌ ဗုဒ္ဓအခါတော်နေ့ ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားများကို ကျင်းပကြပြီး မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

**ရီရီမြင့်**

---

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဒသမအကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်

**နေပြည်တော် ဧပြီ ၂၉**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဒသမအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်များ စိုက်ပျိုးထားရှိရာနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဓမ္မစကြာဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**သွန်းလောင်း**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီးနှင့် တာဝန်ရှိသူများက ပရိဘောဂစေတီတော်များဖြစ်ကြသည့် မဟာဗောဓိပင် အမှတ် (၁)၊(၂)နှင့် (၃)တို့အား ကဆုန်ညောင်ရေများ သွန်းလောင်းပေးကြသည်။ **(ယာပုံ)**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင် အမှတ်(၁) ကိုမြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်တွင် လည်းကောင်း၊ မဟာဗောဓိညောင်ပင် အမှတ်(၂)ကို ၁၃၇၂ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်တွင်လည်းကောင်း၊ မဟာဗောဓိပင် အမှတ်(၃) မဟာဗောဓိ လင်းလွန်းပင်ကို ၁၃၇၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်တွင်လည်းကောင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၁၅ ရက်သည် ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ ဖြစ်သည့် အားလျော်စွာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်၍ ကုသိုလ်ယူကြသူများ၊ ဓမ္မစကြာဝတ်အသင်းအဖွဲ့များ၊ ဝတ်ရွတ်ပူဇော်ကြသူများနှင့် စည်ကားများပြားလျက်ရှိသည်။

**သတင်းစဉ်**

---

# ကဆုန်လပြည့်နေ့တွင် မန္တလေးမြို့အနှံ့ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**မန္တလေး ဧပြီ ၂၉**

ကဆုန်လပြည့်နေ့ ယနေ့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသော ဘာသာရေး နေ့ထူးနေ့မြတ်ဖြစ်သဖြင့် မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီး ဘုရားပုထိုးစေတီတော်များ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲများ ကျင်းပ၍ မန္တလေးမြို့မှ ဆွမ်းလောင်းအသင်းများနှင့် ကုသိုလ်ရှင်များက ဆရာတော်၊ သံဃာတော်များကို ဆွမ်း၊ ချိုချဉ်ခဲဖွယ်များ လောင်းလှူကုသိုလ်ပြုလျက်ရှိကြသည်။

ယနေ့နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉက္ကဋ္ဌ အရှင်သူမြတ်အမှူးပြု၍ ဘုရားကြီး မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရဟန်းရှင်လူပြည်သူများ ဓမ္မစကြာဝတ်အသင်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ နံ့သာသွေးလှူဒါန်းခြင်းများအပြင် ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်းများ ဆောင်ရွက်ကြသည်။ **(ဝဲပုံ)**



ထို့ပြင် ယနေ့နံနက် ၈ နာရီတွင် မဟာမုနိပရိဝုဏ်အတွင်း အင်္ဂါထောင့်ရှိ ပရိဘောဂစေတီ ဗောဓိညောင်ပင်အား ရေတော်ဆရာတော်အမှူးပြု၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီးနှင့် မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့ပြင် ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမ ဘုရားကြီးတိုက်ရှိ ဦးပွား ဆုတောင်းပြည့်စေတီတော်၊ ရွှေကျီးမြင်၊ ဘုရားနီဘုရား၊ ဆုတောင်းပြည့် ဆုတောင်းရဘုရား၊ ဝါခင်းကုန်းဘုရား၊ ချမ်းသာရ ဆုတောင်းပြည့်ဘုရား၊ ရွှေကြက်ယက် ရွှေကြက်ကျဘုရား၊ နန်းမြို့ဆုတောင်းပြည့်ဘုရား၊ မန္တလေးမြို့ ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ သီပေါမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော အရှေ့ပြင်လုံးဆိုင်ရာ အောင်တော်မူ မြတ်စွာဘုရား၊ မဟာအောင်မြေမြို့နယ် ဗောဓိကုန်းရပ်တွင် တည်ရှိသော မင်းတုန်းမင်းတရားကြီး စိုက်ပျိုးလှူဒါန်းခဲ့သည့် ဗောဓိညောင်ပင်တို့တွင် ညောင်ရေသွန်းလောင်းပွဲကို ဆင်နွှဲကြရာ ကြက်ပျံမကျစည်ကားလျက်ရှိပြီး ဘုရားဖူးလာ ညောင်ရေသွန်း လောင်းကြသူများအား စေတနာရှင်အလှူရှင်များကလည်း အအေးမျိုးစုံ၊ ကြာဆံဟင်း၊ မုန့်လုံးရေပေါ်စသည်တို့ဖြင့် စတုဒိသာကျွေးမွေး ကုသိုလ်ပြုကြသည်။

အလားတူ မန္တလေးတောင်ဂေါပကအဖွဲ့မှ ကြီးမှူး၍ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး စိုက်ပျိုးတော်မူခဲ့သည့် မန္တလေးတောင်ခြေရှိ မဟာဗောဓိညောင်ပင်အား ပဉ္စမအကြိမ်မြောက် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ကျင်းပခဲ့ရာ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်၍ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့အတူ အမရပူရမြို့နယ် စွယ်တော်မြတ်စေတီတော် (မန္တလေး) ပရိဝုဏ်အတွင်းရှိ ၂၀၁၁ ခုနှစ်က စိုက်ပျိုးထားသည့် သီရိလင်္ကာနိုင်ငံမှ လှူဒါန်းသော မဟာဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းပူဇော်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# တိုင်းရင်းသားများက နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မျှတစွာဆောင်ရွက်စေလိုသည့် ဆန္ဒရှိ



**နေပြည်တော် ဧပြီ ၂၉**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် နေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသော အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဒေသတွင်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပြီး လိုအပ်ချက်များကို လေ့လာဆောင်ရွက်ကာ လေ့လာထားမှုနှင့် အတွေ့အကြုံများပေါင်းစပ်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ အစ္စလာမ်ဘာသာဝင်များ၏ ခံစားမှုသာမက ရခိုင်တိုင်းရင်းသားများ၊ ရခိုင်မျိုးနွယ်စုငယ်များ၊ ဟိန္ဒူ၊ ကမန်၊ မရမာကြီးစသည်တို့၏ ခံစားမှုများ၊ မည်သို့ရှိသည်ကို လေ့လာထားပြီးဖြစ်ကြောင်း၊ အစိုးရသစ်အနေဖြင့် လူမှုသဟဇာတ မဖြစ်ရခြင်း၏ အခြေခံအကြောင်းရင်းများ ဖော်ထုတ်ခဲ့ရာတွင် အကြောင်းရင်းများ ထွက်ပေါ်လာသော်လည်း နှစ်ရှည်လများစွာကတည်းက ဖြစ်ပေါ်နေသော အကြောင်းရင်းများဖြစ်သဖြင့် ဖြေရှင်းရန် ခက်ခဲပါကြောင်း။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်မှုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျဆုံးမှုများရှိပါကြောင်း၊ ယင်းတိုက်ခိုက်မှုဖြစ်စဉ် နောက်ပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး အကြံပြုချက် ၄၈ ချက် ပေါ်ထွက်ခဲ့ပါကြောင်း၊ ကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်မှ အပြီးသတ် အစီရင်ခံစာတင်သွင်းပြီး အကြံပြုချက် ၈၈ ချက် ပေါ်ထွက်ခဲ့ပါကြောင်း၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တို့၏ အကြံပြုချက်များသည် အတော်များများ တူညီပါကြောင်း။ အကြံပြုချက်များအား အကောင်အထည်ဖော်ရန် ကော်မတီဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချိန်တွင်လည်း ပဋိပက္ခများ ဆက်လက်ဖြစ်ပွားခဲ့ပါကြောင်း။

အဆိုပါအကြမ်းဖက်မှုများ ဖြစ်ပေါ်လာသည့်အတွက် ရေရှည်ဖြေရှင်းရန် ၊ လတ်တလော ဆောင်ရွက်ရမည့် လုပ်ငန်းများရှိလာသည့်အတွက် လိုအပ်ချက်အရ UEHRD "Union Enterprise For Humantarian Assistance, Resettlement and Development In Rakhine ပြည်ထောင်စုစီမံကိန်းကိုဖွဲ့စည်းထားပါကြောင်း၊ မြန်မာနိုင်ငံသည် ဘာသာပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံတို့ ပေါင်းစည်းနေထိုင်ကြကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်ရန် UEHRD ကို ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နေရပ်စွန့်ခွာကြသည့်သူများ မိမိနေရပ်တွင် ပြန်လည်နေရာချထားရန်၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်ပဋိပက္ခကင်းဝေးရေး ရည်ရွယ်ချက်များဖြင့် UEHRD ကို ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံးသာမက ပြည်ပရောက်မြန်မာများပါ ပါဝင်နိုင်စေရန် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက်များ ပြည့်မြောက်အောင်ဆောင်ရွက်ရာတွင် အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း။

သို့ရာတွင် တိုင်းရင်းသားများက နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မျှတစွာဆောင်ရွက်စေလိုသည့် ဆန္ဒရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် မမျှတဟု တိုင်းရင်းသားများက ခံစားကြရကြောင်း၊ တိုင်းရင်းသားများအတွက် လာရောက်ဆောင်ရွက်သည်ကို ကျေးဇူးတင်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သည့် အချိန်တွင် လုံခြုံရေးနှင့် ပတ်သက်၍ သုံးသပ်ဖော်ထုတ်ချက်များအရ နယ်စပ်လုံခြုံရေး အရေးကြီးသည်ကိုတွေ့ရှိရကြောင်း၊ ရခိုင်ဒေသအတွက် ကုန်းပိုင်းနှင့် ရေပိုင်းနယ်စပ်များရှိသဖြင့် ကုန်းပိုင်းလုံခြုံရေးအတွက် နယ်စပ်ခြံစည်းရိုးကာရံခြင်းကို ဆောင်ရွက်နိုင်သော်လည်း ရေပိုင်းလုံခြုံရေးအတွက် အင်တိုက်အားတိုက် စနစ်တကျ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ အခက်အခဲများ ရှိသော်လည်း အားလုံးပူးပေါင်းဆောင်ရွက်ပါက ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရာတွင် တာဝန်ယူဆောင်ရွက်နေသည့် ဌာနများအပြင် ဒေသတွင်းနေထိုင်သူများဖြစ်သည့် ရခိုင်၊ မြို၊ ဒိုင်းနက်၊ ခမီ၊ မရမာကြီး၊ သက်၊ ကမန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း။

**"တိုင်းရင်းသားများက နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မျှတစွာဆောင်ရွက်စေလိုသည့် ဆန္ဒရှိကြ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် မမျှတဟု တိုင်းရင်းသားများက ခံစားကြရ၊ တိုင်းရင်းသားများအတွက် လာရောက်ဆောင်ရွက်သည်ကို ကျေးဇူးတင်၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သည့်အချိန်တွင် လုံခြုံရေးနှင့် ပတ်သက်၍ သုံးသပ်ဖော်ထုတ်ချက်များအရ နယ်စပ်လုံခြုံရေး အရေးကြီးသည်ကို တွေ့ရှိရ၊ ရခိုင်ဒေသအတွက် ကုန်းပိုင်းနှင့် ရေပိုင်းနယ်စပ်များရှိသဖြင့် ကုန်းပိုင်းလုံခြုံရေးအတွက် နယ်စပ်ခြံစည်းရိုးကာရံခြင်းကို ဆောင်ရွက်နိုင်သော်လည်း ရေပိုင်းလုံခြုံရေးအတွက် အင်တိုက်အားတိုက် စနစ်တကျ ပူးပေါင်းဆောင်ရွက်ရန်လို၊ အခက်အခဲများရှိသော်လည်း အားလုံးပူးပေါင်းဆောင်ရွက်ပါက ကျော်လွှားနိုင်မည်ဖြစ်"**

**လွတ်လပ်စွာသွားလာခွင့်တွင် အစ္စလာမ်ဘာသာဝင်များသာမက တိုင်းရင်းသားလူနည်းစုများ၊ ဟိန္ဒူများတွင်လည်း အခက်အခဲများ ခံစားနေရသည့်အတွက် ဌာနဆိုင်ရာများအားလုံး ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်၊ ဆောင်ရွက်သည့်နေရာတွင် လွတ်လပ်စွာ သွားလာခွင့်ဆိုသည်မှာ စည်းကမ်းဖြင့် သွားလာခွင့်ကို ဆိုလို၊ ခရီးထွက်ပါက လူတိုင်းအထောက်အထား ယူဆောင်သွားကြရမည်ဖြစ်၊ လမ်းခရီးတွင် စစ်ဆေးမှုများရှိပါက ကြည်ဖြူစွာ ခံယူရမည်ဖြစ်၊ ဒေသန္တရစည်းကမ်းချက်များ ရှိပါကလည်း လိုက်နာရမည်ဖြစ်**

လွတ်လပ်စွာသွားလာခွင့်တွင် အစ္စလာမ်ဘာသာဝင်များသာမက တိုင်းရင်းသားလူနည်းစုများ၊ ဟိန္ဒူများတွင်လည်း အခက်အခဲများ ခံစားနေရသည့်အတွက် ဌာနဆိုင်ရာများအားလုံး ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်သည့်နေရာတွင် လွတ်လပ်စွာ သွားလာခွင့်ဆိုသည်မှာ စည်းကမ်းဖြင့်သွားလာခွင့်ကိုဆိုလိုကြောင်း၊ ခရီးထွက်ပါက လူတိုင်းအထောက်အထား ယူဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ လမ်းခရီးတွင် စစ်ဆေးမှုများရှိပါက ကြည်ဖြူစွာ ခံယူရမည်ဖြစ်ကြောင်း၊ ဒေသန္တရစည်းကမ်းချက်များရှိပါကလည်း လိုက်နာရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားသော ဥပဒေများကို တစ်ပြေးညီ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပထမအချက်အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ဦးစွာဆောင်ရွက်မည်ဟု နိုင်ငံတော်သမ္မတက မိန့်ကြားထားကြောင်း၊ ဒုတိယအချက်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက်လည်း ဦးစားပေးဆောင်ရွက်သွားမည်ဟုပြောကြားထားကြောင်း၊ တိုင်းရင်းသားအားလုံးသင့်မြတ်အောင် ဆောင်ရွက်နိုင်မှသာ ပဋိပက္ခကင်းဝေးမည်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် အများလိုလားတောင့်တသော ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန်ဖြစ်ကြောင်း။

တက်ရောက်လာသူများတွင် ပြည်သူမှတင်မြှောက်ရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ (ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်)များ၊ လူ့အဖွဲ့အစည်းကိုယ်စားလှယ်များ ပါဝင်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသူများ၏ အခက်အခဲအကျပ်အတည်းများ ပြေလည်စေရန် အန္တရာယ်မရှိသော၊ ဥပဒေကို ဆန့်ကျင်ရာမကျသော ဖြေလျှော့မှုများ၊ ကန့်သတ်မှုများကို ပယ်ဖျက်ခြင်းများ ဆောင်ရွက်နေကြောင်း၊ မီဒီယာများသည်လည်း တာဝန်ရှိသူများပြောကြားသောစကားများ၊ အကြောင်းအရာများ၏ အဓိပ္ပာယ်ကို အဆုံးထိ လေ့လာနားလည်ထားရန်လိုကြောင်း၊ တစ်ခွန်းရတစ်ခွန်း ထုတ်ပြန်ခြင်းမလုပ်ဘဲ သတင်းများကို မှန်မှန်ကန်ကန်ထုတ်ပြန်ရန်လိုကြောင်း၊ တက်ရောက်လာကြသောမတူညီသည့် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့၏ ကြိုတင်အစည်းအဝေးပြုလုပ်၍ ဆွေးနွေးမှုရလဒ်များ၊ ယနေ့ဆွေးနွေးမှုများမှ ထွက်ပေါ်လာသောရလဒ်များကို ဖြန့်ဝေပေးရန်လိုကြောင်း၊ သက်ဆိုင်ရာဒေသ အသီးသီးတွင်လည်း ယခုကဲ့သို့တွေ့ဆုံမှုများဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် နည်းလမ်းပေါင်းစုံနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ လိုအပ်ချက်များကိုလည်း နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်၊ မြို၊ ဒိုင်းနက်၊ ခမီ၊ မရမာကြီး၊ သက်၊ ကမန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❐ ***ရှေ့ဖုံးမှ***

တာဝန်ယူမှုဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဝန်ထမ်းများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုက်အလျောက် မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍ တိုးမြှင့်သတ်မှတ်ပေးခြင်းဖြစ်ကြောင်း အဆိုပါ အမိန့်ကြော်ငြာစာတွင် ပါရှိသည်။

လက်ရှိလစာနှုန်းမှ တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲသွားသည့်အခါ နှစ်တိုးများကို လက်ရှိလစာနှုန်းအရ နှစ်တိုးကာလများအတိုင်း ဆက်လက်ခံစားခွင့်ပြုမည်ဖြစ်ပြီး တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲမှုကြောင့် နှစ်တိုးကျရောက်သည့် နေ့များ ပြောင်းလဲသွားခြင်းမရှိကြောင်း သိရသည်။

အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာ၊ ဌာနအဖွဲ့အစည်းများတွင် ခန့်ထားသည့် ဝန်ထမ်းများ၏ ပုံသေလစာ၊ နေ့စားလုပ်ခ၊ ကျွမ်းကျင်သူများ၏ လစဉ်ထောက်ပံ့ငွေ၊ ပညာရှင်များ၏ ချီးမြှင့်ငွေများ တိုးမြှင့်သတ်မှတ်ခြင်းတို့နှင့် ပတ်သက်၍ သုံးသပ်တွက်ချက်ကာ သီးခြားထုတ်ပြန်သွားမည်ဖြစ်ပြီး ဒေသစရိတ်ခံစားခွင့်နှင့် ပတ်သက်၍လည်း တိုးမြှင့်သည့်လစာနှုန်းထားနှင့်အညီ ခံစားခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအမိန့်ကြော်ငြာစာတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအတွက် သတ်မှတ်ထားသော လစာနှင့် စရိတ်နှုန်းထားများနှင့် ခွင့်ပြုပေးနိုင်မည့် အငြိမ်းစားလစာနှင့် ဆုကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးကောင်စီသို့တင်ပြ၍ အတည်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြားရေးဝန်ထမ်းများနှင့် အခြား အလားတူ ဝန်ထမ်းများသည် ပြည်ပတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ရှိခံစားနေသော လစာနှုန်းများအတိုင်းသာ နိုင်ငံခြားသုံးငွေဖြင့် ထုတ်ယူခံစားရန်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်ရသည့်အခါ ရာထူးအဆင့်နှင့် လျော်ညီစွာ သတ်မှတ်ထားသော လစာနှုန်းသစ်ကို ခံစားရမည်ဖြစ်ကြောင်း သိရသည်။

အစိုးရဌာနများနှင့် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအရ ခွင့်ပြုထားသော ရာထူးများ၌ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို အောက်ပါအတိုင်း တိုးမြှင့်သတ်မှတ်ထားကြောင်း သိရသည်။

**သတင်းစဉ်**


| အမှတ်စဉ် | လက်ရှိလစာနှုန်းထား | အမှတ်စဉ် | တိုးမြှင့်လစာနှုန်းထား |
|---|---|---|---|
| ၁ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၁ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ |
| ၂ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၂ | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ |
| ၃ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၃ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ |
| ၄ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၄ | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ |
| ၅ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၅ | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ |
| ၆ | ၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀ | ၆ | ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀ |
| ၇ | ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ | ၇ | ၂၅၂၀၀၀-၂၀၀၀-၂၆၂၀၀၀ |
| ၈ | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၈ | ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ |
| ၉ | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၉ | ၃၀၈၀၀၀-၄၀၀၀-၃၂၈၀၀၀ |
| ၁၀ | ၃၁၀၀၀၀-၄၀၀၀-၃၃၀၀၀၀ | ၁၀ | ၃၄၁၀၀၀-၄၀၀၀-၃၆၁၀၀၀ |
| ၁၁ | ၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀ | ၁၁ | ၃၇၄၀၀၀-၄၀၀၀-၃၉၄၀၀၀ |
| ၁၂ | ၃၈၀၀၀၀-၄၀၀၀-၄၀၀၀၀၀ | ၁၂ | ၄၁၈၀၀၀-၄၀၀၀-၄၃၈၀၀၀ |
| ၁၃ | ၅၀၀၀၀၀ | ၁၃ | ၅၅၀၀၀၀ |

# ပိုမိုပွင့်လင်းလာသည့် စာရင်းအင်းအချက်အလက် ဝန်ဆောင်မှုများနှင့် မြန်မာနိုင်ငံ

■ ဒေါက်တာဝါဝါမောင် (ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံ / ဘဏ္ဍာ)

မကြာခင်က Open Data Inventory ၂၀၁၇ ခုနှစ် နှစ်စဉ်အစီရင်ခံစာ ထွက်ပေါ်လာခဲ့ပါသည်။ Open Data Inventory (ODIN) ဆိုသည်မှာ အမျိုးသားစာရင်းအင်းရုံးများ၏ အင်တာနက်စာမျက်နှာ (Website) ပေါ်တွင် ရရှိနိုင်သည့် တရားဝင်စာရင်းအင်းများဟု အများကခေါ်ဝေါ်ကြသည့် Official Statistics ၏ လွှမ်းခြုံနိုင်မှုအတိုင်းအတာနှင့် ပွင့်လင်းမြင်သာရှိမှုတို့အပေါ် တိုင်းတာခြင်း ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် စာရင်းအင်းကိန်းဂဏန်း အချက်အလက်မှန်ကန်မှုနှင့် အရည်အသွေးပြည့်ဝမှုသည် လက်တွေ့ကျသည့် စီမံကိန်းများ၊ စီမံချက်များ ရေးဆွဲရာတွင်သော်လည်းကောင်း၊ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ဆုံးဖြတ်ရာတွင် သော်လည်းကောင်း၊ ရှားပါးသည့် သယံဇာတများအား ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲနိုင်ရန် သော်လည်းကောင်း၊ အဆိုပါ စီမံကိန်းနှင့် စီမံချက်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ခြင်း ရှိ၊ မရှိကို သော်လည်းကောင်း တိုင်းတာရာတွင် အလွန်အရေးပါ ပါသည်။

**ပုံ(၁) Open Data Inventory ၂၀၁၇ ခုနှစ် နှစ်စဉ်အစီရင်ခံစာ မျက်နှာဖုံး စာမျက်နှာပုံ**




ODIN ဖြင့် တိုင်းတာဖော်ပြရခြင်း၏ ရည်ရွယ်ချက်မှာ တရားဝင်စာရင်းအင်းများ ရရှိနိုင်မှုနှင့် တစ်ဆင့်ခံပြန်လည်တွက်ချက်အသုံးပြုနိုင်မှုသည် Open Data ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ကိုက်ညီစေရန် ဖြစ်ပါသည်။ ODIN သည် အရေအတွက်ဆိုင်ရာ နည်းလမ်းဖြင့် တိုင်းတာခြင်းပင် ဖြစ်သည်။


တရားဝင်စာရင်းအင်းများအနေဖြင့် ဖွံ့ဖြိုးမှု လိုအပ်ချက်များအား ဖော်ထုတ်ရာတွင် လည်းကောင်း၊ ပွင့်လင်းသည့် စာရင်းအင်းအချက်အလက် မူဝါဒများတိုးတက်စေရန်၊ စာရင်းအင်းအချက်အလက် တိုးတက်ရရှိအသုံးပြုနိုင်မှု၊ လိုအပ်သည့် စာရင်းအင်းများ ထုတ်ပြန်နိုင်ရေးအတွက် စာရင်းအင်း ထုတ်ပြန်သူများနှင့် စာရင်းအင်းအသုံးပြုသူများအကြား ဆက်ဆံရေး ပိုမိုကောင်းမွန်စေရေးတို့ကို တိုင်းတာဖော်ပြသည့် အတိုင်းအတာနှင့် ပွင့်လင်းထင်သာမြင်သာရှိမှုဒီဂရီတို့ဖြင့် ODIN ကို တိုင်းတာပါသည်။

၂၀၁၇ ခုနှစ် ODIN ရလဒ်များကို OECD နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၈၀ ရှိ တရားဝင် စာရင်းအင်း အချက်အလက်များ လွှမ်းခြုံနိုင်မှုအတိုင်းအတာနှင့် ပွင့်လင်းမြင်သာရှိမှုအပေါ် တိုင်းတာအကဲဖြတ်ခဲ့ပါသည်။ အဆိုပါ အကဲဖြတ်မှုကို ၂၀၁၇ ခုနှစ် ဇွန်လမှ အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့ပြီး ရလဒ်အားလုံးသည် နိုင်ငံများရှိ အမျိုးသားစာရင်းအင်းရုံးများ၏ Website များ၊ ၎င်းတို့နှင့် နီးနွှယ်နေသည့် တရားဝင် Website များထံမှ စာရင်းအချက်အလက်များ ရရှိနိုင်မှုကို အခြေခံ အကဲဖြတ်ထားခြင်း ဖြစ်ပါသည်။ လိုအပ်ပါက အကဲဖြတ်ရလဒ်များကို ပြန်လည်သုံးသပ်ခြင်းအား အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ပြန်လည်လုပ်ဆောင်ပါသည်။ ရလဒ်များအတည်မပြုမီ ရရှိနိုင်သည့် အချက်အလက်များ ကျကျန်ခဲ့ခြင်းမရှိရလေအောင် အမျိုးသားစာရင်းအင်းရုံးများမှ ကိုယ်စားလှယ်များကို ဖိတ်ကြား၍ ထပ်ဆောင်းရရှိနိုင်မည့် ရင်းမြစ်များအား အကြံပြုစေခြင်းကို ဆောင်ရွက်ထားသည်ဟု ဆိုပါသည်။

နိုင်ငံများ၏ Open Data Inventory (ODIN) ရလဒ်များသည် ၂၀၁၇ ခုနှစ် စာရင်းများအရ တိုးတက်မှုမှာ နှေးကွေးလျက်ရှိနေပါသည်။ စာရင်းအင်းအချက်အလက်တန်ဖိုးအား တိုင်းတာသတ်မှတ်ရန်နှင့် မူဝါဒချမှတ်သူတို့အား အဆိုပါကိန်းဂဏန်းတန်ဖိုးကို သိရှိနားလည်စေရန် ဖော်ပြနိုင်မှု နည်းပါးခြင်းကြောင့်ဟု ဆိုပါသည်။ စာရင်းအင်းအချက်အလက် ပွင့်လင်းလွယ်ကူစွာ ရရှိစေမှုဟု ခေါ်ဆိုကြသည့် Open Data လုပ်ငန်းစဉ်များမှာ ခက်ခဲကြန့်ကြာလျက်ရှိခြင်းသည် တိုးတက်မှုနှေးကွေးရခြင်း၏ အဓိကအကြောင်းအရင်းပင် ဖြစ်ပါသည်။ ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်အရ တိုးတက်မှုကို တိုင်းတာသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ညွှန်ကိန်းများ များပြားမှုသည် စာရင်းအချက်အလက်ရရှိမှုနှင့် ပွင့်လင်းမြင်သာရှိမှု၏ အရေးပါမှုကို မီးမောင်းထိုးလျက်ရှိသည်။

အမျိုးသား စာရင်းအင်းရုံးများ၏ Websites များတွင် တရားဝင်စာရင်းအင်း အချက် အလက်များ လွှမ်းခြုံနိုင်မှုအတိုင်းအတာနှင့် စပ်လျဉ်း၍ အဓိကကျသည့် ညွှန်ကိန်းများအား ပြုစုထုတ်ပြန်နိုင်ခြင်း ရှိ၊ မရှိ၊ အချိန်ကာလတစ်လျှောက် အချက်အလက်များကို အချိန်ကိန်းစဉ်အရ ထုတ်ပြန်နိုင်ခြင်း ရှိ၊ မရှိနှင့် ပထဝီဒေသန္တရအလိုက် အချက်အလက်များအား အသေးစိတ် ဖော်ပြနိုင်ခြင်း ရှိ၊ မရှိတို့နှင့် တိုင်းတာပါသည်။ ပွင့်လင်းမြင်သာရှိမှုအား အချက်အလက်များအား ဖတ်ရှု၍ Download ရယူနိုင်ခြင်း၊ တရားဝင်စာရင်းအင်း အချက်အလက်များအား ပုံစံတစ်ကျ ပြုစုထုတ်ပြန်ခြင်း၊ Metadata များ ရရှိနိုင်ခြင်း၊ အချက်အလက် အသုံးပြုသူများဘက်မှ ရရှိနိုင်သည့် စိတ်ကျေနပ်မှု အဆင့်များအား Scoring Criteria အဖြစ် သတ်မှတ်ပါဝင်ပါသည်။

**ပုံ (၂) နိုင်ငံများ၏ ODIN အဆင့်ကို ဖော်ပြသည့် ကမ္ဘာ့မြေပုံ**





၂၀၁၇ ခုနှစ် ODIN တွင် ကမ္ဘာတစ်ဝန်းရှိ ဝင်ငွေမြင့်မားသော နိုင်ငံအားလုံးနီးပါးနှင့် အလယ်အလတ်နှင့် ဝင်ငွေနိမ့်သောနိုင်ငံ အများစုပါဝင်ပါသည်။ နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ စောင့်ကြည့်လေ့လာရေးဆိုင်ရာ ညွှန်ကိန်းများ၊ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်မှုများကို လွှမ်းခြုံထားသည့် စာရင်းအမျိုးအစား ၂၁ ခု၏ ရရှိနိုင်မှု အခြေအနေကို တိုင်းတာပြီးနောက် ရမှတ်အနေဖြင့် အများဆုံး ရရှိသည့် ရာခိုင်နှုန်းကို ဖော်ပြပါသည်။ **စာရင်းအမျိုးအစား ၂၁ မျိုးအား အဓိကအားဖြင့် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်းဟူ၍ အပိုင်း (၃)ပိုင်း ခွဲခြား**ထားပါသည်။ လူမှုရေး စာရင်းအင်းအပိုင်းတွင် လူဦးရေ၊ ကျန်းမာရေး၊ ပညာရေး၊ ကျား၊ မ ၊ ရာဇဝတ်မှုဆိုင်ရာနှင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ တိုင်းတာသည့် စာရင်းအင်းအချက်အလက်များ အကျုံးဝင်ပြီး စီးပွားရေး စာရင်းအင်း အပိုင်းတွင် အမျိုးသားစာရင်းအင်းများ၊ လုပ်အားနှင့် ဈေးနှုန်းဆိုင်ရာ ညွှန်ကိန်းများ၊ အစိုးရဘဏ္ဍာရေးဆိုင်ရာ စာရင်းအင်းများ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ စာရင်းအင်းများ၊ ကုန်သွယ်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ငွေပေးငွေယူရှင်းတမ်းတို့ ပါဝင်ပါသည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်းများအဖြစ် မြေယာအသုံးချမှု၊ သဘာဝပတ်ဝန်းကျင် အသုံးပြုမှု၊ စွမ်းအင်အသုံးပြုမှု၊ သဘာဝ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်အား ပြန်လည်ထူထောင်မှုပိုင်းဆိုင်ရာ တို့ ပါဝင်ပါသည်။ အဆိုပါ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်းတရားဝင် စာရင်းအင်း အချက်အလက်များ လွှမ်းခြုံနိုင်မှု အတိုင်းအတာနှင့် ပွင့်လင်းမြင်သာရှိမှုအား တိုင်းတာခြင်းဖြစ်ပြီး နိုင်ငံတစ်ခုအနေဖြင့် အချိန်တစ်ချိန်မှ တစ်ချိန်သို့ ပြောင်းလဲတိုးတက်ခြင်း ရှိ၊ မရှိနှင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်နိုင်မှုများ ဆောင်ရွက်နိုင်ပါသည်။


အထက်ဖော်ပြပါပုံတွင် ဝင်ငွေအဆင့် အနည်းအများအုပ်စုအလိုက် နိုင်ငံများ၏ **ODIN Score များအား ဖော်ပြထားပါသည်။ ဝင်ငွေအဆင့်နိမ့်သော နိုင်ငံများ၏ ODIN Score သည် ၂၇၊ အလယ်အလတ် ဝင်ငွေနိမ့်သော နိုင်ငံများအနေဖြင့် ODIN Score သည် ၃၄၊ အလယ်အလတ်ဝင်ငွေ မြင့်သောနိုင်ငံများ၏ ODIN Score သည် ၃၉၊ ဝင်ငွေမြင့်မားသော နိုင်ငံများ၏ ODIN Score သည် ၅၅ ဖြစ်သည်ကို တွေ့ရှိရပါသည်။** ၂၀၁၇ ခုနှစ်အတွက် နိုင်ငံများ၏ အလယ်အလတ်ရမှတ်မှာ ၃၇.၄ ဖြစ်ပြီး အများဆုံးရရှိသည့်နိုင်ငံမှာ ဒိန်းမတ်နိုင်ငံ (၈၀ မှတ်)နှင့် အနည်းဆုံးရရှိသည့်နိုင်ငံမှာ ချတ်သမ္မတနိုင်ငံဖြစ်ကာ (၃ မှတ်) ဖြစ်ပါသည်။ Lower **Middle Countries များ၏ ပျမ်းမျှရမှတ်မှာ ၃၄ ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ပျမ်းမျှရမှတ်ကို ကျော်လွန်ကာ ၂၀၁၇ ခုနှစ် ODIN Score အဖြစ် ၃၉.၂ ရရှိကာ နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၈၁ နေရာသို့ ရောက်ရှိလာခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် ODIN Score သည် ၃၁ သာဖြစ်ခဲ့ပြီး နိုင်ငံအဆင့် ၁၁၅ သာရရှိခဲ့သဖြင့် တစ်နှစ်အတွင်း သိသိသာသာ တိုးတက်မှုများ ဖြစ်ပေါ်လာခဲ့ပြီး အဆင့် ၃၀ ကျော်ခုန်တက်ခဲ့ပါသည်။**

*(ဆက်လက်ဖော်ပြပါမည်)*

**ပုံ (၃) ကမ္ဘာ့ဒေသများအလိုက် ODIN Score**




**ပုံ (၄) ဝင်ငွေအဆင့် အနည်းအများအုပ်စုအလိုက် နိုင်ငံများ၏ ODIN Score**




**"စာရင်းအင်း အချက်အလက် ပွင့်လင်းလွယ်ကူစွာ ရရှိစေမှုဟု ခေါ်ဆိုကြသည့် Open Data လုပ်ငန်းစဉ်များမှာ ခက်ခဲကြန့်ကြာလျက် ရှိခြင်းသည် တိုးတက်မှုနှေးကွေးရခြင်း၏ အဓိကအကြောင်းအရင်းပင်ဖြစ်**

**၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖွံ့ဖြိုးမှု အစီအစဉ်အရ တိုးတက်မှုကို တိုင်းတာသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ညွှန်ကိန်းများ များပြားမှုသည် စာရင်းအချက်အလက် ရရှိမှုနှင့် ပွင့်လင်းမြင်သာရှိမှု၏ အရေးပါမှုကို မီးမောင်းထိုးလျက်ရှိ"**

*ကျောဖုံးမှ*

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ ဘုရားဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များက ရတနာနဝရတ်စိန်ဖူးတော်၊ ရတနာငုက်မြတ်နားတော်နှင့် ရွှေစင်ရွှေသား ရွှေထီးတော်တို့ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်ပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မန္တလေးသိန်းဇော်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ကထိက ဒေါ်ခိုင်ဇင်ရွှေတို့က ဓမ္မတေးများဖြင့် ပူဇော်ကြသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရတနာနဝရတ်စိန်ဖူးတော်၊ ရတနာငုက်မြတ်နားတော်နှင့် ရေစင်ရွှေသား ရွှေထီးတော်ဘုံအဆင့်များ ဆည်းလည်းတော်များ၊ ဆပ်သွားဖူးတော်၊ ဗွန်းဘုံတော်တို့ကို မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ကြစဉ်။ သတင်းစဉ်

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဘုရားဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များက ရတနာ နဝရတ် စိန်ဖူးတော်၊ ရတနာငုက်မြတ်နားတော်နှင့် ရွှေစင်ရွှေသား ရွှေထီးတော်ဘုံအဆင့်များ၊ ဆည်းလည်းတော်များ၊ ဆပ်သွားဖူးတော်၊ ဗွန်းဘုံတော်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကာ သတ်မှတ်နေရာသို့ ပို့ဆောင်ပေးကြပြီး မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

**တက်ရောက်ဖူးမြော်ကြည်ညို**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍိဗလနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဘုရားဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မွန်ပြည်နယ် အခြေခံစာတတ်မြောက်ရေး ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှု

**ရန်ကုန် ဧပြီ ၂၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် ဧပြီ ၂၈ ရက် ညနေပိုင်းက သထုံမြို့ အမှတ် ၄ အခြေခံပညာအထက်တန်းကျောင်းနှင့် မော်လမြိုင်မြို့အမှတ် ၆ အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် Grade 2 သင်ရိုးသစ်နည်းပြသင်တန်းမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများနှင့်လည်းကောင်း၊ မော်လမြိုင်ပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံကအခြေခံပညာ မူလတန်းကျောင်း စာသင်ဝိုင်း၊ မိုးနိုင်းအခြေခံပညာမူလတန်းကျောင်း စာသင်ဝိုင်း၊ ဥတ္တံတား (အတွင်း) အခြေခံပညာမူလတန်းကျောင်း စာသင်ဝိုင်း၊ အင်းဝိုင်းအခြေခံပညာမူလတန်းကျောင်း စာသင်ဝိုင်း၊ ပန်းကုန်း(မွန်) အခြေခံပညာအလယ်တန်းကျောင်း စာသင်ဝိုင်း၊ သထုံမြို့နယ် ငုတ္တိုအခြေခံပညာ မူလတန်းကျောင်း စာသင်ဝိုင်းနှင့် ကရင်လေးဆိပ်အခြေခံပညာမူလတန်းကျောင်း စာသင်ဝိုင်းများသို့သွားရောက်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုကြပြီး ဗလာစာအုပ်များနှင့် စာရေးကိရိယာများအား ပေးအပ်သည်။

မွန်ပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဧပြီ ၉ ရက်မှ မေ ၁၈ ရက်အထိ သင်ကြားပေးလျက်ရှိရာ မွန်ပြည်နယ် ပေါင်မြို့နယ်တွင် စာသင်ဝိုင်း ၁၃၄ ဝိုင်းမှ စာသင်သားဦးရေ ၁၃၃၇ ဦးအား မော်လမြိုင်တက္ကသိုလ်မှ ကြီးကြပ်၊ နည်းပြ ၂၁၈ ဦး ဖြင့်လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်တွင် စာသင်ဝိုင်း ၂၅ ဝိုင်းမှ စာသင်သား ၂၆၆ ဦးအား မော်လမြိုင်တက္ကသိုလ်မှ ကြီးကြပ်၊ နည်းပြ ၄၇ ဦးဖြင့်လည်းကောင်း သင်ကြားပေးလျက်ရှိသည်။



၂၀၁၈ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စာသင်ဝိုင်း ၅၂၃ ဝိုင်းဖြင့် စာသင်သားဦးရေ ၅၂၆၂ ဦးအား ကြီးကြပ်၊ နည်းပြ စုစုပေါင်း ၁၀၂၂ ဦးဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် လုပ်ငန်းဆိုင်ရာညွှန်ကြား

**ပဲခူး ဧပြီ ၂၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်နှင့် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေတို့သည် ပဲခူးတိုင်းဒေသကြီးတရားရေးဝန်ထမ်းများအား ဧပြီ ၂၈ ရက်က ပဲခူးတိုင်းဒေသကြီးခန်းမ၌ တွေ့ဆုံပွဲပြုလုပ်သည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက နိုင်ငံတော်သမ္မတ၏ အခြေပြုမိန့်ခွန်းတွင်ပါရှိသော တရားစီရင်ရေးမဏ္ဍိုင်နှင့်စပ်လျဉ်း၍ ပြုပြင်ရမည့်ကိစ္စရပ်များ၊ တရားရုံးအဆင့်ဆင့်၏ တာဝန်ယူရမည့်ကိစ္စရပ်များ၊ တရားစီရင်ရေးနှင့်တရားရုံးလုပ်ငန်းများ၊ နိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးမှုမရှိစေရေး၊ သက်သေခံပစ္စည်းများ စီမံခန့်ခွဲရေး၊ မှုခင်းဆောင်ရွက်ရာတွင် မကြန့်ကြာစေရေးနှင့် သက်ဆိုင်ရာ တရားသူကြီးများက တစ်ဦးချင်းအလိုက် စီစဉ်ဆောင်ရွက်သွားကြရန်တို့ကို ညွှန်ကြားခဲ့သည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများကို အဆင့်ဆင့်ဆက်စပ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ကြရန် ၂၀၁၈၊ ၂၀၂၂ တရားစီရင်ရေး မဟာဗျူဟာအောင်မြင်ရေးကို ဝိုင်းဝန်းဆောင်ရွက်သွားရန် ထည့်သွင်းမှာကြားခဲ့သည်။ (၁၄၂)

# ဆင်သေလက်ဝဲတူးမြောင်း ရေသောက်စနစ် အဆင့်မြှင့်တင်မှု နေပြည်တော်ကောင်စီဝင် လာရောက်ကြည့်ရှုစစ်ဆေး

**တပ်ကုန်း ဧပြီ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ADSP စီမံကိန်း ဆင်သေလက်ဝဲတူးမြောင်း ရေသောက်စနစ်အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းခွင်သို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (ဧပြီလမှ စက်တင်ဘာလ) အထိ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညွှန်ကြားခဲ့ကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**



# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြိတ်မြို့ရှိ ဝန်ထမ်းများ၊ စက်မှုဇုန်ရှိအလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံ

မြိတ် ဧပြီ ၂၉

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ရောက်ရှိပြီး မြိတ်မြို့ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးရုံးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အလုပ်သမားရေးရာဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံကာ ဝန်ကြီးဌာနလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။**




ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း ပြည်ပ အလုပ်သမားများကို MoU စနစ်ဖြင့် တရားဝင် လုပ်ကိုင်နိုင်အောင် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ နိုင်ငံတော်မူဝါဒ၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့်အညီ အလုပ်အကိုင်ရရှိရေး၊ ကျွမ်းကျင်အလုပ်သမားများ မွေးထုတ်ပေးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းရွှေ့နေထိုင်သော အလုပ်သမားများ ဘေးကင်းလုံခြုံပြီး ဘဝအာမခံချက်ရှိသော အလုပ်အကိုင်များ ရရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်သမားများ လူမှုစီးပွားဘဝ ပိုမိုလုံခြုံစေရေးအတွက် လိုအပ်သောဥပဒေများ ပြင်ဆင်ခြင်း၊ ဖြေလျှော့ခြင်းများ ပြုလုပ်လျက်ရှိပြီး ဒေသတွင်းရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများသာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ထမ်းများအနေဖြင့် နယ်စပ်ဝင်ထွက်မှုများကို ကြီးကြပ်စစ်ဆေးရသည့်တာဝန် ထမ်းဆောင်ရသည်ဖြစ်၍ လုံခြုံရေးအထူးအလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်နှင့် ခေတ်နှင့်အညီ လိုက်ပါပြောင်းလဲ ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့ စက်မှုဇုန်ရှိ ထူးထူးတိုးအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် ဥစားကြက်မွေးမြူရေးလုပ်ငန်း၊ အဆောင်ကောင်းကုမ္ပဏီအအေးခန်းနှင့် ငါးအမှုန့်ကြိတ်လုပ်ငန်း၊ Vantage Co.,Ltd. အအေးခန်းနှင့် ငါးအမှုန့်ကြိတ်လုပ်ငန်း၊ ထူးထူးတိုးအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် ရေလုပ်ငန်းနှင့် ငါးအမှုန့်ကြိတ်လုပ်ငန်းများသို့ သွားရောက်ကြည့်ရှုပြီး အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင် ပျော်ရွှင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်နှင့် မိမိတာဝန်ထမ်းဆောင်သည့် လုပ်ငန်းတွင် ကျွမ်းကျင်လုပ်သားများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး ( မြိတ် ပြန်/ဆက် )**

# ၂၀၁၈ ခုနှစ် ဒသမတန်း လူရည်ချွန်ကျောင်းသားကျောင်းသူများ ရန်ကုန်မြို့မှ ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိ

ရန်ကုန် ဧပြီ ၂၉

**၂၀၁၈ ခုနှစ် ဒသမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ ယနေ့နံနက် ၅ နာရီတွင် ရန်ကုန်မြို့မှ ငွေဆောင်လူရည်ချွန် အပန်းဖြေစခန်းသို့ ထွက်ခွာကြသည်။**



ရှေးဦးစွာ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ရွှေတိဂုံစေတီတော် မြတ်ကြီးအား သွားရောက်ဖူးမြော် ကန်တော့ကြပြီး အလှူငွေများပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ရောက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုသိမ်မြို့ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။ **(ဓာတ်ပုံ)**

ဆက်လက်၍ ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ကြိုဆိုပွဲအခမ်းအနားကို ကျင်းပရာ ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်း စခန်းမှူး ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ) ဒေါ်မြင့်မြင့်သန်းက ငွေဆောင်လူရည်ချွန် အပန်းဖြေစခန်းတွင် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုသိမ်မြို့မှ ဆက်လက်ထွက်ခွာကြပြီး မွန်းလွဲ ၃ နာရီတွင် ငွေဆောင်ကမ်းခြေသို့ ရောက်ရှိကြရာ ငွေဆောင်ဒေသရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

၂၀၁၈ ခုနှစ် လူရည်ချွန်လူငယ်များအဖြစ် ရွေးချယ်ခံရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ဒသမတန်း ကျောင်းသား ကျောင်းသူ စုစုပေါင်းမှာ ၁၇၆ ဦးရှိပြီး ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်းတွင် မေ ၅ ရက်အထိ ငွေဆောင်ဒေသရှိ လူမှုဘဝများ၊ ရိုးရာလက်မှုပညာလုပ်ငန်းများနှင့် အထင်ကရနေရာများကို လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း(သတင်းစဉ်)**

# လူရည်ချွန်ကျောင်းသား ကျောင်းသူများ အင်းလေးအပန်းဖြေစခန်းသို့ ရောက်ရှိ

**ညောင်ရွှေ ဧပြီ ၂၉**

၂၀၁၈ ခုနှစ် နဝမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းက မန္တလေးစုရပ်မှ ထွက်ခွာကြပြီး ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်ရှိ အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်းသို့ ညနေ ၄ နာရီတွင် ရောက်ရှိကြသည်။

အင်းလေးခေါင်တိုင်အပန်းဖြေစခန်း စခန်းမှူး ဦးသန်းအေး ဦးဆောင်သော နဝမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူ ၁၇၆ ဦးနှင့် ကြီးကြပ်သူ ဆရာ ဆရာမ ၁၈ ဦး စုစုပေါင်း ၁၉၅ ဦးပါဝင်သည့် အဖွဲ့အား ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ရှမ်းအိုးစည်အဖွဲ့နှင့် ဒေသခံတိုင်းရင်းသားလူမျိုးပေါင်းစုံတို့က ပန်းစည်းပန်းကုံးများဖြင့် ကြိုဆိုခြင်း၊ ရှမ်းရိုးရာအက၊ အင်းရိုးရာအကများဖြင့် ကပြဖျော်ဖြေကာ တည်းခိုရာနေရာအရောက် လမ်းဘေးဝဲယာတွင် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ထို့ပြင် အင်းလေးခေါင်တိုင်အပန်းဖြေစခန်းသို့ လာရောက်ကြသည့် နဝမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများ မန္တလေးမှ အင်းလေးခေါင်တိုင်အရောက် လမ်းတစ်လျှောက် ဖြတ်သန်းလာသည့် ကလောမြို့နှင့် တောင်လေးလုံးတို့တွင်လည်း သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများက ပန်းစည်းများကမ်းခြင်း၊ ပန်းကုံးများစွပ်ခြင်းတို့ဖြင့် ကြိုဆိုခဲ့ကြသည်။

**နိုင်လင်းကြည်**



**လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ကလောမြို့ ဒေသခံများက ကြိုဆိုကြစဉ်။**

● *ကျောဖုံးမှ*

ကျော်ထက်အား ဆလန်ဒန် တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ပထမအချီ ၂ မိနစ် ၇ စက္ကန့်မှာပင် ကျော်ထက် ဘယ်တံတောင်ရိုက်ချက်ဖြင့် ဆလန်ဒန် ကြမ်းပြင်သို့ လဲကျကာ ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်း မရှိတော့သဖြင့် ကျော်ထက် ဆီမီးဖိုင်နယ်ပွဲသို့ တက်ရောက်ခွင့်ရသွားသည်။

၆၂ - ၆၆ ကီလိုတန်း ပြိုင်ပွဲတွင် ရဲတံခွန် (အဖြူရောင်သွေးသစ်)နှင့် မူလာ(ဘရာဇီး)တို့ပွဲတွင် ပထမအချီမှာပင် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်စစ်ဖွင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ဒုတိယအချီ ၅၂ စက္ကန့်တွင် တိုက်စစ်ဖွင့်ဝင်လာသော မူလာ မျက်နှာပေါ်သို့ ရဲတံခွန် ညာဖြောင့်လက်သီးထိမိခဲ့၍ မူလာကြမ်းပြင်သို့ လဲကျကာ ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်း မရှိတော့ဘဲ အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ ၅၇- ၆၁ ကီလိုတန်းပြိုင်ပွဲတွင် ယျှူးခလိန်းမင်း (မြိုင်ကလေးဘီလပ်မြေစက်ရုံ)နှင့် နောင်အို(လာအို)တို့ပွဲတွင် ပွဲစသည်နှင့် သမ္မာရင့်လက်ဝှေ့သမားတစ်ဦးဖြစ်သော နောင်အိုက အတင်းဝင်၊ အတင်းထွက် တိုက်စစ်ဖွင့်ကစားခဲ့သဖြင့် ပြိုင်ပွဲမှာ ပြင်းထန်လာခဲ့သည်။

ပထမအချီနှင့် ဒုတိယအချီတို့တွင် နောင်အို အသာစီးရခဲ့သော်လည်း တတိယအချီ ၁ မိနစ် ၅၈ စက္ကန့်တွင် ယျှူးခလိန်းမင်း ညာဝိုက်လက်သီးမိ၍ အထိနာကာ ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်း မရှိတော့သဖြင့် နောင်အို အရှုံးပေးလိုက်ရသည်။ ယင်းဝိတ်တန်းမှာပင် ပြည်တွင်းပွဲစဉ် ဖြစ်သော စောဖိုးထွန်း(သတ္တိ)နှင့် ဆလိုင်းချမ်းမြေ့ကို (ရွှေဘားလား/ဘားအံ)တို့ပွဲတွင် ငါးချီပြည့် သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်ရင်း ရိုးရာလက်ဝှေ့ချစ် ပရိသတ်များအား အကြိုက်တွေ့စေခဲ့သော်လည်း အလဲထိုး အရှုံး၊ အနိုင်မပေါ်ခဲ့၍ အမှတ်ဖြင့် ဆုံးဖြတ်ရာ စောဖိုးထွန်း အနိုင်ရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

“ဒီနေ့စတင်ကျင်းပတဲ့ Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲက ပြည်တွင်းပွဲစဉ်တွေကပဲ ကြည့်လို့ကောင်းခဲ့တယ်လို့ ပြောရမှာပါ၊ ကျနော်တို့ ပြည်ပပွဲစဉ်တွေကတော့ တော်တော်လေးကို သရုပ်ပျက်စေခဲ့ပါတယ်၊ ရိုးရာလက်ဝှေ့ကို တစ်ကြိမ်တစ်ခါမှ ယှဉ်ပြိုင်ထိုးသတ်ဖူးတဲ့ အတွေ့အကြုံမရှိတာ သိသာတယ်၊ ဒါကြောင့် ပွဲစဉ်တွေက တစ်ဖက်နဲ့တစ်ဖက် အပြင်းအထန်မရှိဘဲ အလဲထိုးနဲ့ပဲ ရှုံးသွားကြတာ၊ ဆီမီးဖိုင်နယ်နဲ့ ဗိုလ်လုပွဲတွေကျရင်တော့ အပြင်းအထန်ဖြစ်လာမယ်လို့ ထင်ပါတယ်”ဟု ရိုးရာလက်ဝှေ့ချစ် ပြည်သူတစ်ဦးဖြစ်သည့် ဦးမောင်သာနုက သုံးသပ်ပြောကြားသည်။

တခြား မျိုးဆက်သစ်သုံးချီပွဲစဉ်များဖြစ်သော ကောင်းထက်(မြိုင်ကလေးဘီလပ်မြေစက်ရုံ)နှင့် တောက်ရှား (AMT-2) ဒုတိယပွဲစဉ်ဖြစ်သော နေသွေးအောင် (AMT-2)နှင့် ခေတ်သစ်စိန်(ဇာတိမာန်)တို့ ပွဲစဉ်များတွင် မျိုးဆက်သစ်လူငယ်များပီပီ သုံးချီပြည့်သည်အထိ တစ်ဦးနှင့်တစ်ဦး အပြင်းအထန် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အလဲထိုးအရှုံး၊ အနိုင်မပေါ်ဘဲ သရေပွဲများအဖြစ်သာ ပြီးဆုံးခဲ့သည်။ Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲ ဒုတိယနေ့ ကွာတားဖိုင်နယ်ပွဲစဉ်များကို လာမည့် မေ ၁၃ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်**

# အမှိုက်ပုံမီးလောင်မှုကြောင့် မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါဖြစ်ပွားမှုများ သက်သာကောင်းမွန်လာ လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုဖြစ်စဉ်နှင့် ပတ်သက်၍ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အမှိုက်ပုံမီး စတင်လောင်ကျွမ်းသည်မှ မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါများဖြင့် လှိုင်သာယာပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် မေ ၂၈ ရက်အထိ တက်ရောက်၍ ဆေးဝါးကုသမှုခံယူသူ ၂၇ ဦးနှင့် မေ ၂၉ ရက်တွင် ခြောက်ဦး စုစုပေါင်း ၃၃ ဦးနှင့် မေ ၂၈ ရက်အထိ ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူသူ ၂၇ ဦးနှင့် မေ ၂၉ ရက်တွင် နှစ်ဦး စုစုပေါင်း ၂၉ ဦး ရှိသည်။ လှိုင်သာယာ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူသောလူနာများ၏ သွေးတွင်းရှိ Carboxyhemoglobin ပမာဏကို စစ်ဆေးလျက်ရှိရာ မေ ၂၅ ရက် နောက်ပိုင်း ကုသမှုခံယူခဲ့သော လူနာများတွင် ပုံမှန်ပမာဏအတွင်းသာ ရှိကြောင်း တွေ့ရသည်။ ဆေးရုံတက်ရောက်ကုသမှုခံယူသူများမှ ရောဂါ သက်သာကောင်းမွန်သဖြင့် မေ ၂၈ ရက်အထိ စုစုပေါင်း လူနာ ၁၂ ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ရန်ကုန်ပြည်သူ့ ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုပေးခဲ့သည့် လူနာတစ်ဦးနှင့် ကျန်ရှိသော အတွင်းလူနာ ၂၀ တို့၏ ကျန်းမာရေးအခြေအနေမှာလည်း သက်သာကောင်းမွန်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးချုပ်နှင့် လှိုင်သာယာပြည်သူ့ ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ကွင်းဆင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။ ယင်းနောက် မီးလောင်ပြင်နှင့် မီးလောင်ပြင်အနီးတွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိသော ဌာနအသီးသီးမှ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ရည်ရွယ်လျက် အလှူရှင်များမှ လာရောက်လှူဒါန်းသော အသက်ရှူကိရိယာ ၅၀ ကို ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များကိုယ်စား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ခဲ့သည်။




ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့် အဖွဲ့သည် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကွင်းပြင်အနီးရှိ ယာယီဆေးခန်းနှင့် စည်ပင်သာယာကွပ်ကဲမှုရုံးရှိ ယာယီဆေးခန်းတို့သို့ သွားရောက်၍ ကြီးကြပ်ပံ့ပိုးမှုများ ဆောင်ရွက်ခဲ့သည်။

လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲသည် လေထုအရည်အသွေးတိုင်းတာ စစ်ဆေးခြင်းလုပ်ငန်းများကို မေ ၂၈ ရက်တွင် ရေအုတ်ကန်ကျေးရွာနှင့် မေ ၂၉ ရက်တွင် လှိုင်သာယာမြို့နယ် (၂၀)ရပ်ကွက်တို့၌ ဆက်လက်တိုင်းတာ ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါများ ဖြစ်ပွားမှုများကို အနီးကပ်စောင့်ကြပ်ကြည့်ရှု၍ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့၊ နီးနွယ်ဌာနဆိုင်ရာများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုအပ်သောအရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်မှု တပ်မတော်သားများ ပါဝင်ကူညီ



**နေပြည်တော် မေ ၂၉**

လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်မှုအခြေအနေအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သတ်ပုံက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှု ဖြစ်ပွားရာနေရာ၌ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မီးငြိမ်းသတ်ရာတွင် ကူညီပေးလျက်ရှိပြီး ရေအလုံအလောက်ရရှိစေရေးအတွက် ရေစုပ်စက်များဖြင့် ရေတင်ခြင်း၊ တပ်မတော်ရေသယ်ယာဉ်များဖြင့် ရေသယ်ပေးခြင်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ပုဗ္ဗသီရိ၌ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေး

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်တွင် မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ် (အထူး)ဟောပြောခြင်းအား ယနေ့ နံနက် ၁၀ နာရီခွဲက ညောင်ပင်ကြီးစုကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အသိပညာပေး ဟောပြောရာတွင် ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်က မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ပတ်သက်၍ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲသူသည် ၎င်း၏မျိုးဆက်များပါရိုက်ခတ်ဒဏ်နှင့် ပြစ်ဒဏ်များကို လည်းကောင်း၊ ဒေသနယ်မြေအတွင်းသို့ တစ်ခြားနယ်များမှလာ၍ အလုပ်အကိုင်ရရှိရေး မြူဆွယ်သူများ၏ စကားရပ်များကို ယုံစားမလွယ်ရေး၊ ထိုသို့မြူဆွယ်သည့် စကားများကို ယုံစားမိသူများအနေဖြင့် လူကုန်ကူးခံရသည့် ဖြစ်စဉ်များအား ရှင်လင်းအသိပညာပေးရာ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစံမြင့်နှင့် ဒေသခံ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**

# မီးခိုးငွေ့နှင့် ကာဗွန်မိုနောက်ဆိုဒ်(CO)ဓာတ်ငွေ့အန္တရာယ် ကျန်းမာရေးသတိပေး နှိုးဆော်ချက်

**မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သော သာမန်ကျန်းမာရေးပြဿနာများ**

၁။ ချောင်းဆိုးခြင်း၊
၂။ လည်ချောင်းယားယံခြင်း၊
၃။ မျက်စိစပ်ခြင်းနှင့် မျက်ရည်ယိုခြင်း၊
၄။ နှာစေးခြင်း၊
၅။ ခေါင်းကိုက်ခြင်း။

**မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သော ပြင်းထန်ကျန်းမာရေး ပြဿနာများ**

၁။ အသက်ရှူမြန်ခြင်း၊
၂။ ရင်ဘတ်အောင့်ခြင်း၊
၃။ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် ရင်ကျပ်ပန်းနာရောဂါ ပိုမိုဆိုးရွားစေခြင်း၊
၄။ အသက်ရှူကျပ်ခြင်း၊
၅။ ချောင်းဆိုးခြင်း၊
၆။ ပန်းနာရင်ကျပ်ထလျှင် မြည်သော ရှီရှီသံများထွက်ခြင်း။

**ကာဗွန်မိုနောက်ဆိုဒ်(CO) ဓာတ်ငွေ့ကြောင့်ဖြစ်နိုင်သော ကျန်းမာရေးပြဿနာများ**

၁။ ခေါင်းကိုက်ခြင်း၊
၂။ ဇက်ကြောတက်ခြင်း၊
၃။ အားနည်းခြင်း၊
၄။ အန်ခြင်း၊
၅။ ရင်ဘတ်အောင့်ခြင်း၊
၆။ စိတ်ရှုပ်ထွေးခြင်း။

**(ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့အမြောက်အမြား ရှူမိပါက အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်ပါသည်)**

**ထိခိုက်ခံစားလွယ်သောအုပ်စုများ**

၁။ နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါ အခံရှိသူများ၊
၂။ သက်ကြီးရွယ်အိုများ၊
၃။ ကလေးသူငယ်များ၊
၄။ ကိုယ်ဝန်ဆောင်မိခင်များ။

**(ထိခိုက်ခံစားလွယ်သောအုပ်စုများတွင် ပြင်းထန်သောရောဂါလက္ခဏာများ ဖြစ်ပေါ်နိုင်ပါသည်။ မီးခိုးငွေ့ပမာဏ ထူထပ်လွန်းပါက ကျန်းမာသောလူများတွင်ပင် ပြင်းထန်သောရောဂါ လက္ခဏာများ ခံစားရနိုင်ပါသည်။)**

**မီးခိုးငွေ့နှင့် ကာဗွန်မိုနောက်ဆိုဒ် (CO) ဓာတ်ငွေ့အန္တရာယ်အတွက် ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ**

၁။ အိမ်တွင်းလေထုညစ်ညမ်းမှုဖြစ်စေနိုင်သော ဖယောင်းတိုင်မီးထွန်းခြင်း၊ ခြင်ဆေးခွေထွန်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ထင်းမီးသွေးမီးဖို ဖိုခြင်းများ မပြုလုပ်ပါနှင့်။
၂။ မီးခိုးငွေ့ရှိသောပတ်ဝန်းကျင်သို့ ရိုးရိုးနှာခေါင်းစည်းအပြင် ပိုမိုကောင်းမွန်သည့် N95 နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်၍သွားလျှင်ပင် အပြည့်အဝကာကွယ်မှု မရရှိ နိုင်ပါ။
၃။ ကျန်းမာရေးဆိုင်ရာနှိုးဆော်ချက်များနှင့် ကျန်းမာရေးသတင်းများအား ဂရုပြုရယူလိုက်နာဆောင်ရွက်ပါ။
၄။ လည်ချောင်းစပ်ခြင်းနှင့်ချောင်းဆိုးခြင်းများ ဖြစ်ပေါ် ပါက ရေများများသောက်ပါ။
၅။ ထိခိုက်ခံစားလွယ်သော အုပ်စုများဖြစ်သည့် နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါအခံရှိသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များတွင် အထက်ဖော်ပြပါ လက္ခဏာများဖြစ်ပွားပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ ပြသကုသမှုခံယူပါ။
၆။ မီးခိုးလျော့ပါးသည့် နေရာများတွင် ပြင်ပမှမီးခိုးများ မဝင်ရောက်စေရန် ပြတင်းပေါက်များ၊ တံခါးများပိတ်ထားပြီး မိမိအိမ်အတွင်း၌သာနေရန်နှင့် အပြင်သို့သွားလာခြင်း တတ်နိုင်သလောက် လျှော့ချပါ။
၇။ မိမိအိမ်၊ ပတ်ဝန်းကျင်တွင် မီးခိုးအလွန်ထူထပ်လာပါက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်သွယ်၍ မီးခိုးလွတ်ကင်းရာ နေရာဒေသများသို့ ခေတ္တရွှေ့ပြောင်းခိုလှုံ နေထိုင်ပါ။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မောင်တောဒေသအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၂၉**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD)၏ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ပြည်နယ်ဝန်ကြီးများသည် မေ ၂၈ ရက်က မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာ၌ မြို့တိုင်းရင်းသားများအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ဆောက်လုပ်လှူဒါန်းသည့် နေအိမ်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ကိုင်းကြီးကျေးရွာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် အိမ်ရာ ၅၆ လုံးအနက် အလုံး ၄၀ ပြီးစီးနေပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် အိမ်ရာ ၆၄ လုံးအနက် ၁၈ လုံး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောပြင်ကျေးရွာ၌ ဆောက်လုပ်ပြီးစီးသည့် အိမ်ရာများပေါ်တွင် အစ္စလာမ်ဘာသာဝင်များ နေထိုင်နေမှုအား ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် မိသားစုများခေတ္တနေထိုင်မည့် လှဖိုးခေါင်ကြားစခန်း၌ အဆောက်အအုံများ အပြီးသတ်တည်ဆောက်နေမှုနှင့် အိုးထိန်းကျေးရွာ၌ နေအိမ်များ တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုသည်။



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့ ငါးခူရ ပြန်လည်လက်ခံရေးစခန်း၌ ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မေ ၂၉ ရက်နံနက်ပိုင်းတွင် တောင်ပြိုလက်ဝဲနှင့် ငါးခူရ ပြန်လည်လက်ခံရေးစခန်းတို့၌ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ အဆင်သင့် ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်း- မျိုးမြင့်၊ ဓာတ်ပုံ-ဟန်လင်းနိုင်**

# အမှိုက်ပုံမီးခိုးငွေ့ရှူရှိုက်မှုကြောင့်ဆေးရုံတက်ရောက်ကုသနေရသူ ၂၀ သာကျန်ရှိပြီး ခံစားနေရသောဝေဒနာများ လျော့နည်းသွားပြီဖြစ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း လှိုင်သာယာပြည်သူ့ဆေးရုံ၌ တာဝန်ရှိသူများအား မှာကြားစဉ်။

**ရန်ကုန် မေ ၂၉**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံတွင် မေ ၂၁ ရက်မှစ၍ ယနေ့ထိ အမှိုက်ပုံ မီးလောင်မှုကြောင့် မီးခိုးငွေ့များ ပျံ့လွင့်လျက်ရှိရာ Bio Foam (အမြှုပ်ဆေးရည်)ဖြင့် ပက်ဖျန်းမှုကြောင့် ယခင်ထက် မီးခိုးထွက်မှုလျော့နည်းသွားပြီး ကာဗွန်မိုနောက်ဆိုဒ် အငွေ့ရှူရှိုက်မိ၍ ဆေးရုံတက်ရောက်ကုသနေသော လူနာ ၂၀ သာ ကျန်ရှိကာ မီးခိုးငွေ့ကြောင့် ခံစားရသော ဝေဒနာများ လျော့နည်းသွားပြီဖြစ်ကြောင်း သိရသည်။

"ထူးခြားတာက ဆေးရုံတက်ရောက်ကုသနေတဲ့လူနာတွေနဲ့ လာပြတဲ့လူနာတွေရဲ့ သွေးထဲမှာ ကာဗွန်မိုနော့ဆိုဒ်အဆိပ်ငွေ့ လျော့နည်းသွားတာကို တွေ့ရပါတယ်"ဟု မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးက ပြောသည်။

မေ ၂၂ ရက်မှစ၍ မြို့နယ်ပြည်သူ့ဆေးရုံသို့ အမှိုက်ပုံနှင့် အနီးတွင်ရှိသော အမှတ် ၂၀ ရပ်ကွက်၊ ကံလှရွာတို့မှ အသက်ရှူကျပ်သောလူနာများ အများဆုံးသွားရောက်ကုသခဲ့ပြီး ယနေ့ မေ ၂၉ ရက် နံနက်ပိုင်းအထိ အမျိုးသားလူနာ ၁၅ ဦး၊ အမျိုးသမီးလူနာ ငါးဦးသာ ကျန်ရှိ၍ ကာဗွန်မိုနောက်ဆိုဒ်အငွေ့များ လျော့နည်းသွားပြီဖြစ်ကာ ပြင်ပလူနာ ၂၉ ဦး တက်ရောက်ကုသခဲ့သည်။

"မေ ၂၃ ရက်ကနေ ဒီနေ့ နံနက် ၈ နာရီအထိ အတွင်းလူနာ ၃၃ ဦးမှာ တစ်ဦးကို ပြည်သူ့ဆေးရုံကြီးကို လွှဲပြောင်းပြီးတော့ ၁၂ ဦးက ဆင်းသွားပါပြီ၊ ဆေးရုံမှာ ၂၀ ကျန်ပါတယ်၊ ပြင်ပလူနာအဖြစ် ၂၉ ဦး လာပြခဲ့ပါတယ်၊ မီးခိုးငွေ့ရှူမိလို့ ခံစားရတဲ့ဝေဒနာ လုံးဝလျော့နည်းသွားပြီးတော့ မူလရောဂါအခံရှိတဲ့သူတွေပဲ ကျန်ပါတော့တယ်"ဟု မြို့နယ်ပြည်သူ့ဆေးရုံမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိန်ပင်အမှိုက်ပုံမှ မီးခိုးထွက်ရှိမှု ယခင်ထက်များစွာ ကျဆင်းသွားပြီး မီးခိုးငွေ့အဖြူရောင်များသာ လွင့်ပျံ့လျက်ရှိ၍ မီးခိုးငွေ့လုံးဝကင်းစင်သွားစေရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှပညာရှင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-သန်းစိုး**

# ထိန်ပင်အမှိုက်ပုံ မီးလောင်မှု၏ မီးခိုးထွက်ရေိယာအချို့အား ထိန်းချုပ်နေမှု စကားသံများ



ဦးမြင့်စိုး





ကိုတာ



ဦးမျိုးသိန်း



အောင်ကျော်ကျော်



ဦးဝင်းကြည်

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမီးလောင်မှုသည် ယခုအခါတွင် ရှစ်ရက်ခန့် ကြာမြင့်လာပြီဖြစ်ရာ မီးခိုးထွက်ရေိယာအချို့အား နည်းမျိုးစုံဖြင့် ငြိမ်းသတ်ထိန်းချုပ်နေကြသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကူညီထောက်ပံ့ပေးနေသူများ၏ စကားသံအချို့အား ထုတ်နုတ်ဖော်ပြ လိုက်ပါသည်။**

### ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုး

ဒီအမှိုက်ပုံကြီးကို မီးငြိမ်းသတ်လာတာ ဒီနေ့ဆို ရှစ်ရက်မြောက်လာပြီ။ ဒီနေ့ကနေစပြီး မီးလောင်ပြင်ဧရိယာကို အပိုင်းလေးပိုင်းခွဲပြီး ငြိမ်းသတ်နေပါပြီ။ အခု ဒီမနက်ပိုင်းမှာ အပိုင်း(၁)ကို စငြိမ်းနေပါပြီ။ လုံးဝမီးခိုးငွေ့မထွက်တော့ဘဲ ပျောက်သွားအောင် ဒီနေ့အပြီး ငြိမ်းနေပါတယ်။ အပိုင်းတစ်ပိုင်းကို တစ်ရက်နှုန်းနဲ့ ပြတ်အောင်ဖျက်သွားမယ်၊ နေ့မပြီးရင် ညပါ ဂျူတီနဲ့ဝင်ပြီး တစ်ရက်ကို တစ်ပိုင်းနှုန်းနဲ့ အပြီး ငြိမ်းသတ်သွားမယ်။ မီးခိုးအူနေတဲ့နေရာတွေကို Bio Foam နဲ့ ရေနဲ့ရော ငြိမ်းနေသလို မီးကြွင်းမီးစကျန်နေရင်လည်း ကျောလွယ်ပုံးနဲ့ လိုက်ငြိမ်းတဲ့အဖွဲ့တွေကလည်း ငြိမ်းနေတယ်။ ရေသုံးတာကတော့ တစ်နေ့တစ်နေ့ ဂါလန် သိန်းချီနေပါတယ်။ အဓိကကတော့ ရေကိုလုံလုံလောက်လောက်ရဖို့နဲ့ မီးလောင်ပြင်ကွင်းထဲအထိ ရေကားတွေရှိနေရင် မီးခိုးအူတာနဲ့ ချက်ချင်းငြိမ်းနိုင်ရင် မီးထပ်လောင်စရာတော့ မရှိတော့ဘူး။ မီးခိုးငွေ့တွေကလည်း ယခင်ထက်စာရင် ၈၀ ရာခိုင်နှုန်းကျော် ထိန်းချုပ်နိုင်ပြီ။ အခုတော့ မီးလောင်ပြင်ကွင်းထဲမှာ မီးသတ်တပ်ဖွဲ့နဲ့အတူ လက်တွဲလုပ်ကိုင်နေတာကတော့ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ ပါပါတယ်။ နေ့မနား၊ ညမနားအမြန်ဆုံး ငြိမ်းအေးသွားအောင် လုပ်ဆောင်ပေးနေပါတယ်။

### GMW 5 Star ကိုအောင်သော် ကျန်းမာရေးအထောက်အကူပြုအသင်း အတွင်းရေးမှူး ကိုတာ

ကျွန်တော်တို့ ဒီကို မီးစလောင်တဲ့နေ့ကတည်းက ရောက်တာ၊ ဒီနေ့နဲ့ဆို ရှစ်ရက်ရှိပြီ။ မီးလောင်ပြင်မှာ မီးငြိမ်းသတ်နေတဲ့ တပ်ဖွဲ့ဝင်တွေကို မေးခိုင်ကာကွယ်ဆေးထိုးပေးတာတွေ၊ အသက်ရှူကျပ်ပြီး မွန်းကျပ်မှုတွေဖြစ်ပေါ်ရင် အောင်ဆီဂျင်ပေးတာတွေ၊ အပူကြောင့်နာဖျားမှုတွေ၊ ထိရှပွန်းပဲ့တာမျိုးတွေကို ကျွန်တော်တို့ ကျန်းမာရေးဆေးပေးခန်းမှာ ကုသပေးပါတယ်၊ အလွန်ကြီးမားတဲ့ဟာတွေကိုတော့ ပြည်သူ့ဆေးရုံကြီး(လှိုင်သာယာ)ကို ပို့ပေးပါတယ်။ ဒါ့အပြင် စားနပ်ရိက္ခာထောက်ပံ့မှုတွေကိုလည်း မီးလောင်ပြင်ကွင်းထဲထိ လိုက်လံပို့ဆောင်ပေးပါတယ်။ တချို့အလှူရှင်တွေရဲ့စားနပ်ရိက္ခာတွေက အတွင်းထဲအထိ မရောက်ဘူးဆိုတဲ့အသံတွေ ထွက်တယ်။ ဒီအပေါ်မှာ ကျွန်တော်တို့အဖွဲ့ကလည်း အလှူရှင်တွေကို အထဲထိခေါ်ပြီး မီးသတ်ရဲဘော်တွေ၊ တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေကို ကိုယ်တိုင်ကိုယ်ကျ ပို့ဆောင်ပေးတာမျိုးတွေ လုပ်ပေးပါတယ်။ အကြီးစားထိခိုက်ဒဏ်ရာရမှုက လက်ရှိမှာ လေးဦးရှိတယ်၊ ဆေးရုံကြီးကို ပို့ထားပါတယ်။ အသေးစားကုသရတဲ့ လူနာကတော့ ၂၀၀ ကျော်ထိ ရှိလာပြီ။ ညပိုင်းဆိုရင်လည်း တစ်နာရီခွဲတစ်ခါ အထဲက မီးသတ်တပ်ဖွဲ့ဝင်တွေဆီ ဝင်ပြီး ရိက္ခာထောက်ပံ့ပေးတယ်။ ဒီရက်ထဲမှာ အထဲထိဝင်ပြီး ငြိမ်းသတ်ကြရတော့ ပုလင်းကွဲရှတာတို့၊ နင်းနေရင်းနဲ့ကျွံကျပြီး သံထိုးမိတာတို့ အဖြစ်များတယ်။ ဒါကိုလည်း အချိန်မီ လုပ်ပေးနေပါတယ်။

*စာမျက်နှာ ၁၂ သို့*

# ထိန်ပင်အမှိုက်ပုံမီး အပြီးသတ်ငြိမ်းသတ်မှု ဇုန်လေးဇုန် သတ်မှတ်ကာ အပိုင်းလိုက် ဆောင်ရွက်လျက်ရှိ၊ နောက်သုံးရက်အကြာတွင် မီးငြိမ်းသွားရန်ဆောင်ရွက်နေ

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို အပြီးသတ်ငြိမ်းသတ်ရာတွင် ယနေ့မှစတင်၍ ဇုန်လေးဇုန် သတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် အပိုင်းလိုက် ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုရှိပြီး နောက်ထပ်သုံးရက်အကြာတွင် မီးငြိမ်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက မြန်မာ့သတင်းစဉ်ကို ပြောကြားသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက "လက်ရှိမြေပြင်အခြေအနေကိုကြည့်ပြီးတော့ မဟာဗျူဟာအသစ်ကို ပြောင်းလဲရေးဆွဲခဲ့ပါတယ်၊ မီးလောင်ပြင်ကို ဇုန်လေးဇုန် သတ်မှတ်ပြီး အပိုင်းလိုက် ငြိမ်းသတ်နေပါတယ်၊ ဒီကနေ့ဆိုရင် ဇုန် (A) ကိုငြိမ်းသတ်နေတာပါ၊ ညနေ ၆ နာရီခွဲရင်တော့ သတ်မှတ် အချိန်ပြည့်ပြီ၊ လက်စသတ်ပါမယ်၊ ဒီကနေ့ရဲ့ရည်မှန်းချက်က ပြည့်လည်းပြည့်တယ်၊ အောင်လည်းအောင်မြင်ပါတယ်၊ ဇုန်တစ်ဇုန်ကို တစ်ရက်နှုန်းနဲ့ အပြီးပြတ် ငြိမ်းသတ်သွားမှာပါ၊ နောက်ထပ်သုံးရက်ဆိုရင် အားလုံးငြိမ်းပါပြီ၊ လက်ရှိငြိမ်းသတ်တဲ့အခါမှာတော့ Bio Foam ဆေးရည်ကိုနည်းနည်းပဲသုံးပါတယ်၊ ရေများများနဲ့ ငြိမ်းသတ်နေတာပါ၊ အဆုံးသတ်အပိုင်းတွေကိုတော့ Bio Foam ဆေးရည်နဲ့ငြိမ်းပါတယ်" ဟုပြောသည်။

**တတ်နိုင်သလောက်ထိန်းသိမ်း**

မီးငြိမ်းသတ်နေမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက "လက်ရှိအခြေအနေကတော့ အပြီးသတ်ငြိမ်းသတ်နေတာပါ၊ ကျွန်တော့်အနေနဲ့ကတော့ အပိုင်းသတ်မှတ်ဇုန် (၃) ကိုတာဝန်ယူငြိမ်းသတ်နေပါတယ်၊ ငြိမ်းပြီးသားနေရာတွေကို နောက်ထပ် ငြိမ်းစရာမလိုအောင် ဆောင်ရွက်နေပါတယ်၊ အရင်နေ့တွေလောက် မီးခိုးမထွက်တော့ပါဘူး၊ အမှိုက်ပုံကကြီးတော့ လောင်တဲ့အပေါ် မှာ တတ်နိုင်သလောက်ထိန်းသိမ်းပြီးငြိမ်းသတ်ခဲ့တယ်၊ လက်ရှိမှာလည်း သတ်မှတ်ထားတဲ့အတိုင်း အပိုင်းလိုက် ငြိမ်းသတ်နေပါတယ်" ဟုပြောသည်။

ထိန်ပင်အမှိုက်ပုံမီးလောင်မှုသည် ဧပြီ ၂၁ ရက်မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ အပါအဝင် အင်အား ၉၀၀ ကျော် ဖြင့် ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိပြီး ဧပြီ ၂၇ ရက် နံနက် ၉ နာရီခန့်မှ စတင်ကာ အပြီးသတ်မီးငြိမ်းသတ်နိုင်ရန် Bio Foam (အမြှုပ်ဆေးရည်) ကို အသုံးပြု၍ ငြိမ်းသတ်လျက်ရှိသည်။

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "မနေ့ကမနက်အထိကတော့ အကုန်လုံးစုပေါင်းပြီး လုပ်ဆောင်ကြတာပါ၊ မနေ့ကညနေပိုင်းမှာ မီးသတ်ကို တာဝန်ခံအနေနဲ့ အပ်လိုက်ပါတယ်၊ ကျန်တဲ့ အဖွဲ့အစည်းတွေကတော့ သူတို့ကို လိုအပ်တဲ့ လူအင်အားနဲ့ ပစ္စည်းအင်အားတွေ ဖြည့်ဆည်းပေးပါတယ်၊ အခုဆိုရင် မီးသတ်တပ်ဖွဲ့အနေနဲ့ ဇုန်လေးဇုန်သတ်မှတ်ပြီးငြိမ်းသတ်နေပါပြီ၊ လက်ရှိ အခြေအနေအရ ထိရောက်အောင်မြင်မှုရှိပါတယ်၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့က ဆွဲတဲ့ မဟာဗျူဟာကို အာဆီယံက အဖွဲ့ရယ်၊ ထိုင်းကလာရောက်တဲ့ ကျွမ်းကျင်ပညာရှင်အဖွဲ့တွေကလည်း သဘောတူလက်ခံပါတယ်၊ အခုလည်း လေထုတိုင်းတဲ့အခါမှာ အရင်နေ့တွေနဲ့ မတူတော့ပါဘူး၊ တော်တော်အခြေအနေကောင်းလာပါပြီ" ဟု ပြောကြားသည်။



သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များပါဝင်သောအဖွဲ့တို့ မီးငြိမ်းသတ်ရေးအတွက် ဆွေးနွေးနေစဉ်။

အပြီးသတ် မီးငြိမ်းသတ်မှု ဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်ထိရောက်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီနှင့် အကြံပြုချက်များဖြင့်လည်း ရယူဆောင်ရွက်လျက်ရှိသည်။

**ဆွေးနွေးမှုများပြုလုပ်**

ထိုသို့ ဆောင်ရွက်မှုအနေဖြင့် ယနေ့မွန်းလွဲပိုင်းတွင် မီးလောင်မှုအနီးရှိ ကွပ်ကဲရေးရုံး၌ ရန်ကုန်မြို့တော်ဝန်ဦးမောင်မောင်စိုးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ ထိုင်းတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စစ်ဘက်ဆိုင်ရာ အရာရှိ Mr. Suttipol Suchart နှင့် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ အာဆီယံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတို့က အပြီးသတ်မီးငြိမ်းသတ်နေမှုနှင့် ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ကြသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်အတူ ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များပါဝင်သောအဖွဲ့နှင့် အာဆီယံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့သည် မီးလောင်မှုမှ ထွက်ရှိသည့် မီးခိုးများနှင့် ပတ်သက်၍ မီးလောင်ပြင်အနီး လေ့လာမှုများ ပြုလုပ်ခြင်းနှင့် လေထုတိုင်းတာခြင်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။

**လက်ရှိဆောင်ရွက်နေသည့် နည်းစနစ်အသင့်တော်ဆုံးဖြစ်**

အမှိုက်ပုံမီးလောင်မှုများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ တူညီမှုမရှိသော်လည်း ယခုမီးလောင်မှုသည် ၂၀၁၄ ခုနှစ်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ဖြစ်ပွားခဲ့သော အမှိုက်ပုံ မီးလောင်မှုနှင့် အနည်းငယ်ဆင်တူကြောင်း၊ ဆွေးနွေးအကြံပြုချက်များအရ ယခုလောင်ကျွမ်းနေသည့် မီးလောင်မှုအား ငြိမ်းသတ်ရာတွင် မြန်မာနိုင်ငံမှ လက်ရှိဆောင်ရွက်နေသည့် နည်းစနစ်သည်သာ အသင့်တော်ဆုံး ဖြစ်ကြောင်း သိရသည်။

ယခုအခါမီးလောင်မှု၏ ၉၀ ရာခိုင်နှုန်းကို ငြိမ်းနိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ အပိုင်းအလိုက် (A,B,C,D) ဇုန်များသတ်မှတ်ကာ ငြိမ်းသတ်လျက်ရှိရာ အောင်မြင်ထိရောက်မှုရှိကြောင်း သိရသည်။

လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းကျေးရွာမှ ဒေါ်ခင်သိန်းက "အမှိုက်ပုံမီးလောင်တာ မငြိမ်းသေးဘူးလို့တော့ ပြောတယ်၊ မီးခိုးမွှန်တဲ့ အနံ့မျိုးမရတော့ပါဘူး၊ ပြီးခဲ့တဲ့ရက်ပိုင်းကတော့ မီးလောင်တဲ့ညှော်နံ့တွေ တော်တော်ခံစားလိုက်ရပါတယ်၊ အဲဒီတုန်းက တချို့အသက်ရှူကျပ်လို့ ဆေးရုံတက်လိုက်ရသေးတယ်၊ မီးသတ်တပ်ဖွဲ့ဝင်တွေလည်း ကြိုးစားပြီး ငြိမ်းနေတယ်လို့သိရတယ်၊ မြန်မြန်ငြိမ်းစေချင်ပါတယ်၊ သူတို့လည်း တော်တော်ပင်ပန်းနေပါပြီ" ဟု ပြောသည်။



မီးသတ်တပ်ဖွဲ့ဝင်များ အပြီးသတ်မီးငြိမ်းသတ်ရေးအတွက် ကြိုးပမ်းနေသည်ကို တွေ့ရစဉ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မီးခိုးဒဏ်ကို ခံစားရသော ပြည်သူများနှင့် မီးငြိမ်းသတ်ရာတွင် ပါဝင်ဆောင်ရွက်နေသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့်ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။

ရှင်သန်ရေး လူမှုကူညီစောင့်ရှောက်ရေးအသင်း အပါအဝင် အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေသူ သူနာပြုဆရာမ ဒေါ်သစ်သစ်လွင်က "အလှူရှင်တွေ စုပေါင်းလှူဒါန်းထားတဲ့ ဆေးတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေတာပါ၊ ပထမရက်တွေမှာတော့ မီးသတ်တပ်ဖွဲ့တွေအပြင် လာရောက်ဝိုင်းဝန်းငြိမ်းသတ်ပေးတဲ့ တပ်မတော်သားတွေနဲ့ ပါဝင်ဆောင်ရွက်နေသူ အားလုံးကို မေးခိုင်ကာကွယ်ဆေးတွေ ကြိုတင် ထိုးပေးခဲ့ပါတယ်၊ မီးငြိမ်းသတ်တဲ့နေရာမှာ ထိခိုက်ရှနာတွေ ဖြစ်နိုင်တဲ့အတွက် အခုလို ကြိုတင်ဆောင်ရွက်ပေးထားတာပါ၊ လက်ရှိ အခြေအနေမှာတော့ ထိခိုက်ရှနာ၊ သွေးပေါင်ကျတာနဲ့ မီးခိုးကြောင့် အသက်ရှူမဝဖြစ်တဲ့သူတွေကို အများဆုံးကုသမှု ပေးနေရတာပါ၊ တချို့အဖွဲ့တွေကတော့ မီးလောင်ပြင်အတွင်းထဲအထိ ကားတွေနဲ့ ဆေးလိုက်ထိုးပေးတာမျိုးလည်း လုပ်ပေးနေကြပါတယ်၊ ကျွန်မတို့အဖွဲ့အနေနဲ့ကတော့ သုံးရက်တာကာလအတွင်းမှာ ထိခိုက်ရှနာနဲ့ အသက်ရှူမဝတဲ့ လူနာ ၂၅၀ ကျော်ကို ကုသပေးခဲ့ပြီးဖြစ်ပါတယ်၊ ဒီနေ့ မနက်ကတော့ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ခြေထောက်ကျိုးသွားလို့ ဆေးရုံကို ပို့ပေးခဲ့ပါတယ်" ဟု ပြောသည်။

အလားတူ အရပ်ဘက်လူမှု အဖွဲ့အစည်းများအနေဖြင့် မီးငြိမ်းသတ်နေသည့် နေရာများအနီးအထိ လူနာတင်ယာဉ်များဖြင့် သွားရောက်ကာ မီးငြိမ်းသတ်နေသူများအား အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်း သိရသည်။

**ဆေးဝါးကုသမှုမျိုး ပြုလုပ်ပေးနိုင်ဖို့ ကြိုတင်စီစဉ်ထား**

မီးလောင်မှုမှ မီးခိုးများထွက်ရှိမှုကြောင့် လာရောက်ဆေးဝါးကုသမှုခံယူသူများနှင့် ပတ်သက်၍ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံအုပ် ဒေါက်တာ သီတာစိုးက "ဒီကနေ့ ညနေပိုင်းအထိ ၂၄ ဦးရှိပါတယ်၊ အဲဒီထဲက လေးဦးကတော့ ဒီနေ့မှ ရောက်လာတာပါ၊ မီးခိုးမွှန်နဲ့ သုံးဦးရောက်လာတယ်၊ သုံးနှစ်အရွယ်ကလေးငယ်တစ်ဦးပါပါတယ်၊ နောက်တစ်ဦးကတော့ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးခြေထောက်မှာ ဒဏ်ရာရတာပါ၊ အားလုံးအခြေအနေကောင်းပါတယ်၊ မစိုးရိမ်ရပါဘူး၊ ပြင်ပလူနာအနေနဲ့ကတော့ မနေ့ကအထိ ၂၉ ဦးရှိပါတယ်၊ ဒီကနေ့မှာတော့ နောက်ထပ်သုံးဦးလာရောက်ပြသခဲ့ပါတယ်၊ ကျွန်မတို့အနေနဲ့လည်း လိုအပ်တဲ့ ဆေးဝါးကုသမှုမျိုး ပြုလုပ်ပေးနိုင်ဖို့အားလုံး ကြိုတင်စီစဉ်ထားပါတယ်" ဟု ပြောသည်။

ယခုအခါ အဆိုပါမီးလောင်မှုကို အပြီးသတ် ငြိမ်းသတ်ရာတွင် ရေဖြင့် အဓိကပက်ဖျန်းကာ ငြိမ်းသတ်လျက်ရှိပြီး လိုအပ်သည့်နေရာများတွင်သာ Bio Foam (အမြှုပ်ဆေးရည်) ကို အသုံးပြုငြိမ်းသတ်လျက်ရှိသည်။ ထိုသို့ငြိမ်းသတ်ရာတွင် မီးငြိမ်းသတ်မှု အင်အား ၉၀၀ ကျော် တို့၏ အလှည့်ကျဆောင်ရွက်မှုနှင့်အတူ မီးငြိမ်းသတ်ယာဉ်၊ အထောက်အကူပြုယာဉ်၊ ရေသယ်ယာဉ် စုစုပေါင်းအစီး ၃၈၀၊ ရေတင်စက်အလုံး၄၀၊ ဘက်ဟိုးယာဉ်ကိုးစီးတို့ဖြင့် တစ်ရက်လျှင် ရေဂါလန်တစ်သန်းခန့်ကို အသုံးပြုကာ ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇေဇော်**



မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများက ဇုန်အလိုက် အပြီးသတ်မီးငြိမ်းသတ်ရေးအတွက် ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# စလင်းမြို့နယ်တွင် လေပြင်းတိုက်၍ လူတစ်ဦးသေဆုံး၊ တာဝါတိုင်တစ်တိုင်လဲ

**စလင်း မေ ၂၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် မိုးသက်လေပြင်း တိုက်ခတ်သဖြင့် သစ်ကိုင်းကျိုးကျ၍ လူတစ်ဦးသေဆုံးပြီး ဆက်သွယ်ရေးတာဝါတိုင် တစ်တိုင်လဲကျခဲ့သည်။ စလင်းမြို့နယ် မကျီးဖျား ကျေးရွာအုပ်စု ထနောင်းကုန်းကျေးရွာနေ ဒေါ်မာမာအေးသည် ၎င်း၏ယာခင်းတွင် အလုပ်လုပ်ကိုင်နေစဉ် မိုးသက်လေပြင်းတိုက်ခတ်လာသဖြင့် ယာတဲတွင်ခင်ပွန်းဖြစ်သူနှင့်မိုးခိုနေရာ တဲအနီးရှိ လက်ပံပင်ကိုင်းကျိုးကျသဖြင့် အခင်းဖြစ်သည့်နေရာတွင် သစ်ကိုင်းပိ၍ သေဆုံးခဲ့သည်။



ထို့ပြင် စလင်းမြို့နယ် ကန်ပြားကျေးရွာရှိ 11 KV ဓာတ်တိုင် ခုနစ်တိုင် ကျိုးကျပျက်စီးခဲ့သည်။ စလင်းမြို့နယ် ကူတိုကျေးရွာရှိ ဦးခင်မောင်နိုင် အိမ်ဝင်းအတွင်းရှိ ဆက်သွယ်ရေးတိုင်သည် လေပြင်းတိုက်ခတ်မှုကြောင့် လဲပြိုပျက်စီးခဲ့သော်လည်း လူများထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်းနှင့် အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်ရာတွင် ဆီးသီးကင်းခန့် မိုးသီးများကျခဲ့ပြီး စလင်းမြို့နယ်အတွင်း ကျေးရွာအုပ်စုများမှ လူနေအိမ် ၃၀၄ လုံး၊ ဘာသာရေး အဆောက်အအုံခုနစ်လုံး၊ စာသင်ကျောင်းနှစ်ကျောင်း အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# တောင်တွင်းကြီး၌ မိုးသည်းထန်စွာရွာသွန်း လေပြင်းများ တိုက်ခတ်သဖြင့် အဆောက်အအုံများပျက်စီး

**တောင်တွင်းကြီး မေ ၂၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်း မေ ၂၈ ရက်ည ၇ နာရီခွဲမှ ၈ နာရီ မိနစ် ၄၀ အထိ မိုးသည်းထန်စွာ ရွာသွန်းပြီး ၁ နာရီ ၂၈ မိုင်နှုန်းလေပြင်းများ တိုက်ခတ်သဖြင့် ညောင်ပင်လုကျေးရွာ တောင်တွင်းကြီး- အောင်လံကားလမ်း မိုင်တိုင်အမှတ် ၂၇၈ အနီးရှိလုံးပတ် ၃ ပေ အမြင့် ၄၅ ပေရှိ ကုက္ကိုပင်ကားလမ်းပေါ်သို့ လဲကျခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းရှင်းလင်းခြင်းနှင့် ကုက္ကိုပင်လဲကျမှုကြောင့် သွယ်တန်းထားသည့် မီးကြိုးများပြတ်တောက်ခြင်း၊ မီးတိုင်တစ်တိုင် လဲကျခဲ့ခြင်း၊ အုန်းတော(၂)ရက်ကွက် မြို့နယ် စိုက်ပျိုးရေးရုံးရှေ့ရှိ လုံးပတ် ၁၅ ပေ အမြင့်ပေ ၅၀ ခန့်ရှိ ကုက္ကိုပင်မှာ တောင်တွင်း- အောင်လံကားလမ်းပေါ်သို့ လဲကျရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများဝိုင်းဝန်းရှင်းလင်းခြင်းနှင့် ကုက္ကိုပင်လဲကျမှုကြောင့် မီးတိုင်နှစ်တိုင်နှင့် မီးကြိုးများ လဲကျပျက်စီးဆုံးရှုံးခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အလားတူ တောင်ပြင် ၁ ရပ်ကွက် သာယာအေးကျောင်းတိုက်အတွင်းမှ လုံးပတ်ပေ ၂၀၊ အမြင့် ၂၅ ပေရှိ မန်ကျည်းပင်မှာ ဓမ္မာရုံပေါ်သို့လဲကျသဖြင့် ကိုးပေသွပ်အချပ် ၂၀ ဒိုင်းသုံး ချောင်း၊ မြားသုံးချောင်း ပျက်စီးခဲ့ကြောင်း၊ အလျားပေ ၃၀၊ အမြင့် ၅ ပေခန့် ရှိ အုတ်တံတိုင်း ပြိုကျပျက်စီးခဲ့ကြောင်းနှင့် မောင်းတိုင် ၁ ရပ်ကွက် ငမင်လမ်းမှ သစ်ပင်လဲကျခြင်းကြောင့် ဖုန်းတိုင်ငါးတိုင်လဲကျခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**

# မပေါက်ကွဲသေးသည့် ဗုံးဟောင်းဆော့ကစားသည့် ကလေးငယ်နှစ်ဦး ဗုံးပေါက်ကွဲသေဆုံး

**ကျိုင်းတုံ မေ ၂၉**

ကျိုင်းတုံမြို့နယ် မိုင်းလပ်အုပ်စု ပါဆံကျေးရွာ (နာထေးလားဟူရွာ) အနီးတွင် ယနေ့မွန်းလွဲ ၁နာရီခွဲခန့်ကဗုံးပေါက်ကွဲ၍ ကလေးငယ် နှစ်ဦးသေဆုံးကြောင်း သတင်းရ၍ မြို့မရဲစခန်းမှူးဒုတိယရဲမှူး သန်းထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ နာထေးလားဟူရွာနေ မောင်ဇေယျာထွန်း (၁၁ နှစ်) နှင့် မောင်အားသဲ (၁၃နှစ်) တို့သည် ငှက်ပစ်သွားရင်း ကျေးရွာအနီး တောင်ကုန်း၌ မကွဲဘဲ ကျန်ရှိနေသော ဗုံးသီးတွေ့ရှိ၍ ဆော့ကစားရာမှ ဗုံးပေါက်ကွဲ၍ သေဆုံးခဲ့ကြောင်း ကျိုင်းတုံမြို့မရဲစခန်းမှ သိရသည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

*စာမျက်နှာ ၁၀ မှ*

**ဌာနခွဲမှူး ဦးမျိုးသိန်း (YCDC/ပျိုးဥယျာဉ်နှင့်အားကစားကွင်းများဌာန)**

ကျွန်တော်တို့က ပြီးခဲ့တဲ့ မေ ၂၂ ရက်နေ့ကတည်းက ရောက်ပါတယ်။ အဲဒီနေ့က မီးရိုးရိုးပဲလောင်တယ်ဆိုပြီး ကားလေးစီးလွှတ်ပေးလိုက်တယ်။ ရေဂါလန် ၆၄၀၀ လုပ်ပေးလိုက်တယ်။ ၂၃ ရက်နေ့မှာတော့ မငြိမ်းတော့ဘူးဆိုတော့ ရေကား ၁၆ စီးနဲ့ ၅၅ ခေါက် ရေဂါလန် ၈၅၀၀၀ ပို့ပေးတယ်။ ၂၄ ရက်နေ့မှာ ရေကား ၁၅၈ ခေါက် ရေဂါလန် ၂၆၀၈၀၀ ပေါ့။ ၂၅ ရက်နေ့မှာ ရေကား ၁၈၅ ခေါက် ရေဂါလန် ၂၇၉၈၀၀၊ ၂၆ ရက်နေ့မှာ ၈၉ ခေါက် ရေဂါလန် ၁၅၄၀၀၊ ၂၇ ရက်နေ့မှာ ရေကား ၁၁၇ ခေါက် ဂါလန် ၁၈၀၀၀ ၊ ၂၈ ရက်နေ့မှာ ရေကား ၁၃၀ ရေဂါလန် ၂၀၃၀၀၀ နေ့တိုင်းပို့ပေးနေပါတယ်။ စုစုပေါင်းဆို မနေ့ကထိ ရေကား ၇၃၈ ခေါက်မှာ ရေဂါလန် ၁၀၆၆၆၀၀ ပို့ပေးနိုင်ခဲ့တယ်။ ဒါက ကျွန်တော်တို့ YCDC/ပျိုးဥယျာဉ်နှင့်အားကစားကွင်းများဌာနကပါ။ ကျန်တဲ့ မီးသတ် ရေသယ်ကား၊ တပ်မတော်ရေသယ်ကားနဲ့ ရဲတပ်ဖွဲ့ရေသယ်ကားတွေကလည်း ပို့တာရှိပါတယ်။ ရေစုပ်တာကတော့ တပ်မတော်ကနေ ရေစုပ်စက်နဲ့ မြေစိုက်ကန်က စုပ်ယူပြီး ရေတိုင်သုံးတိုင်ပေးသလို စည်ပင်သာယာမြေစိုက်ကန်ကလည်း ရေတိုင် သုံးတိုင်နဲ့ ၂၄ နာရီ ပေးဝေနေပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူးရုံး ဒုတိယဦးစီးမှူးအောင်ကျော်ကျော်**

ကျွန်တော်တို့အနေနဲ့ အခုလက်ရှိမီးလောင်ပြင်မှာ AFT ကျောလွယ် လို့ခေါ်တဲ့ အဆင့်မြင့် မီးငြိမ်းသတ်မှုနည်းပညာပေါ့။ ဒီနည်းနဲ့ ဖျန်းပေးနေပါတယ်။ ရေနဲ့ ဖျန်းပေးနိုင်သလို ရေမှုန်ရေးမွှားနဲ့လည်းဖျန်းလို့ရတဲ့နည်းပေါ့။ Bio Foam ဆေးရည်နဲ့ ငြိမ်းသတ်နည်းပေါ့။ အဓိကကတော့ ရှေ့မှာမီးသတ်ပိုက်ကြီးတွေနဲ့ ဖျန်းသွားတဲ့အပေါ်မှာ မီးကြွင်း မီးကျန်နဲ့ မီးခိုးပါငြိမ်းသွားအောင်ငြိမ်းသတ်ပေးတဲ့နည်းစနစ်ပါ။ လက်ရှိကတော့ ယခင်ရက်တွေနဲ့တော့ မတူတော့ဘူး။ ယခင်ကမီးခိုးငွေ့တွေထူထပ်ပြီးမြင်ကွင်း လုံးဝမရှင်းဘူး။ အခုတော့ရှင်းသွားပြီ။ မီးခိုးတွေကို ၈၀ ရာခိုင်နှုန်းအထက် ထိန်းချုပ်နိုင်ပါပြီ။အောက်ခြေမှာအူပြီးတော့မီးခိုးထွက်တယ်။ အပေါ်ကပူလာပြီဆိုရင် ခဏနေရင် မီးထတောက်တယ်။ ဒီအမှိုက်တွေကို ဘက်ဟိုးတွေနဲ့ တစ်နေရာတည်းမှာ တစုတစည်းတည်း စုလိုက်တယ်။ ပြီးမှသူ့ကိုရေလုံးတွေ ရေကားတွေနဲ့ဖိငြိမ်းတယ်။ ဒီကနေ မီးကြွင်းမီးကျန်ကျန်တဲ့ဟာတွေကို အပေါ့စား AFT ကျောလွယ် မီးငြိမ်းသတ်စနစ်တွေနဲ့ငြိမ်းတယ်။ ကြီးမားတဲ့ငြိမ်းသတ်မှုတွေကိုတော့ ရေလုံးမှုတ်တဲ့ကားတွေနဲ့ထိုးငြိမ်းနေပါတယ်။ မီးခိုးငွေ့တွေကင်းစင်သွားအောင်နေ့၊ ညနှစ်ဆိုင်းခွဲပြီး ငြိမ်းနေပါတယ်။

**မရမ်းကုန်းမြို့နယ် ဒုတိယမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဝင်းကြည်**

ဒီမီးလောင်မှုနဲ့ပတ်သက်ပြီး နယ်မြေခံကြက်ခြေနီတပ်ဖွဲ့ဝင်တွေကအင်အားနည်းတဲ့အတွက် လာရောက်ပေါင်းစည်းပြီး ကူညီပေးတာပါ။ အဓိကလုပ်တာကတော့ ကျန်းမာရေးပေါ့။ မီးလောင်ပြင်မှာ မီးငြိမ်းသတ်ရင်း ဒဏ်ရာရတဲ့သူတွေကိုပြုစုပေးတယ်။ ထောက်ပံ့ပေးတယ်။ ရိက္ခာတွေလည်း ရသလောက်စုဆောင်းပြီး မီးလောင်ပြင်ကွင်းထဲထိရသလောက် ထောက်ပံ့ပေးတယ်။ အခုအခါမှာတော့ ယခင်စလောင်တာထက်စာရင်တော့ အတော်လေးလျော့သွားတယ်။ အများကြီးသက်သာသွားတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီမီးလောင်မှုကြီး မပြီးမချင်း၊ စခန်းမသိမ်းမချင်း အင်အားတွေထောက်ပံ့ပေးသွားမယ်၊ ရိက္ခာတွေ မီးလောင်ပြင်ထဲထိရောက်အောင် စုဆောင်းပြီး ပို့ဆောင်ပေးသွားမယ်။ ကျွန်တော်တို့က အရေးပေါ်ဖြစ်လာရင်ပြည်သူအတွက် အမြဲတမ်းရှေ့ဆုံးကနေရောက်ရှိပြီး ဆောင်ရွက်ပေးသွားပါမယ်လို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူနှင့်ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**

❒ *ကျောဖုံးမှ*

လှည့်လည်လေ့လာကြသည်။ ထို့နောက် မဟာမြတ်မုနိဘုရားကြီးသို့ ရောက်ရှိဖူးမြော်ကြပြီး ၂၀၁၈ ခုနှစ် ဘက်စုံပညာ ထူးချွန်လူငယ် (ပုဂံလူရည်ချွန်စခန်း)မှ ကျောင်းသား ကျောင်းသူများ စုပေါင်းလှူဒါန်းသော အလှူငွေကျပ်ကိုးသိန်းကို ပုဂံလူရည်ချွန်စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့က လက်ခံရယူသည်။ ယင်းနောက် နံနက် ၉ နာရီခွဲတွင် ပုဂံလူရည်ချွန်စခန်းသို့ ထွက်ခွာလာကြရာ ယနေ့ ညနေ ၄ နာရီခန့်တွင် ရောက်ရှိကြပြီး ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**သတင်း- ဇင်ဦး(မြန်မာ့အလင်း)၊ဓာတ်ပုံ - သီဟစည်သူ**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာ

**နေပြည်တော် မေ ၂၉**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပါသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ **မိုး/ဇလ**

# မီးကြွင်းမီးကျန်မှ မီးလောင်မှု နေအိမ်နှစ်လုံးဆုံးရှုံး

ပြည် မေ ၂၉

**ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရွာဘဲရပ်ကွက် သန္ဓေပင်ရပ်တွင် မေ ၂၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။**

မီးလောင်မှုမှာ အဆိုပါရပ်ကွက်နေ ဒေါ်မြင့်မြင့်သန်း၏ နေအိမ်မီးဖိုမီးကြွင်း မီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် ဒေါ်မြင့်မြင့်သန်း၏ ပေ ၃၀ ပတ်လည် သွပ်မိုး၊ ထရံကာနေအိမ်တစ်လုံး၊ အနီးရှိ ဒေါ်တင်ဦး၏ သွပ်မိုး၊ ထရံကာနေအိမ်တစ်လုံး စုစုပေါင်းနေ အိမ်နှစ်လုံးနှင့် အသုံးအဆောင်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကာ လူနှင့်တိရစ္ဆာန်များ တစ်စုံတစ်ရာထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

မီးလောင်ရာသို့ ပြည်ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် ၁၄ စီး၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူစုစုပေါင်း ၁၃၀ ခန့်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၅၆ မိနစ်တွင် မီးငြိမ်းခဲ့ပြီး မီးလောင်မှုအား ပြည်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# သစ်ပင်ပိသည့် ကုန်တင်ယာဉ်အား မသင်္ကာ၍ စစ်ဆေးရာမှ သစ်များဖမ်းမိ

**ရေကြည် မေ ၂၉**

ရောဝတိုင်းဒေသကြီး ရေကြည်မြို့နယ် ငှက်သိုက်ကျေးရွာအုပ်စု ခိုတောင်ကျေးရွာ ဘုရားကြီးရှေ့ပုသိမ်-မုံရွာကားလမ်းမကြီး မိုင်တိုင်အမှတ် ၅၅/၀နှင့် ၅၅/၁ အကြား၌ မေ ၂၈ ရက် ည ၆နာရီကျော်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငါးသိုင်းချောင်းမြို့ဘက်မှ ရေကြည်မြို့ဘက်သို့ ယာဉ်မောင်း ဦးဇော်ကြီး(ခ) မောင်ဇော် (၄၄ နှစ်) မကွေးမြို့နေသူမောင်းနှင်လာသည့် ၁၂ ဘီးကုန်တင်ယာဉ်၏ ဦးခေါင်းပိုင်းသို့ လမ်းဘေးရှိရှားပိတောက်ပင်၏ လုံးပတ် နှစ်ပေခန့်ရှိ သစ်ကိုင်းကျိုးကျခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ဦးခေါင်းပိုင်းပျက်စီးခဲ့ပြီး ယာဉ်မောင်းသူနှင့် ယာဉ်နောက်လိုက်တို့မှာ ထိခိုက်မှုမရှိကြောင်း၊ မော်တော်ယာဉ်အား တာဝန်ရှိသူများက မသင်္ကာ၍ စစ်ဆေးရာမှ တောင်သရက်သစ်ဘလောက်တုံး ၁၅ ပေ အရှည်ဆိုက်စုံ အတုံး ၅၀ ခန့်တို့ကို အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည်ကို တွေ့ရှိရပြီး မြို့နယ်သစ်တော ဦးစီးဌာနမှ ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**

# မြောက်ဦးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၅၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၉**

မေယု (၂) စစ်ဆင်ရေးအရ မြောက်ဦးမြို့နယ်ရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၇ ရက် ညနေ ၄ နာရီက ရန်ကုန်-စစ်တွေသွားကားလမ်း၊ မြောင်းဘွေတံတားထိပ်၌ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ အောင်ဇော်လင်း မောင်းနှင်ပြီး အောင်စောဝင်း လိုက်ပါလာသည့် ကိုရိုလာဖီလ်ဒါမော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၅၀၀၀ ကိုလည်းကောင်း၊ **(အောက်ပုံ)** အလားတူ မေ ၂၈ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့ အမှတ် (၄) ရပ်ကွက် ဘိုတဲကုန်းရပ်နေ ရှမ်းဖာလီ(ခ)ဆန်းလင်နှင့်ဇနီး မဝူမိန့်ကျောင်း (ခ) မမိန်းရင်တို့၏နေအိမ်ကိုရှာဖွေရာ မဝူမိန့်ကျောင်းအားတွေ့ရှိပြီး မီးဖိုအနီးရှိ ဖန်ပုလင်းအတွင်းမှ ဘိန်းဖြူ ၇ ဂရမ်နှင့် သံသေတ္တာအတွင်းမှ ငွေကျပ် ၁၅၀၀၀၀၊ နေအိမ်အနောက်ရှိ ဝက်ခြံအနီး မြေကြီးအောက်တွင် မြှုပ်နှံထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀၊ ဘိန်းဖြူဆပ်ပြာခွက်နှစ်ခွက် (ဘိန်းဖြူ အလေးချိန် ၂၄ ဂရမ်) တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။ **သတင်းစဉ်**



# မသင်္ကာဖွယ်ယာဉ်အား စစ်ဆေးရာ ပိတောက်ခားရွေတုံးများဖမ်းမိ

**နေပြည်တော် မေ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၈၆ စီး ၊ သွင်းကုန် ၉၅၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး ၊ သွင်းကုန် အစီး ၁၆၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၃၁ သန်းခန့် ၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၈၁၈ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှုခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၁၂၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ပန်ဖတ်ရွာအတွင်း၌ ရပ်တန့်ထားသော တိုယိုတာပရိုဘောက် မော်တော်ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၂၃ တုံး၊ ၀ ဒသမ ၇၁၆၈ တန် နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၆၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

၂၀ -၅- ၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)
- ၉း၀၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (မကွေးတိုင်းဒေသကြီး)
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ် အစီအစဉ်
- ၁၂း၄၅ - မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း **အဖြူရောင်နှလုံးသားများ** ဝေဠုကျော်၊ နေမျိုးအောင်၊ ထွန်းကိုကို၊ သင်ဇာဝင့်ကျော်၊ စိုးပြည့်သဇင်၊ မေသဥ္ဇာဦး (ဒါရိုက်တာ- တုနိုင်းခ)
- ၁၅း၃၀ - **(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ နိုင်ငံများ၏ စာကြည့်တိုက် မှူးများ ညီလာခံတွေ့ဆုံ ဆွေးနွေးခန်းအစီအစဉ်**

**ညပိုင်း**

- ၁၆း၀၅ - **ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၄၂)**
- ၁၇း၀၅ - This Week's Special Interest
- ၁၇း၂၀ - **ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၄၉)**
- ၁၇း၃၅ - Yes or No Talk Show
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း-၃)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန)
- **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ဆောက်လုပ်ရေး ဝန်ကြီးဌာန)
- နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (မိုးနတ်မင်းရဲ့ဒါသမာန်) (အပိုင်း-၁)
- မျက်မှောက်ရေးရာ သုံးသပ်စရာ
- နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း** (အပိုင်း-၃)

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ပြိုင်ပွဲဝင်ရန်ထွက်ခွာ

**ရန်ကုန် မေ ၂၉**

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီး ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မြင့်အောင်၊ အမျိုးသမီးဘောလုံးကော်မတီအတွင်းရေးမှူး ဒေါ်မြတ်မြတ်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ** - ဒေါက်တာအောင်ကျော်ဦး၊ **နည်းပြချုပ်** -ဒေါ်စန်းစန်းသိန်း၊ **နည်းစနစ်အကြံပေး**-ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ** - ဒေါ်နွယ်နွယ်တိုး၊ **ဂိုးနည်းပြ** - ဒေါ်မေခင်ယမင်း၊ **ဂိုး**-ပိုးဥ၊ စိမ်းလဲ့လဲ့ဦး၊ ခင်မြတ်နိုး၊ **နောက်တန်း**-မေသက်မွန်မြင့်၊ ပိုးပိုးဇင်ဇော်၊ မိုးစက်ခ၊ ဝင်းဝင်းလဲ့၊ နော်လာအိဝါ၊ ခိုင်သဇင်ဦး၊ **အလယ်တန်း**-ပုံ့ပုံ့ပြည့်မောင်၊ ဇင်မာထွေး၊ ဝေဖူးအိမ်၊ ဖြူဖြူဝင်း၊ မေသွေးကို၊ မေသူခိုင်၊ ကေကေ၊ ဝင်းဝင်း၊ ဆောင်းနှင်းဖွေး၊ **ရှေ့တန်း**-မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆုပြည့်ပြည့်ကျော်၊ ဂျူလိုင်ချာ၊ ထက်ထက်ဝင်းတို့ လိုက်ပါသွားသည်။ မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲတွင် အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု (ခ) တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်နေသည်။



မြန်မာ ယူ - ၁၆ အမျိုးသမီးအသင်းသည် အုပ်စုပွဲများအဖြစ် မေ ၁ ရက်တွင် ဗီယက်နမ်၊ မေ ၅ ရက်တွင် မလေးရှား၊ မေ ၇ ရက်တွင် စင်ကာပူ၊ မေ ၉ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များမှာ မေ ၉ ရက်တွင် ပြီး ဆုံးမည်ဖြစ်ပြီး ဆီမီးဖိုင်နယ် ပွဲစဉ်များကို မေ ၁၁ ရက်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၁၃ ရက်တွင် ကျင်းပ မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

**ဓာတ်ပုံ-MFF**

# မြန်မာနှင့် ဘရူနိုင်းအသင်း ဆီမီးဖိုင်နယ်တက်ရောက်ရေးအဆုံးအဖြတ်ပွဲ ယနေ့ကစားမည်

**ရန်ကုန် မေ ၂၉**

၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများကို မေ ၃၀ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်တက်ရောက်ရေးအဆုံးအဖြတ်ပွဲ အဖြစ် မြန်မာနှင့် အိမ်ရှင်ဘရူနိုင်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နောက်ဆုံးပွဲအဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် မြန်မာနှင့် ဘရူနိုင်း၊ စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မေ ၂၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု (က) ပွဲတွင် ထိုင်းအသင်းနှင့် တီမောအသင်း တစ်ဂိုးစီ သရေကျခဲ့သောကြောင့် ထိုင်းအသင်းသည် နှစ်မှတ်ဖြင့် အုပ်စုမှထွက်ခဲ့ရပြီဖြစ် သည်။ ယခုပွဲအပြီးတွင် အုပ်စု (က) ၌ မြန်မာနှင့် တီမောအသင်းက လေးမှတ်စီ၊ ဘရူနိုင်း အသင်းက သုံးမှတ်၊ ထိုင်းအသင်းက နှစ်မှတ်ရထားသည်။ တီမောနှင့်ထိုင်းအသင်းသည် ပွဲကုန်သွားပြီဖြစ်ပြီး မြန်မာနှင့် ဘရူနိုင်းအသင်းမှာ တစ်ပွဲစီကစားရန် ကျန်ရှိနေသည်။ ထို့ကြောင့် မြန်မာအသင်းသည် ယနေ့ယှဉ်ပြိုင်မည့်ပွဲတွင် သရေကျရုံဖြင့်အုပ်စု ပထမရမည်ဖြစ်ပြီး လေးဂိုးပြတ်ရှုံးနိမ့်မှသာ အုပ်စုအဆင့်မှ ထွက်ရမည်ဖြစ်သည်။ မြန်မာအသင်းအနိုင်ရပါက တီမောအသင်း ဆီမီးဖိုင်နယ် တက်ရောက်မည်ဖြစ်ပြီး အိမ်ရှင်ဘရူနိုင်းအသင်းသည် အနိမ့်ဆုံး သရေရမှသာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည် ဖြစ်သည်။

အုပ်စု (ခ) ပွဲစဉ်များတွင် စင်ကာပူက လာအိုကို ငါးဂိုး-တစ်ဂိုး၊ လာအိုက ကမ္ဘောဒီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး သုံးမှတ်စီရထားသည့် စင်ကာပူနှင့် လာအိုတို့ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းနေသည်။

**သတင်း-ရဲရင့်ရှိုင်း**

# လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် ဒုတိယနေရာရောက်လာ

**ရန်ကုန် မေ ၂၉** -၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၁၁) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် တန်းတက်မြဝတီအသင်းကို အနိုင်ယူကာ အမှတ်ပေးဇယား ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နည်းပြချုပ်သစ် ခန့်အပ်ထားသော်လည်း ယခုပွဲကို ကိုင်တွယ်ခြင်းမရှိသေးဘဲ ယာယီနည်းပြချုပ် ဦးအောင်ကျော်ထွန်းက ကွင်းအတွင်းကြီးကြပ်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှ စိုးမင်းဦး၊ ဇင်မင်းထွန်းနှင့် ဒွေးကိုကိုချစ်တို့ အပိုင်အခွင့်အရေးများ အသုံးမချနိုင်ခဲ့၍ ပထမပိုင်းတွင် ရှမ်းအသင်း ဂိုးပေါက်ပျောက်ဆုံးခဲ့ရသည်။ မြဝတီအသင်းမှာလည်း အမှတ်လိုနေသောကြောင့် ရုန်းကန်ခဲ့ရပြီး ရှမ်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်သော်လည်း သီဟစည်သူကာကွယ်နိုင်ခဲ့သည်။ ဒုတိယပိုင်း ၆၃ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး စိုးမင်းဦး ဖန်တီးပေးသော ဘောလုံးကို ဇင်မင်းထွန်းက သွင်းယူခဲ့သည်။ ၇၁ မိနစ်တွင် လီဟန်ကွတ်နှင့် ၉၀+၂ မိနစ်တွင် စိုးမင်းဦးက သွင်းယူပေးခဲ့သည်။ ပွဲစဉ် (၁၁) နောက်ဆုံးနေ့ကို မေ ၃၀ ရက် **(ယနေ့)** တွင် ကျင်းပမည်ဖြစ်ပြီး မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ **ညီမြတ်သော်တာ**


## လက်ထပ်ပြီးစီးခြင်း

မိတ္ထီလာမြို့၊ ကြာအင်းရွာနေ ဒေါ်ထွေးရီ၊ ဦးမြင့်လွင်(အရာခံဗိုလ် GE)တို့၏တူ၊
ဦးကံရင်-(ဒေါ်လှရွှေး)တို့၏သား၊

**မောင်လှမျိုးသွင် @ RGyi(Rays) B.C.Sc**

**နှင့်**

ရန်ကုန်မြို့နေ ဦးဝင်းမောင် ညွှန်ကြားရေးမှူး(ငြိမ်း)၊ (စက်မှုလယ်ယာဦးစီးဌာန)-ဒေါ်ချိုချိုဖြူတို့၏တူမ
ကျောက်ပန်းတောင်းမြို့၊ ပြည်တော်သာရပ်ကွက်နေ (ဦးညွန့်)ကျောင်းဆရာ(ငြိမ်း)-ဒေါ်ကြည်လှ
တို့၏သမီးထွေး

**မကေသီညွန့် (စက်မှုလယ်ယာဦးစီးဌာန၊ ရုံးချုပ်)၊ နေပြည်တော်**

တို့သည် ၂၇-၄-၂၀၁၈ ရက်(သောကြာနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး တရားရုံးချုပ်၌ နှစ်ဖက်မိဘများ၏ သဘောတူညီချက်ဖြင့် အသိသက်သေများ၏ရှေ့မှောက်တွင် နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

**မောင်လှမျိုးသွင်-မကေသီညွန့်နှင့် နှစ်ဖက်မိဘများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၁၉)၊ အမှတ်(၂/၂၄)ဟုခေါ်တွင်သော မြေအကျယ်အဝန်း( ၇၂/၅၆ပေ× ၂၀၅/၂၅၃ပေ)ရှိ ဂရန်လျှောက်ထားဆဲမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ဒေါ်စီလေးချို ၁၂/လမန(နိုင်)၁၀၄၀၉၄(AG-၁၀၁၀၆၄)ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်စီလေးချိုသည် (၁၉-၁၂-၂၀၁၇)ရက်တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပါသည်။ ဒေါ်စီလေးချိုကွယ်လွန်ပြီးဖြစ်၍ ဒေါ်စီလေးချို ပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်တို့အား ဒေါ်စီလေးချို၏ညီမအရင်းဖြစ်သူ ဒေါ်ဂျင်ဘသင် ၁၂/ဥကတ(နိုင်)၁၅၆၅၅၆ (MMN -၄၈၃၉၈၇)က မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ပြီးဖြစ်ကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ တင်ပြ၍ ကျွန်ုပ်ထံသို့ (ခုနစ်ရက်)အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ် ၇၊ ၃-လွှာ၊ပေါ်တော်မူ ဘုရားလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၅၁၃၇၈၀၀၇၊ ၀၉-၃၂၆၇၄၁၁၉**

## မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)
## တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာခေါ်ယူခြင်း

မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)သည် တက္ကသိုလ်ပညာသင်ကြားရန် အခက်အခဲရှိသည့် မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်များ၏ သားသမီးများအနက် ၂၀၁၆-၂၀၁၇ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူ သားသမီးနှစ်ဦးကို စနစ်တကျစိစစ်ရွေးချယ်ပြီး တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေး ပေးအပ်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ အမှန်တကယ်လိုအပ်သော ကျောင်းသူ ကျောင်းသားများအနေဖြင့် ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာ ပုံစံများကို အောက်ပါပုဂ္ဂိုလ်များထံတွင် ရယူပြီး ၄င်းပုဂ္ဂိုလ်များထံတွင် ၂၀၁၈ ခုနှစ် မေ ၁၅ရက်နေ့ နောက်ဆုံးထား တင်သွင်းလျှောက်ထားနိုင်ပါရန် အသိပေးအပ်ပါသည်။ ဦးလှစိန်ဦး (09-420049091)၊ ဦးမောင်သိန်းခင်(09-77963522)၊ ဦးဦးမြင့်ကျော် (09-5064653)၊ ဒေါ်ခင်နှင်းကြည်(09-2046182)

**အမှုဆောင်အဖွဲ့**

**ဗလငါးတန်ပွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧပြီမှ စက်တင်ဘာလအထိ အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်း၊ အုတ်ရေမြောင်း တည်ဆောက်ခြင်း လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါရောင်းချမည့်ရက်** | - ၅-၅-၂၀၁၈ရက် |
| **တင်ဒါပိတ်မည့်ရက်** | - ၁၅-၅-၂၀၁၈ရက်၊ ၁၆း၀၀ နာရီ |
| **တင်ဒါရွေးချယ်မည့်ရက်/နေရာ** | - ၁၈-၅-၂၀၁၈ရက်၊ နံနက် ၁၀ နာရီ ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျောက်တံခါးမြို့**
**ဖုန်း-၀၅၄-၂၈၆၀၀၂၆**

**၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလကုန်အထိ ဆောင်ရွက်မည့်လုပ်ငန်းများ၏ အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ရန်**

## တင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ရှိသည့် ပဲခူးတိုင်းဒေသကြီးအတွင်း **ဌာနဆိုင်ရာအသီးသီး၏ လုပ်ငန်းအမျိုးမျိုးအားအရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက်** စိတ်ပါဝင်စားသည့်ကုမ္ပဏီများသည် ကုမ္ပဏီ Profile နှင့်တကွ ဝန်ထမ်းအင်အားစာရင်း၊ ကုမ္ပဏီမှ အထူးကျွမ်းကျင်မှုရှိပြီး ဦးစားပေးဆောင်ရွက်လိုသည့် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများကိုဖော်ပြလျက် တိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာနသို့ ၈-၅-၂၀၁၈ ရက်မှစ၍ ၁၅-၅-၂၀၁၈ ရက် နောက်ဆုံးထားပြီး လျှောက်လွှာဝယ်ယူလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့၊ ဖုန်း-၀၅၂-၂၂၂၄၅၇၂၊ ၂၂၂၁၅၂၃၊ ၂၂၂၁၂၂၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၃၇၈၂၁ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနောင်ထူးဝင်း ၉/ခမစ(နိုင်)၀၀၂၂၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ခအုန်းမော်ကျေးရွာအုပ်စု၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ခအုန်းမော်မှ မောင်ဇော်မင်းထွန်း ၁၁/မအန(နိုင်) ၀၇၄၀၉၁၃၏ဖခင် ဦးဇော်လင်း(ခ)ဦးမောင်မောင်ရေ ၁၁/မအန(နိုင်)၀၂၈၄၂၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်လင်း ၁၁/မအန(နိုင်)၀၂၈၄၂၀**

## တစ်ဦးတည်းဖြစ်ကြောင်း

မြိုင်မြို့နယ်၊ တဲကြီး(၂)ကျေးရွာ၊ အထက-ခွဲ၊ တက္ကသိုလ်ဝင်တန်းမှ မဖြိုးရတနာလှိုင်၏ဖခင် ဦးထွဋ်(ခ)ဦးကိုကိုထွဋ် ၈/မမန(နိုင်)၀၇၁၈၂၂မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးကိုကိုထွဋ်**

## အမည်ပြောင်း

ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ တဲကြီး(၂) ရွာနေ ဦးနီတာအား ဦးကျော်သန်း ၈/မမန(နိုင်)၂၀၉၅၆၉ဟု လည်းကောင်း၊ ဦးကျော်သန်း၏သမီး အထကခွဲ တဲကြီး(၂)၊ နဝမတန်းမှ မစုလှိုင်ရွှေအား မစုရတနာလှိုင်ဟု လည်းကောင်း၊ ပဥ္စမတန်းမှ မချောစုခိုင်အား မအိစန္ဒာထွန်းဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်းအသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၃/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၇၇)၊ မြေယာအမှတ်(277)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ မြေကွက်အား ဗိုလ်မှူးခင်ဇော်အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်မှာ မြေငှားဂရန်သစ်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်မော်မော်ထွေး ၉/မမန(နိုင်)၀၈၃၁၉၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

# ဒမတ်စကတ်တောင်ပိုင်း အိုင်အက်စ်တို့ထိန်းချုပ်ထားရာအနီးရှိ ဒေသများကို ဆီးရီးယားတပ်မတော် သိမ်းယူ

**ဒမတ်စကတ် ဧပြီ ၂၉**

ဆီးရီးယားတပ်မတော်သည် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများနှင့် တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် စနေနေ့တွင် ဒမတ်စကတ်တောင်ပိုင်းရှိ အိမ်နီးချင်းဒေသ လေးခုတို့ကို အပြည့်အဝ ထိန်းချုပ်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

တပ်မတော်သည် ဒမတ်စကတ်မြို့ ဇရိယာအတွင်းရှိ အကြမ်းဖက်အုပ်စုများ တပ်စွဲထားသည့် အချက်အချာနေရာတစ်ခုကို ဝန်းရံနိုင်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် ဆာနား သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ အယ်လ်ကွာဒမ်၊ မက်ဇ်နီယက်၊ အဆာလီနှင့် ဂျိုရတ်အိမ်နီးချင်းဒေသများကို ဒမတ်စကတ်မြို့တောင်ပိုင်းရှိ ဟာဂျာ အယ်လ်အာဆွက်နှင့် ယာမောက်စခန်း အနီးတစ်ဝိုက်ဒေသများကို အိုင်အက်စ်စစ်သွေးကြွများ လက်မှ အပြည့်အဝ ရရှိထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆီးရီးယားတပ်မတော်သည် အိုင်အက်စ်စစ်သွေးကြွများအား အဖျက်စွမ်းအားပြင်းထန်သည့် အမြောက်လက်နက်များဖြင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ သူပုန်များသည် အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့နှင့် ဆက်နွှယ်နေသည့် နျူဆရာတပ်ဦးနှင့်အတူ ပြီးခဲ့သည့်လက အယ်လ်ကွာဒမ်မှ ရွှေ့ပြောင်းထွက်ခွာခဲ့ပြီး အနီးအနားဒေသများရှိ အိုင်အက်စ်စစ်သွေးကြွများက အိမ်နီးချင်းနေရာအစိတ်အပိုင်း အများအပြားတို့ကို တိုက်ခိုက်ဖျက်ဆီးခဲ့သည်။

အိုင်အက်စ်တို့အား တိုက်ခိုက်နှိမ်နင်းသည့် စစ်ပွဲများမတိုင်မီ အကြမ်းဖက်အုပ်စုသည် ဆီးရီးယားကန္တာရဒေသ၏ ဝေးလံသည့်နေရာများဆီမှ ကယ်ဆယ်ရွှေ့ပြောင်းရေးသဘောတူညီမှုကို ကမ်းလှမ်းခြင်း ခံခဲ့ရသည်။ သို့သော် အိုင်အက်စ်စစ်သွေးကြွများသည် ကယ်ဆယ်ရွှေ့ပြောင်းရေးသဘောတူညီမှုကို အနှောင့်အယှက်ပေးကာ တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ အိုင်အက်စ်တို့ ရှုံးနိမ့်ခဲ့ပြီးနောက် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်နေသည့် စစ်သွေးကြွများကို ဘာလလီရာနှင့် ရယ်လ်ဒါအပြင်ဘက်တွင် ဘတ်စ်ကားဖြင့် သယ်ဆောင်ရွှေ့ပြောင်းဖွယ်ရှိကြောင်း သိရသည်။

ဒမတ်စကတ်မြို့တော်တစ်ခုလုံးသည် သူပုန်များကင်းစင်တော့မည်ဖြစ်ပြီး တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုသည် တောင်ပိုင်း ဒါရာပြည်နယ်ဆီသို့ ဆက်လက်ဦးတည်သွားဖွယ်ရှိကြောင်း သိရသည်။ ဒါရာပြည်နယ်သည် ဒမတ်စကတ်မှ ၁၀၀ ကီလိုမီတာခန့်ဝေးကွာသည်။

**ဆင်ဟွာ**




# ဂျပန်နှင့် ဆွေးနွေးပွဲများ အချိန်မရွေးကျင်းပရန် အဆင်သင့်ဟု မြောက်ကိုရီးယား ပြောကြား

**ဆိုးလ် ဧပြီ ၂၉**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ဂျပန်နှင့် ဆွေးနွေးပွဲများ အချိန်မရွေးကျင်းပသွားရန် အသင့်ပင်ဖြစ်ကြောင်း သောကြာနေ့က တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းသို့ ပြောကြားလိုက်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ဖော်ပြခဲ့သည်။

သမ္မတမွန်သည် သောကြာနေ့က ကျင်းပပြုလုပ်ခဲ့သည့် ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးနှင့် ပတ်သက်၍ အကျဉ်းချုပ်ပြောဆိုရန် တနင်္ဂနွေနေ့တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဖုန်းဖြင့် ဆက်သွယ်ခဲ့သည်။

သမ္မတရုံးက ဖော်ပြခဲ့သည်မှာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် မြောက်ကိုရီးယားနှင့် ဆွေးနွေးပွဲများ ကျင်းပရန်၊ သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာများကို ပြန်လည်ဆွေးနွေးအဖြေရှာရန်နှင့် မြောက်ကိုရီးယားနိုင်ငံနှင့် သံတမန်အရ ဆက်ဆံမှုကို ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန် အဆင်သင့်ပင်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသို့ ပြောကြားခဲ့သည်ဟု ဆိုသည်။

ထိုသို့ ပြောဆိုမှုကို ခေါင်းဆောင်ကင်က မြောက်ကိုရီးယားအနေဖြင့်လည်း မည်သည့်အချိန်တွင်မဆို ဂျပန်နှင့် ဆွေးနွေးပွဲများ ပြုလုပ်သွားရန် အသင့်ပင်ဖြစ်ကြောင်း တုံ့ပြန်ပြောဆိုခဲ့သည်ဟု သမ္မတရုံးဖော်ပြချက်တွင် ပါရှိသည်။

မွန်သည် အဆိုပါအကြောင်းအရာကို အာဘေးသို့ ပြောပြခဲ့ပြီး ၎င်းအနေဖြင့် ဂျပန်နှင့် မြောက်ကိုရီးယားတို့အကြားတွင် ပေါင်းကူးတံတားတစ်ခုသဖွယ် ဆောင်ရွက်ရမည်ကို ဝမ်းမြောက် ပျော်ရွှင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သောကြာနေ့က ကျင်းပသည့် ထိပ်သီးအစည်းအဝေးတွင် သမ္မတမွန်ဂျယ်အင်းသည် ဆယ်စုနှစ်များအကြာက မြောက်ကိုရီးယားအေးဂျင့်များ၏ ပြန်ပေးဆွဲခေါ်ဆောင်သွားခြင်းခံရသည့် ဂျပန်နိုင်ငံသားများကိစ္စကို ထည့်သွင်းပြောဆိုခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**




# အနောက်တိုင်းပုံစံ ဒီမိုကရေစီစနစ်က အာဖရိကနှင့် သင့်လျော်ညီညွတ်မှု မရှိကြောင်း ကုလအမှုဆောင်အရာရှိတစ်ဦးက ပြောကြား

**ကီဂါလီ ဧပြီ ၂၉**

အနောက်နိုင်ငံများတွင် ကျင့်သုံးသည့် ဒီမိုကရေစီပုံစံသည် အာဖရိကနှင့် သင့်လျော်ညီညွတ်မှုမရှိဟု ကုလသမဂ္ဂအမှုဆောင်အရာရှိတစ်ဦးက စနေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အာဖရိကသည် ၎င်း၏ ကိုယ်ပိုင်ပုံစံဖြင့်သာ ဒီမိုကရေစီပုံစံကို တည်ဆောက်သင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အနောက်နိုင်ငံများနှင့် အာဖရိကနိုင်ငံများသည် လူမှုရေးဆိုင်ရာ အပြုအမူများ ကွဲပြားခြားနားကြောင်း၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများလည်း မတူညီကြောင်း၊ အာဖရိကဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးကော်မရှင်၏ ဒုတိယအမှုဆောင်အရာရှိ အဗ္ဗဒယ်လာ ဟမ်ဒေါ့ခ်က ရဝမ်ဒါမြို့တော် ကီဂါလီ၌ ကျင်းပခဲ့သည့် အင်တာဗျူးတစ်ခုတွင် ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ဒီမိုကရေစီနည်းအရ ဆုံးဖြတ်ချက်ချမှုများသည် ပွင့်လင်းမြင်သာခြင်း၊ မြန်ဆန်ခြင်းနှင့် ပိုမိုစွမ်းဆောင်နိုင်သည့် အားသာချက်များရှိသည်ဟု ဟမ်ဒေါ့ခ်က ပြောသည်။ သို့သော် အခြားတစ်ဖက်တွင်မူ ယင်းကဲ့သို့ဆုံးဖြတ်မှုသည် လူနည်းစုတို့၏ သဘောထားရပ်တည်ချက်များကို လျစ်လျူရှုထားရာရောက်နေကြောင်း ၎င်းက ထောက်ပြခဲ့သည်။

ဒီမိုကရေစီစနစ်ဟူသည် ပြည်ပမှ အတွေးအခေါ်များကို ပြည်တွင်းသို့ တင်သွင်းရန် ဆိုလိုခြင်း မဟုတ်ကြောင်း၊ သမိုင်းကြောင်းနှင့် ဆက်နွှယ်နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အာဖရိကသည် ကိုယ်ပိုင်ဒီမိုကရေစီပုံစံအတိုင်းသာ ဆက်သွားသင့်ကြောင်း ဟမ်ဒေါ့ခ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**



အာဖရိကနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးကော်မရှင် ဒုတိယအမှုဆောင်အရာရှိ အဗ္ဗဒယ်လာ ဟမ်ဒေါ့ခ်

# နီပေါနိုင်ငံက ကြံ့နှစ်ကောင်ကို လက်ဆောင်အဖြစ် တရုတ်သို့ ပေးအပ်မည်

**ခတ္တမန္ဒူ ဧပြီ ၂၉**

နီပေါအစိုးရသည် ကြံ့နှစ်ကောင်ကို တရုတ်နိုင်ငံသို့ လက်ဆောင်အဖြစ်ပေးရန် ပြင်ဆင်နေကြောင်း အာဏာပိုင်များက အတည်ပြုခဲ့သည်။

အမျိုးသားဥယျာဉ်မှ အာဏာပိုင်များ၊ နည်းပညာဆိုင်ရာကျွမ်းကျင်သူများ၊ တိရစ္ဆာန်ကုဆရာဝန်များနှင့် နီပေါတပ်မတော်အာဏာပိုင်များ အပါအဝင် လူ ၅၀ ခန့်ပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် စနေနေ့က ဦးချိုတစ်ချောင်းပါကြံ့တစ်ကောင်ကို ချစ်ဝမ် အမျိုးသားဥယျာဉ်မှ ဖမ်းဆီးခဲ့ကြသည်။

အသက် နှစ်နှစ်ခန့်ရှိ ကြံ့ထီးတစ်ကောင်ကို စနေနေ့က ဥယျာဉ်အနောက်ဘက်အခြမ်းမှ ဖမ်းယူခဲ့ကြသည်။ ကြံ့အား ဥယျာဉ်ခြံဝင်းအတွင်း အကာအရံများဖြင့် ထိန်းသိမ်းထားကြောင်း ချစ်ဝမ်အမျိုးသားဥယျာဉ်မှ လက်ထောက်ထိန်းသိမ်းရေးအရာရှိ နျူရန်ဒရာ အာရယ်လ်က ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ လက်ဆောင်ပေးရန်အတွက် နောက်ထပ်ကြံ့တစ်ကောင်အား ဖမ်းဆီးမှုကို ရက်အနည်းငယ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာရယ်လ်က ပြောသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အာဖဂန် စစ်အခြေစိုက်စခန်း၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ခြောက်ဦးသေဆုံး

**လက်ရှကာဂါ ဧပြီ ၂၉**

အာဖဂန်နစ္စတန်တောင်ပိုင်း ဟယ်လ်မန်ပြည်နယ် နတ်ဒ်အလီခရိုင်ရှိ စစ်အခြေစိုက်စခန်းတစ်ခု၏ ဘေး၌ စနေနေ့က ကားဗုံးဖောက်ခွဲမှု ဖြစ်ပွားခဲ့ရာ တိုက်ခိုက်သူ တစ်ဦးအပါအဝင် ခြောက်ဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၀ ဦးရှိခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အိုမာဇာဝက်ခ်က ပြောကြားခဲ့သည်။

အကြမ်းဖက်သမား တစ်ဦးသည် ပေါက်ကွဲပစ္စည်း တင်ဆောင်ထားသည့် ကားတစ်စီးကို နံနက်ခင်းအချိန်တွင် နတ်ဒ်အလီခရိုင်ရှိ စစ်အခြေစိုက်စခန်းတစ်ခုဆီသို့မောင်းနှင်လာခဲ့ပြီး အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ လုံခြုံရေးတာဝန်ရှိသူ တစ်ဦးနှင့် အရပ်သားလေးဦး အပါအဝင် ဗုံးသမားလည်း သေဆုံးခဲ့သည်ဟု ဇာဝက်ခ်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ဗုံးခွဲတိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးနေကြောင်းသိရှိရပြီး အာဏာပိုင်က အသေးစိတ် အချက်အလက်များကို ဖော်ပြခဲ့ခြင်းမရှိပေ။ သို့သော် သေဆုံးသူအရေအတွက်သည် ဖော်ပြထားသည်ထက် များကြောင်း သတင်းရင်းမြစ်အချို့ကဖော်ပြသည်။ **ဆင်ဟွာ**

### ဂျပန်နိုင်ငံအပြင်ဘက်ရှိ မြောက်ကိုရီးယားသင်္ဘောများကို ဩစတြေးလျနှင့် ကနေဒါတို့ စောင့်ကြည့်စစ်ဆေးသွားမည်

**ကန်ဘာရာ ဧပြီ ၂၉**

မြောက်ကိုရီးယားရေယာဉ်များပါဝင်သည့် ဥပဒေအရ ပိတ်ပင်ထားသော သင်္ဘောတစ်စင်းမှတစ်စင်း ရွှေ့ပြောင်းသယ်ဆောင်မှုများကို စောင့်ကြည့်ထိန်းချုပ်ရန် ဂျပန်ရှိအမေရိကန် အခြေစိုက်စခန်းသို့ ဩစတြေးလျနှင့် ကနေဒါနိုင်ငံတို့က တပ်မတော်ရဟတ်ယာဉ် စေလွှတ်မည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေး သတင်းရင်းမြစ်များထံမှ သိရသည်။

ယင်း သတင်းရင်းမြစ်များတွင် ဖော်ပြမှုအရ ကင်းလှည့်လေယာဉ်ကို မကြာမီအချိန်အတွင်း ဂျပန်နိုင်ငံ တောင်ပိုင်း အိုကီနာဝါစီရင်စုရှိ ယူအက်စ်ကာဒီနာ လေတပ်အခြေစိုက်စခန်းဆီသို့ စေလွှတ်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။ကုလသမဂ္ဂက မြောက်ကိုရီးယားသည် နျူကလီးယားနှင့် လက်နက်အစီအစဉ်များအပေါ် ကုလသမဂ္ဂ၏အရေးယူပိတ်ဆို့မှုများကို ရှောင်တိမ်းရန်အတွက် ပင်လယ်ပြင်၌ ကုန်ပစ္စည်းများကိုပြည်ပရေယာဉ်များဖြင့် ရွှေ့ပြောင်းသယ်ယူမှုပြုလုပ်နေကြောင်း ပြောကြားခဲ့သည်။


အဆိုပါလေယာဉ်များဖြင့်စောင့်ကြည့်စစ်ဆေးမှုကို ပူးပေါင်းပါဝင်ဆောင်ရွက်ရာတွင် အမေရိကန်တပ်မတော်က ဦးဆောင်သွားမည်ဖြစ်ပြီး သတင်းအချက်အလက်များကို ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့နှင့်အတူ မျှဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အကြိမ်ကြိမ်နှောင့်နှေးခဲ့ရတဲ့ဗြိတိန်ခရီးစဉ် ဒီတစ်ခါအမှန်အကောင်အထည်ပေါ်မှာလား

**ခြူးစန္ဒီနွေး**

**ဥရောပသမဂ္ဂအဖွဲ့ကြီးကနေ ဗြိတိန်နုတ်ထွက်တော့မယ်လို့ စီစဉ်ပြီးတဲ့နောက်မှာတော့ အမေရိကန်ဟာ ဗြိတိန်အတွက် စီးပွားရေးမိတ်ဖက်နိုင်ငံတွေထဲက တစ်ခုဖြစ်လာမယ့် အရိပ်အယောင်တွေ ပေါ်လာခဲ့ပါတယ်။ အမေရိကန်ဘက်ကလည်း ဗြိတိန်နဲ့လက်တွဲသွားဖို့ လိုလိုလားလားပါပဲ။**



**အကြိမ်ကြိမ်နှောင့်နှေးခဲ့ရ**

အမေရိကန်သမ္မတထရန့် ရွေးကောက်ပွဲမှာ အနိုင်ရစကတည်းက ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ အမေရိကန်ကိုသွားပြီး ထရန့်ကို တွေ့ဆုံခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ဗြိတိန်ကိုလည်းလာရောက်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ သမ္မတထရန့်ကလည်း ဗြိတိန်ကိုလာဖို့ စီစဉ်ခဲ့ပေမယ့် အကြောင်း အမျိုးမျိုးကြောင့် အကောင်အထည် မပေါ်ခဲ့ပါဘူး။ အကြိမ်ကြိမ် နှောင့်နှေးခဲ့ရပါတယ်။ ဒါပေမယ့် အခုအခါမှာတော့ အမေရိကန်သမ္မတ ထရန့်ဟာ ဗြိတိန်ကို ပထမဦးဆုံးအကြိမ် တရားဝင်အလည်အပတ် သွားရောက်ပါတော့မယ်။ ဇူလိုင်လ ၁၃ ရက်နေ့မှာ သွားရောက်မှာ ဖြစ်တယ်လို့ အိမ်ဖြူတော်က ကြေညာခဲ့ပါတယ်။ ဒါဟာ အမေရိကန်နဲ့ သူ့ရဲ့အရင်းနှီးဆုံး မဟာမိတ်နိုင်ငံတို့ကြား သဘောထား တင်းမာမှုတွေရှိနေတဲ့ အချိန်သွားရောက်တဲ့ ခရီးစဉ်လည်းဖြစ်တယ်။

**ခရီးစဉ် အထမမြောက်ခဲ့**

မစ္စတာထရန့် အမေရိကန်သမ္မတဖြစ်လာပြီးတဲ့နောက် ထရီဆာမေဟာ ပထမဦးဆုံးထရန့်ကို သွားတွေ့တဲ့ နိုင်ငံ့ခေါင်းဆောင် တစ်ဦးလည်း ဖြစ်တယ်။ ထရန့်ကို ဗြိတိန်ဘုရင်မကြီး အဲလိဇဘက်ကဖိတ်ကြားကြောင်းလည်းပြောခဲ့ပြီး ဗြိတိန်ကိုလာဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ သမ္မတထရန့်ကလည်း လက်ခံခဲ့ပါတယ်။ ယခုနှစ်အစောပိုင်းကလည်း ဗြိတိန်ကိုသွားရောက်ဖို့ ထရန့်တစ်ယောက် စီစဉ်ခဲ့ ဖူးပါတယ်။ အမေရိကန်သံရုံး အသစ်ဖွင့်ဖို့ သွားရောက်မှာလည်းဖြစ်တယ်။ ဒါပေမယ့်လည်း တွစ်တာပေါ်က ထရန့်ရဲ့စာကြောင့် ခရီးစဉ်ပျက်သွားခဲ့ပါတယ်။ ဒါကတော့ သံရုံးအသစ်ဆောက်ဖို့ စရိတ်စကကြီးမြင့်လွန်းတယ်လို့ ထရန့်က ဝေဖန်ပြစ်တင်ခဲ့လို့ပါပဲ။ အဲဒီနောက်မှာတော့ သမ္မတထရန့်ကို ဗြိတိန်ပြည်သူတွေက ဆန့်ကျင်မှုတွေရှိလာပြီး ထရန့်ရော ထရီဆာမေပါ အခက်ကြုံခဲ့ရပါတယ်။ ဒီလိုနဲ့ ခရီးစဉ်ဟာ အထမမြောက်ခဲ့ပြန်ပါဘူး။

**ဗြိတိန်ပြည်သူတွေစိတ်ဆိုးခဲ့**

မနှစ်တုန်းကလည်း သမ္မတထရန့်ရဲ့ ဗြိတိန်ခရီးစဉ်အတွက် အိမ်ဖြူတော်ကဝန်ထမ်းတွေဟာ ရက်သတ်မှတ်ဖို့ ကြိုးစားပြန်ပါတယ်။ ဒါပေမယ့်လည်း ဇွန်လအတွင်းက လန်ဒန်မှာဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး ထရန့်ရဲ့မှတ်ချက်ပြု ပြောစကားကြောင့် ဗြိတိန်ပြည်သူတွေ စိတ်ဆိုးခဲ့ရပြန်ပါတယ်။ လန်ဒန်မှာ ဇွန်လအတွင်းက ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်ခံရမှုကတော့ လန်ဒန်တံတားပေါ်က လမ်းသွားလမ်းလာတွေကြား ဗင်ကားတစ်စင်း အတင်းဝင်တိုက်ခဲ့ပြီး နာရီအနည်းငယ်ကြာတဲ့အခါမှာတော့ လမ်းပေါ်မှာ လူတွေကို ဓားနဲ့လိုက်ထိုးခဲ့ပါတယ်။ အဲဒီဖြစ်ရပ်အတွက် သမ္မတထရန့်က မွတ်ဆလင်တစ်ဦးဖြစ်တဲ့ လန်ဒန်မြို့တော်ဝန် ဆာဒစ်ခန်ကို တွစ်တာပေါ်မှာ အပြစ်တင်ခဲ့ပါတယ်။ လူ ခုနစ်ဦးသေဆုံးပြီး ၄၈ ဦး ဒဏ်ရာရခဲ့တာတောင် လန်ဒန်မြို့တော်ဝန်က ထိတ်လန့်စရာမလိုဘူးလို့ ပြောသေးတယ်လို့ ထရန့်က တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။ အမှန်ကတော့ မစ္စတာခန်ဟာ ဒီတိုက်ခိုက်မှုအပြီး လက်နက်အပြည့်အစုံနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို မြို့အနှံ့တပ်ဖြန့်ချထားတဲ့အတွက် ပြည်သူတွေ ထိတ်လန့်မှာစိုးလို့ ဒီစကားကို ပြောခဲ့တာပါ။

**ဝန်ကြီးချုပ်ထရီဆာမေကို စိတ်ဆိုးစေခဲ့**

ပြီးခဲ့တဲ့စက်တင်ဘာလအတွင်းမှာတော့ မစ္စတာထရန့်ဟာ မွတ်ဆလင်ကြီးစိုးတဲ့နိုင်ငံတွေကလူတွေ အမေရိကန်ကို ခရီးသွားလာခွင့် ပိတ်ပင်မှုကို တိုးမြှင့်ခဲ့ပြီး ဒီလူတွေဟာ စကော့တလန်ကလို့ ဝေဖန်ခဲ့တဲ့အတွက် ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေကို စိတ်ဆိုးစေခဲ့ပါတယ်။ အခုအခါမှာတော့ ဗြိတိန်ကို ခရီးထွက်မယ့် ရက်သတ်မှတ်ချက်အသစ်ကို ကြေညာလိုက်ပါပြီ။ ဘရပ်ဆဲလ်မြို့မှာ ကျင်းပမယ့် နေတိုးထိပ်သီးအစည်းအဝေးကို သမ္မတထရန့် တက်ရောက်ဖို့ရှိပြီး အဲဒီအစည်းအဝေးအပြီးမှာတော့ ဗြိတိန်ကိုခရီးဆက်လိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။

**ဘယ်နိုင်ငံရေးသမားကိုမှမဖိတ်**

ထရန့်လန်ဒန်ကိုသွားရောက်မယ့်အချိန်ကတော့ လန်ဒန်မှာ တကယ့်ကို ထူးခြားတဲ့အချိန်နဲ့ တိုက်ဆိုင်မှုမရှိပါဘူး။ ဗြိတိန် ဘုရင်မကြီးရဲ့မြေးဖြစ်သူမင်းသား ဟယ်ရီနဲ့ အမေရိကန်ရုပ်ရှင်မင်းသမီး မီဂန်မာကယ်တို့ဟာ နောက်လမှာပဲ လက်ထပ်ပွဲ ကျင်းပတော့မှာ ဖြစ်တယ်။ မီဂန်မာကယ်ကတော့ ထရန့်ကိုအစဉ်တစိုက်ဆိုသလို ဝေဖန်မှုတွေပြုခဲ့တဲ့သူပဲ ဖြစ်တယ်။ ဗြိတိန်သတင်းစာတွေရဲ့ဖော်ပြချက်အရတော့ မင်းသားဟယ်ရီနဲ့ မီဂန်မာကယ်တို့ဟာ သမ္မတထရန့်နဲ့ သူ့ဇနီးတို့ကို မင်္ဂလာပွဲတက်ရောက်မယ့် စာရင်းမှာထည့်ဖို့အတွက် စိတ်ညစ်နေရတယ်လို့ ဖော်ပြကြပါတယ်။ ဒါပေမယ့် ကင်းစတန်နန်းတော်ကတော့ မင်္ဂလာပွဲကို တက်ရောက်ဖို့ ဘယ်နိုင်ငံရေးသမားကိုမှ မဖိတ်ဘူးလို့ ဒီလအတွင်းမှာပဲ တရားဝင်ကြေညာခဲ့ပါတယ်။

**အသေးစိတ်အချက်အလက်တွေ မသိရသေး**

သမ္မတထရန့် ဗြိတိန်ကိုရောက်ရှိတဲ့အခါမှာတော့ ဒေါင်းနင်းလမ်းမှာ ထရီဆာမေနဲ့ ဆွေးနွေးဖို့ရှိပြီး ဘုရင်မကြီး ဒါမှမဟုတ် တော်ဝင်မိသားစုဝင်တစ်ဦးဦးဟာ ဒီဆွေးနွေးပွဲကို တက်ရောက်ဖို့ရှိတယ်လို့ သတင်းအရင်းအမြစ်တစ်ခုက စီအင်န်အင်န်နဲ့ သည်ဂါးဒီးယန်းတို့ကို ဖြေကြားထားပါတယ်။ သမ္မတထရန့်ရဲ့ ဗြိတိန်ခရီးစဉ်နဲ့ ပတ်သက်လို့ အသေးစိတ်အချက်အလက်တွေကိုတော့ သိရှိရခြင်း မရှိပါဘူး။ မကြာခင်ရက်ပိုင်းအတွင်းမှာပဲ ခရီးစဉ်နဲ့ပတ်သက်တဲ့ အချက်တွေကို ဖော်ပြပေးလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ ဒါပေမယ့်လည်း သမ္မတထရန့်အပေါ် အမြင်မကြည်လင်မှုတွေရှိနေတော့ နိုင်ငံတော်အဆင့်ခရီးစဉ်သဖွယ်တော့ ဂုဏ်ပြုခံရမှာ မဟုတ်ဘူးလို့လည်း ခန့်မှန်းမှုတွေရှိနေပါတယ်။

**မျက်နှာပျက်စရာတွေဖြစ်လာခဲ့**

သမ္မတထရန့်ကို ဘာကင်ဟမ်နန်းတော်မှာသာ နိုင်ငံတော်အဆင့်ညှော်ခံပွဲနဲ့ ကြိုဆိုညှော်ခံခဲ့မယ်ဆိုရင် လူထုရဲ့ ဆန္ဒပြမှုတွေနဲ့ ကြုံတွေ့ရမှာကိုလည်း ကြောက်ရပါတယ်။ ဒါကြောင့် ဒီခရီးစဉ်ကို အလုပ်သဘောခရီးစဉ်လို့သာ အသိအမှတ်ပြုလိမ့်မယ်လို့လည်း စီးပွားရေးဆိုင်ရာ အတွင်းလူတွေက ပြောကြပါတယ်။ အမှန်တကယ်ဆိုရင် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ အမေရိကန်ကို သွားရောက်ပြီး သမ္မတထရန့်နဲ့ ဦးဆုံး တွေ့ဆုံစဉ်ကတည်းက ဗြိတိန်ကိုလာဖို့ဖိတ်ကြားခဲ့ပါတယ်။ အဲဒီတုန်းကသာ လာဖြစ်ခဲ့မယ်ဆိုရင် ဒီလိုအကျပ်ရိုက်စရာ အခြေအနေမျိုးနဲ့ ကြုံတွေ့ရမှာ မဟုတ်ပါဘူး။ ခရီးစဉ်အကြိမ်ကြိမ် ပျက်ခဲ့ပြီးတဲ့နောက်ပိုင်းမှာတော့ နှစ်နိုင်ငံခေါင်းဆောင်တွေကြား မျက်နှာပျက်စရာတွေ ဖြစ်လာခဲ့ပါတော့တယ်။

**ဖိတ်ကြားမှုကိုပယ်ဖျက်ပေးဖို့ တောင်းဆို**

လန်ဒန်မြို့မှာ အကြမ်းဖက်သမားတွေရဲ့တိုက်ခိုက်ခံရမှုနဲ့ပတ်သက်ပြီး မြို့တော်ဝန်ဆာဒစ်ခန်ကို ဝေဖန်တဲ့ကိစ္စရော၊ အခြားသော သဘောထားကွဲလွဲစရာကိစ္စတွေကြောင့်ပါ။ လွန်ခဲ့တဲ့နှစ်အစပိုင်းကဆိုရင် ဗြိတိန်ပြည်သူ ၁ ဒသမ ၈ သန်းကျော်ဟာ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေထံ အသနားခံစာတင်ကြပါတယ်။ သူတို့တောင်းဆိုတဲ့အရာကတော့ ဗြိတိန်ကိုလာရောက်လည်ပတ်ဖို့ အမေရိကန်သမ္မတကို ဖိတ်ကြားထားတဲ့ ထရီဆာမေရဲ့ ဖိတ်ကြားမှုကို ပယ်ဖျက်ပေးဖို့ပါပဲ။

**ခရီးစဉ်အမှန်တကယ် အထမြောက်ပါ့မလား**

ဗြိတိန်ကို သွားရောက်ဖို့ အကြိမ်ကြိမ်ပျက်ခဲ့ရတဲ့ ထရန့်ရဲ့ခရီးစဉ်ဟာ အခုအခါမှာရော တကယ်ပဲ အကောင်အထည် ပေါ်ပါ့မလား။ ရက်အတိအကျ ထွက်လာပေမယ့် သွားရမယ့်အချိန်ကလည်း လိုနေသေးတော့ အခြေအနေက တစ်မျိုးပြောင်းမသွားနိုင်ဘူးလို့ ဘယ်သူမှ တပ်အပ်မပြောနိုင်ပါဘူး။ ဒီကြားထဲ ထရန့်ကလည်း မထင်ရင်မထင်သလိုတွစ်တာပေါ်မှာ ရေးရေးတင်တော့ ခရီးစဉ်ပျက်သွားရမှာလည်း စိုးရိမ်ရပါတယ်။ စီးပွားရေးဆိုင်ရာယှဉ်ပြိုင်မှုတွေ အားကောင်းလာတဲ့အချိန် အမေရိကန်အတွက် စီးပွားရေးမိတ်ဖက်တွေ အားကောင်းနေဖို့လိုပါတယ်။ ဗြိတိန်ကလည်း အလားတူပါပဲ။ ဒီတစ်ကြိမ်မှာလည်း ထရန့်ရဲ့ခရီးစဉ် အထမြောက်ပါ့မလား ဆိုတာကိုတော့ ဆက်လက်စောင့်ကြည့်ရမှာပါပဲ။

**ကိုးကား- နယူးယောက်တိုင်းမ်**

> **“ဗြိတိန်ကိုသွားရောက်ဖို့ အကြိမ်ကြိမ်ပျက်ခဲ့ရတဲ့ ထရန့်ရဲ့ ခရီးစဉ်ဟာ အခုအခါမှာရော တကယ်ပဲ အကောင်အထည်ပေါ်ပါ့မလား။ ရက်အတိအကျ ထွက်လာပေမယ့် သွားရမယ့်အချိန်ကလည်း လိုနေသေးတော့ အခြေအနေက တစ်မျိုးပြောင်းမသွားနိုင်ဘူးလို့ ဘယ်သူမှ တပ်အပ်မပြောနိုင်ပါဘူး”**

# နွေရာသီ နှမ်းသီးနှံမျိုးကို နည်းပညာသစ်ဖြင့် စိုက်ပျိုးစေသော်လည်း တောင်သူများ ရင်းနှီးကျွမ်းကျင်မှု အားနည်းသည့်အတွက် အောင်မြင်မှုနည်းပါးနေ

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း နွေရာသီသီးနှံအဖြစ် နှမ်းမျိုးစေ့အသစ်ကို JICA နှင့် ဒေသခံပညာရှင်များ ပူးပေါင်းထားသည့် နည်းပညာအသစ်နှင့် အစားထိုးစိုက်ပျိုးစေခဲ့ရာ နည်းပညာပိုင်း၌ တောင်သူများရင်းနှီးကျွမ်းဝင်မှု လိုအပ်ချက်များအရ အောင်မြင်မှုရရန် လိုအပ်နေဆဲဖြစ်ကြောင်း သိရသည်။

နှမ်းမျိုးစေ့သစ်ဖြစ်သည့် ဆင်းရတနာ (၃) နှင့် သိပ္ပံနှမ်းနက် နှမ်းသီးနှံကို ပြီးခဲ့သည့်နှစ်က စတင်၍ ဂျပန်နိုင်ငံအခြေစိုက် JICA နှင့် PRORIA အဖွဲ့တို့ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဒေသများ၌ အကျိုးအမြတ်ဖြစ်ထွန်းစေမည့် ရေသွင်းစိုက်ပျိုးရေးစီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့်အဖွဲ့တို့မှ စတင်မိတ်ဆက်ပေးခဲ့ပြီး ယခုနှစ်တွင် စတင်စမ်းသပ်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စတင်စိုက်ပျိုးရာ၌ မကွေးတိုင်းဒေသကြီးမှ စိုက်ပျိုးရေးနည်းပညာရှင်များနှင့် JICA နည်းပညာတို့ ပူးပေါင်း၍ နည်းပညာပိုင်းဆိုင်ရာများ ပို့ချကူညီမှုများအပြင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ကျောက်ဆည်မြို့ဝန်းကျင်ဒေသများသို့ တောင်သူများအား လေ့လာရေးစေလွှတ်ကာ နည်းပညာများ လေ့လာစေခဲ့သော်လည်း ဒေသခံတောင်သူများအနေဖြင့် သမားရိုးကျစိုက်ပျိုးခြင်းကိုသာ စိတ်အားထက်သန်လျက်ရှိသည့်အတွက် အထွက်နှုန်းမှာ ထင်သလောက် မအောင်မြင်ခဲ့ကြောင်း PRORIA အဖွဲ့မှ သိရသည်။

နှမ်းကို ဇန်နဝါရီလလယ်ပိုင်းတွင် စတင်စိုက်ပျိုး၍ ရက်ပေါင်း ၉၀ ပြည့်လျှင် ရိတ်သိမ်းနိုင်မည်ဖြစ်ကာ ယခင်က နွေနှမ်းစိုက်ပျိုးမှုမှာ အင်မတန်နည်းပါးပြီး PRORIA အဖွဲ့၏ လမ်းညွှန်မှုဖြင့် သံပရာပင်ကျေးရွာတွင် ဧကပေါင်း ၆၀ ကျော် စိုက်ပျိုးထားသည့်အပြင် တောင်သူအချင်းချင်း စိုက်နည်းများယူ၍ စိုက်ပျိုးသည့်ဧကမှာ ၉၀ ကျော်ရှိသည်။ ရေသွင်းစိုက်ပျိုးရာ၌ နွေစပါးတစ်ဧကအတွက် ရေကို နှမ်းတွင် သုံးဧကအထိ အသုံးပြုနိုင်သည့်အတွက် ရေကို အကျိုးရှိရှိ အသုံးချနိုင်ကြောင်း၊ ဈေးကွက် အခြေအနေအရ နှမ်းက ဈေးငြိမ်နေပြီး တောင်သူများ နည်းပညာအတိုင်း ကြိုးစားပြီး လုပ်ကိုင်ပါက အရည်အသွေးကောင်းလျှင် ဈေးကောင်းပိုမိုရရှိနိုင်သည့်အတွက် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိနိုင်ကြောင်း PRORIA အဖွဲ့မှ စီမံကိန်းလက်ထောက် ဦးသန့်ဇင်မောင်က ပြောသည်။

အဆိုပါဒေသတွင် ယခင်နှစ်များက နွေစပါးသာ စိုက်ပျိုးခဲ့ရာမှ သီးနှံတစ်ခုတည်းကို ဆက်တိုက်စိုက်ပျိုးခြင်းကြောင့် အထွက်နှုန်းကျခြင်း၊ နွေစပါးရိတ်သိမ်းချိန်နောက်ကျသဖြင့် မိုးစပါးစိုက်ရာတွင် ကသီလင်တနိုင်ခြင်းနှင့် ရေသွင်းစိုက်ပျိုးရာတွင် ရေမလုံလောက်ခြင်း စသည့်အခက်အခဲများ ကြုံတွေ့နေရသဖြင့် အခြားသော အစားထိုးသီးနှံကို စိုက်ပျိုးရန် တောင်သူများအနေဖြင့် ဆန္ဒရှိခဲ့ပြီး PRORIA ပူးပေါင်းအဖွဲ့မှ မျိုးစေ့နှင့်နည်းပညာများ ကူညီခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။



"ကျွန်တော်တို့ JICA အဖွဲ့နဲ့ ကျောက်ဆည်ကို လေ့လာရေးသွားကြည့်တဲ့အခါမှာ သူတို့ဆီမှာ လုပ်တဲ့နည်းပညာနဲ့ ကျွန်တော်တို့ဆီမှာ လုပ်တဲ့နည်းပညာ အရမ်းကို ကွာဟနေတယ်၊ အဲဒီနည်းစနစ်အတိုင်း လိုက်လုပ်မယ်ဆိုရင် ကျွန်တော်တို့ဆီမှာလည်း သေချာပေါက် အကျိုးအမြတ်ဖြစ်ထွန်းမယ်လို့ မျှော်လင့်ထားပါတယ်၊ ဖြစ်အောင်လည်း ကြိုးစားမှာပါ၊ ဂျပန်ကပေးတဲ့ နည်းပညာနဲ့ အဲဒီမှာ ကိုယ်တိုင်ကြုံတဲ့ အတွေ့အကြုံကို ပေါင်းစပ်ပြီးတော့ လုပ်မယ်လို့ အားခဲထားပါတယ်၊ ဒီနှစ် ကျွန်တော်တို့ သွားလေ့လာတဲ့အချိန် ကျွန်တော်တို့ဆီမှာ စိုက်ပြီးနေပြီ၊ အဲဒါကြောင့် ပြန်ပြင်လို့မရတော့ဘူး" ဟု ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ် ပေါင်းနွယ်ခြံအုပ်စု သံပရာပင်ကျေးရွာမှ တောင်သူ ကိုကျော်စိုးဦးက ပြောသည်။

အချို့သောဒေသတွင် စပါးပြီးလျှင် ပဲစိုက်ပျိုးလျက်ရှိရာ မတ်ပဲဈေးမှာ ဈေးကျဆင်းမှုများနှင့်ကြုံတွေ့နေရကာ တောင်သူများအနေဖြင့် တွက်ခြေမကိုက်တော့ကြောင်း၊ ဈေးကွက်တည်ငြိမ်သည့် နှမ်းကိုသာ တောင်သူများအနေဖြင့် စိုက်ပျိုးသင့်ကြောင်း၊ နွေနှမ်းစိုက်ပျိုးရာတွင် တစ်ဧကလျှင် လေးတင်းထွက်လျှင်ပင် စိုက်ပျိုးစရိတ်ကျေနေသဖြင့် သေချာသည့် နှမ်းကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း နှမ်းစိုက်တောင်သူတစ်ဦးက အကြံပြု ပြောကြားသည်။

**ကိုလွင် (ဆွာ)**

# လျှော်ဖြူဈေးကို တရုတ်၊ အိန္ဒိယနှင့် ထိုင်ဝမ်ကုန်သည်များကပါ အမြင့်ဆုံးဈေးပေး၍ ဝယ်ယူနေ

လျှော်ဖြူဈေးကို တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သာမက ထိုင်ဝမ်မှ ကုန်သည်များကပါ အမြင့်ဆုံးဈေးပေး၍ ဝယ်ယူနေကြောင်း မန္တလေးတိုင်းဒေသကြီးရှိ လျှော်ဖြူကုန်သည်များထံမှ သိရသည်။

လက်ရှိ လျှော်ဖြူအစေး ထိပ်စ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀၀ မှ ငွေကျပ် ၉၀၀၀၀ အထိ ဈေးနှုန်းရရှိနေပြီး အစေး လတ်စ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀၀ ဝန်းကျင်၊ အစေးအောက်စ (အရည် အသွေးနိမ့်) တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ကျော်မှစ၍ ဈေးနှုန်းရရှိနေကြောင်း သိရသည်။

"မကွေးကုန်စည်ဒိုင် ပြပွဲမှာတုန်းက ထိုင်ဝမ်ဘက်က ကုန်သည်တွေက အစေးထိပ်စ တစ်ပိဿာကို ငွေကျပ် သုံးသိန်းကျော်အထိ ပေးဝယ်တာ ရှိခဲ့တယ်၊ ကုန်သည်တွေကိုယ်တိုင် ပြည်တွင်းက ခြံတွေမှာ ကွင်းဆင်းလေ့လာတာတွေ ရှိတယ်၊ အချို့အစေး အရောင်းအဝယ်တွေကို လျှော်ဖြူဈေးမဟုတ်တာတွေ မရောနှောဖို့ လိုပါတယ်" ဟု မန္တလေးတိုင်းဒေသကြီးမှ လျှော်ဖြူကုန်သည် ဦးမြဟန်က ပြောသည်။

လက်ရှိ လျှော်ဖြူဈေးကွက်မှာ အလားအလာကောင်းသော ကုန်စည်အမယ်အဖြစ် ရပ်တည်နေပြီး သက်ဆိုင်ရာဌာနများကလည်း ပံ့ပိုးကူညီပေးရန် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်နေကြောင်း ၎င်းက ပြောသည်။

"၂၀၁၃ ခုနှစ်လောက်ကတည်းက တစ်နိုင်ငံလုံးမှာ စိုက်ဧက နှစ်သောင်းကျော်ရှိတယ်၊ အခု နှစ်သောင်းခွဲကျော်အထိ ရှိလာတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်ကျော်က ဈေးမကောင်းခဲ့လို့ စိုက်ထားတဲ့ အပင်တွေ ဒီတိုင်းထားခဲ့တာ၊ အခု ဈေးပြန်လိုက်လာတော့ ခြံဝင်းနဲ့ တိုးချဲ့စိုက်ဖို့အထိ လုပ်နေကြပါတယ်" ဟု မကွေးတိုင်းဒေသကြီးရှိ လျှော်ဖြူတင်ပို့ရေးကုန်သည် ဦးမြတ်အောင်က ပြောသည်။

မြန်မာနိုင်ငံတွင် လျှော်ဖြူကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အစိုက်များပြီး စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ စက်မှုကုန်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းတို့တွင် ထည့်သွင်းသုံးစွဲကြောင်း သိရသည်။

လျှော်ဖြူစိုက်တောင်သူများအနေဖြင့် မန္တလေးမြို့၊ မိတ္ထီလာမြို့၊ သာစည်မြို့၊ ရန်ကုန်မြို့ စသည့် ပွဲရုံကုန်သည်များထံ သွားရောက်ရောင်းချကာ ကုန်သည်များက နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများကတစ်ဆင့် ထိုင်း၊ တရုတ်၊ အိန္ဒိယ စသည့် နိုင်ငံများသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။



**ဇာလင်းသူ** (AMIA)၊
**ဓာတ်ပုံ- မေသူ**

# အိန္ဒိယသို့ ကွမ်းသီးတင်ပို့ရာတွင် အခွန် ၄၀ ရာခိုင်နှုန်း ကောက်ခံသဖြင့် ကုန်သည်များ အခက်တွေ့နေ

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတင်ပို့ရာတွင် အိန္ဒိယဘက်မှ အခွန် ၄၀ ရာခိုင်နှုန်း ကောက်ခံနေသည့်အတွက် မြန်မာကုန်သည်များ အခက်အခဲဖြစ်နေကြောင်း နယ်စပ်ကုန်သွယ်ရေး ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးက ပြောသည်။

"တမူးနယ်စပ်ကနေ ကုန်သွယ်ရေးတိုးတက်အောင် one stop service နဲ့ ဆောင်ရွက်ပေးနေသလို အခုကွမ်းသီးတင်ပို့မှုကလည်း အရင်ဘဏ္ဍာနှစ်တုန်းက တန် ၄၀၀၀ ဝန်းကျင်နဲ့ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် ရရှိခဲ့တယ်၊ ဖွံ့ဖြိုးမှုနည်းတဲ့နိုင်ငံတွေကို အကောက်ခွန်သက်သာခွင့် သုညရာခိုင်နှုန်းပေးနေချိန်မှာ အိန္ဒိယက ကွမ်းသီးတင်ပို့ခွန် ၄၀ ရာခိုင်နှုန်းကောက်ခံတော့ အဆင်မပြေဖြစ်လာသလို မူလနှုန်းထားဖြစ်တဲ့ သုညရာခိုင်နှုန်းကို ပြန်လည်ပေးဖို့ လိုအပ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယဘက်ခြမ်း မိုရေးအကောက်ခွန်ဌာနမှ အိန္ဒိယ ကွမ်းသီးကုန်သည်များထံမှ ၄၀ ရာခိုင်နှုန်း အခွန်ကောက်ခံမှုကြောင့် ကွမ်းသီးတင်ပို့မှု၏ ၆၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားကြောင်း တမူးနယ်စပ်ကုန်သည် ဦးအောင်ကျော်ဆန်းက ပြောသည်။

"အိန္ဒိယကုန်သည်တွေကို အခွန်ကောက်ခံမှုရဲ့ ၄၀ ရာခိုင်နှုန်း ဘဏ်တွေမှာ ယာယီပေးသွင်းနေရတာတွေကြောင့် ကုန်သည်တွေ ငွေကြေးခက်ခဲနေတယ်၊ အရှုံးပေါ်နေတဲ့ အခြေအနေတွေကြောင့်ပဲ လာရောက်ဝယ်ယူမှုက လျော့နည်းနေပါတယ်၊ ဒီပုံတိုင်းသာဆိုရင် ဆက်ကျဆင်းလာဖို့ပဲ ရှိတော့တယ်" ဟု ၎င်းက ဆက်လက် ပြောသည်။

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ လယ်ယာထွက်ကုန်များ တင်ပို့သလို အိန္ဒိယဘက်မှလည်း စီးကရက်၊ ဖိနပ်မျိုးစုံ၊ ပလတ်စတစ်အိတ်၊ ခြင်ဆေးခွေ၊ ငါးသေတ္တာ၊ ဖန်ခွက်၊ မိန်းမဝတ်ကိုယ်ကျပ်အင်္ကျီ၊ ဆိုင်ကယ်၊ တောင်လုံးကျော်၊ ဂျုံမှုန့်၊ ပဲရာဇာ၊ ကုလားပဲခြမ်း၊ ချည်၊ စပါးမျိုးစေ့၊ ချွတ်ဆေးမှုန့်တို့ကို ပြန်လည်တင်ပို့ကြောင်း သိရသည်။

**ဇာလင်းသူ** (AMIA)

# မတ်ပဲဈေးကောင်းရရှိရန် တောင်သူများ မျှော်လင့်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ယခုနှစ် မိုးစပါးရိတ်သိမ်းပြီးချိန် အောက်တိုဘာလကုန်မှစတင်၍ ဆောင်းသီးနှံအဖြစ် မတ်ပဲကို တောင်သူအများစု စိုက်ပျိုးလျက်ရှိရာ ယခုအခါ ဧပြီလဆန်းပိုင်းမှစတင်၍ မတ်ပဲများ နုတ်သိမ်းခြွေလှေ့ပြီးဖြစ်သည်။ သို့သော်လည်း မတ်ပဲဈေးနှုန်းမှာ တောင်သူများမျှော်လင့်ထားသလို ဈေးကောင်းမရဘဲ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရသည်။

မတ်ပဲအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ ၁၅ တင်းမှ တင်း ၂၀ ခန့်ထွက်ရှိသော်လည်း ယခုနှစ်တွင် လယ်ကြွက်များ ကိုက်ဖြတ်ဖျက်ဆီးကြသဖြင့် အထွက်နှုန်းလျော့နည်းသွားပြီး လယ်တစ်ဧကလျှင် ပဲ ၁၀ တင်းခန့်သာ ထွက်ရှိကြောင်း၊ ဈေးနှုန်းမှာလည်း ယမန်နှစ်ထက်လျော့နည်းပြီး တစ်တင်းလျှင် ငွေကျပ် ၁၃၅၀၀ နှင့် ပဲအရည်အသွေးပေါ်မူတည်၍ တစ်တင်းလျှင် အများဆုံး ငွေကျပ် ၁၅၀၀၀ အထိသာ ရရှိကြောင်း သဲကုန်းမြို့နယ် သခွတ်တန်းကျေးရွာရှိ မတ်ပဲစိုက်ဧက ၂၀ ခန့်စိုက်ပျိုးသော တောင်သူ ဦးမြင့်သိန်းက ပြောသည်။

တောင်သူအများစုမှာ ပဲဈေးကောင်းမရသဖြင့် ရောင်းချခြင်း မပြုဘဲ မိမိတို့ နေအိမ်၌သာ သိုလှောင်ထားပြီး ယခုထက် ဈေးကောင်းမှသာ ဈေးကွက်အခြေအနေကြည့်၍ ရောင်းချကြမည်ဖြစ်ကြောင်း၊ နှစ်စဉ် မေလနှင့် ဇွန်လဆန်းတွင် ဈေးနှုန်းမြင့်တက်နိုင်ကြောင်း၊ မတ်ပဲစိုက်တောင်သူအချို့ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအောင် (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးထွက် နှမ်းနက်ကို ဂျပန်နိုင်ငံမှ တိုးမြှင့်ဝယ်ယူနေခြင်းကြောင့် မိုးနှမ်းတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေ

မကွေးတိုင်းဒေသကြီးထွက် နှမ်းနက်ကို ဂျပန်နိုင်ငံမှ တိုးမြှင့်ဝယ်ယူနေခြင်းကြောင့် မိုးနှမ်းတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း ပွင့်ဖြူမြို့နယ်ရှိ နှမ်းစိုက်တောင်သူများထံမှ သိရသည်။

"မကွေးကထွက်တဲ့ စမုံနက်နှမ်းကို ဂျပန်ကုမ္ပဏီဖြစ်တဲ့ မစ်ဆူဘီရှိကုမ္ပဏီက ဝယ်နေတယ်၊ အရည်အသွေးပြည့်မီရေး၊ ဓာတုဓာတ်ကြွင်းကင်းစင်ရေးကိုလည်း အဲ့ဒီကုမ္ပဏီက တောင်သူတွေနဲ့ တွေ့ဆုံဆွေးနွေးတာလည်း လုပ်တယ်၊ သူတို့ဘက်က ကြိုက်တယ်၊ ဝယ်ချင်တယ်လို့လည်း ပြောတယ်၊ အခုလည်း လက်ကျန်နှမ်းတွေကို ဝယ်ယူနေပါတယ်၊ ၂၀၁၆ ခုနှစ် နှမ်းရိတ်တဲ့အချိန်တုန်းက လူအားနဲ့ပဲ ရိတ်ခဲ့လို့ အချိန်ကုန်၊ ငွေကုန်ဖြစ်ခဲ့ရတဲ့အပြင် အရည်အသွေး ငြင်းဆန်တာတွေလည်း ကြုံခဲ့ရတယ်၊ ဒီနှစ်တော့ သတ်မှတ်ချက်အတိုင်း တောင်သူတွေကိုယ်တိုင် လိုက်နာပြီး လုပ်ကြရမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်မှ နှမ်းစိုက်တောင်သူ ဦးခင်စိုးက ပြောသည်။



တောင်သူများအနေဖြင့် အရည်အသွေး သတ်မှတ်ချက်အတိုင်း ပြောင်းလဲစိုက်ပျိုးပါက ခိုင်မာသည့် ဈေးကွက်ရရှိလာမည်ဖြစ်ပြီး လွန်ခဲ့သောနှစ် အနည်းငယ်အတွင်းက ပွင့်ဖြူမြို့နယ်အတွင်း နှမ်းများကို ရိတ်သိမ်းပြီးပါက ခုနစ်ရက်ခန့်သာထား၍ အမြန်မှည့်စေရန် ပိုးသတ်ဆေးများ ဖျန်းသည့်အတွက် အက်စစ်ဓာတ် ပိုမိုပါဝင်ခဲ့ခြင်းကြောင့် နှမ်းဈေးမှာလည်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

"မကွေးဘက်ကနေ နှစ်စဉ် နှမ်းတန်ချိန် ၅၀၀၀ ကျော် ပို့ထားနိုင်တယ်လို့ သိရတယ်၊ နှမ်းပေါ်ချိန်ရောက်ရင်တော့ ဘယ်လောက်ထိပို့မလဲ ဆိုတာတော့ မသိသေးဘူးပေါ့၊ မကွေးမှာ နှမ်းစိုက်ဧက တစ်သောင်းကျော်ရှိတယ်၊ ပြည်ပက ဝယ်မှုလည်း ဈေးကောင်းရတာဆိုတော့ ပဲအစားထိုးသီးနှံအဖြစ် စိုက်မယ့်တောင်သူတွေလည်း အဆင်ပြေနိုင်မယ်" ဟု ပွင့်ဖြူမြို့နယ်ရှိ နှမ်းစိုက်တောင်သူ ဦးမိုးဆွေက ပြောသည်။

၂၀၁၆ ခုနှစ်အတွင်းက မကွေးတိုင်းဒေသကြီးထွက် နှမ်းနက်ကို ဂျပန်နိုင်ငံမှ ဝယ်ယူခဲ့သော်လည်း ပိုးသတ်ဆေးဓာတ်ကြွင်းနှင့် အက်စစ်ဓာတ်ပါဝင်မှုများသဖြင့် ဝယ်ယူမှုရပ်ဆိုင်းလုနီးပါး ဖြစ်ခဲ့ရသည့်အတွက် တရုတ်နိုင်ငံသို့သာ အားထားတင်ပို့ခဲ့ရပြီး နှမ်းနက်စမုံ တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ အထိ ဈေးကျဆင်းကြောင်း သိရသည်။

လတ်တလောတွင် နှမ်းအဓိကစိုက်ပျိုးရာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည့် မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးအချို့တွင် တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေပြီး မြန်မာနိုင်ငံတွင် မိုးနှမ်းကို မေလနှင့် ဇွန်လတို့တွင် စတင်စိုက်ပျိုးပြီးကာ ဇူလိုင်လနှင့် စက်တင်ဘာလများတွင် ရိတ်သိမ်းပြီး ဆောင်းနှမ်းကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စတင်စိုက်ပျိုး၍ နိုဝင်ဘာလနှင့် ဇန်နဝါရီလများတွင် ရိတ်သိမ်းကာ နွေနှမ်းကို ဖေဖော်ဝါရီလနှင့် မတ်လများတွင် စတင်စိုက်ပျိုးပြီး မေလနှင့် ဇွန်လများတွင် ရိတ်သိမ်းကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ ဆီထွက်သီးနှံများအနက် နှမ်းသည် စိုက်ဧကအများဆုံးဖြစ်ပြီး ဆီထွက်သီးနှံစုစုပေါင်း စိုက်ဧက၏ ၅၁ ဒသမ ၃ သန်းနှုန်းရှိပြီး ပြည်ပပို့နှမ်း ၇၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့နေပြီး နိုင်ငံပေါင်း ၁၂ နိုင်ငံကို နှစ်စဉ် တန်ချိန် တစ်သိန်းမှ နှစ်သိန်းဝန်းကျင်ကြား တင်ပို့နေကြောင်း သိရသည်။

**ဇာလင်းသူ** (AMIA)
**ဓာတ်ပုံ- မေမိုးသဲ**

# တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

## ဝတ်ရည်မွန် (AMIA)

### ဆန်ဈေးအနည်းငယ်တက်

စပါးဈေးတက်လာတာနဲ့အမျှ ဆန်ဈေးကလည်း အနောက်ကနေ လိုက်တက်လာပါတယ်။ နှစ်ကူးချိန် စားသုံးသူတွေ အများအပြားဝယ်ယူနေမှုကလည်း အရောင်းအဝယ် သွက်နေသလို ဈေးကလည်း တက်နေတာဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးမှာတော့ ပထမတန်းစား ဆန်ဖြစ်တဲ့ ဧရာဝတီပေါ်ဆန်းအမျိုးအစားက တစ်အိတ်ကို ငွေကျပ် ၄၁၀၀၀ ရှိပြီး ငွေကျပ် ၂၀၀၀၊ ပေါ်ဆန်းရင်က တစ်အိတ်ကို ငွေကျပ် ၃၉၅၀၀ ရှိပြီး ငွေကျပ် ၁၅၀၀၊ ဖျာပုံပေါ်ဆန်းကတော့ တစ်အိတ်ကို ငွေကျပ် ၃၉၀၀၀ ရှိပြီး ငွေကျပ် ၁၀၀၀ အသီးသီး ဈေးတက်လာပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ရွှေသွယ်လေးကတော့ တစ်အိတ်ကို ငွေကျပ် ၂၈၀၀၀၊ ဧရာမင်းက ငွေကျပ် ၂၈၀၀၀၊ မနောသုခက တစ်အိတ်ကို ငွေကျပ် ၂၃၀၀၀၊ မီးကောက်က တစ်အိတ်ကို ငွေကျပ် ၂၄၀၀၀ နဲ့ သီးထပ်ရင်ကတော့ တစ်အိတ်ကို ငွေကျပ် ၂၁၀၀၀ နဲ့ ဈေးငြိမ်နေပါတယ်။

ရန်ကုန်ဝါးတန်းကုန်စည်ဒိုင်မှာတော့ ဖျာပုံပေါ်ဆန်းမွှေးက တစ်အိတ်ကို ငွေကျပ် ၃၄၀၀၀ ကနေ ၃၈၀၀၀ ရှိပြီး တစ်အိတ်ကို ငွေကျပ် ၂၀၀၀၊ ဒေးဒရဲပေါ်ဆန်းမွှေးက တစ်အိတ်ကို ငွေကျပ် ၃၄၀၀၀ ကနေ ၃၈၀၀၀ ရှိပြီး ငွေကျပ် ၂၀၀၀၊ ပေါ်ဆန်းနယ်စုံက တစ်အိတ်ကို ငွေကျပ် ၃၂၀၀၀ ကနေ ၃၆၀၀၀ ရှိပြီး ငွေကျပ် ၁၀၀၀၊ မြောင်းမြပေါ်ဆန်းက ငွေကျပ် ၃၅၀၀၀ ကနေ ၃၈၀၀၀ ရှိပြီး ငွေကျပ် ၃၀၀၀၊ ဆန်ကြမ်းဖြစ်တဲ့ မြို့တုံးဆန်က တစ်အိတ်ကို ငွေကျပ် ၂၈၀၀၀ ကနေ ၃၀၀၀၀ရှိပြီး ငွေကျပ် ၁၀၀၀ စသဖြင့် အသီးသီးဈေးတက်သွားပါတယ်။

ရန်ကုန်ဝါးတန်းကုန်စည်ဒိုင်မှာကတော့ ဆန်ချောတွေထက် ဆန်ကြမ်းဈေးတွေက တက်လာတာကိုလည်း တွေ့ရပါတယ်။

### မတ်ပဲ (FAQ/RC) ဈေးကျဆင်း

မတ်ပဲကတော့ သင်္ကြန်ကာလမတိုင်ခင်က ဈေးအနည်းငယ် ပြန်တက်ခဲ့ပေမယ့် သင်္ကြန်ကာလအတွင်း အရောင်းအဝယ်ပိတ်ထားတာအပြင် ပြည်တွင်း ပြည်ပအဝယ်နည်းတဲ့အတွက်ကြောင့် သင်္ကြန်ကာလပြီးတဲ့အချိန်မှာ အကျဈေးနဲ့ ဈေးပြန်ဖွင့်ခဲ့ပါတယ်။

လက်ရှိမှာ အိန္ဒိယနိုင်ငံကလည်း ပြည်ပတင်ပို့မှုကို အရှိန်မြှင့်နေတဲ့အတွက် မြန်မာပဲတွေက ထင်သလောက် ဈေးမရတဲ့အပြင် အဝယ်ပါနည်းနေတဲ့ အခြေအနေဖြစ်ပါတယ်။မြန်မာဘက်ကို တင်ပို့မှု ကန့်သတ်ခဲ့တဲ့ မတ်ပဲ၊ ပဲစင်းငုံတို့ကို ရောင်းချဖို့နဲ့ ပတ်သက်ပြီး မြန်မာအစိုးရက တောင်းဆိုထားပေမယ့် လက်ရှိအချိန်ထိ တိကျတဲ့အကြောင်းပြန်မှု မရှိသေးဘူးလို့လည်း သိရပါတယ်။

သင်္ကြန်ကာလအပြီးမှာ ပြည်ကုန်စည်ဒိုင်မှာတော့ မတ်ပဲက တစ်တင်းကို ငွေကျပ် ၁၄၀၀၀ ပေါက်ဈေးရှိခဲ့ပြီး ငွေကျပ် ၁၀၀၀ ကျော်လောက် ဈေးကျဆင်းသွားပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ငွေကျပ် ၁၃၅၀၀ ရှိပြီး ငွေကျပ် ၅၀၀ လောက် ကျဆင်းသွားပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ငွေကျပ် ၁၅၀၀၀ နဲ့ ဈေးတက်သွားတာကိုလည်း တွေ့ရပါတယ်။

သင်္ကြန်မရောက်ခင် မတ်ပဲက တစ်တန်ကို ငွေကျပ် ၄၇၀၀၀၀ အထိ ဈေးမြင့်တက်ခဲ့ပေမယ့် သင်္ကြန်ပြီးတဲ့အချိန်မှာတော့ တဖြည်းဖြည်းဈေးကျဆင်းသွားခဲ့ပြီး လက်ရှိပေါက်ဈေးက ငွေကျပ် ၄၀၀၀၀ ကျော်ထိ ဈေးက ရောက်ရှိသွားပါတယ်။

မတ်ပဲက သုံးလအတွင်း ပြည်ပတင်ပို့မှုပေါင်း တန်ချိန် ၅၂၅၀၀ ရှိခဲ့ပါတယ်။

### ပဲစင်းငုံနီ

ပဲစင်းငုံနီကလည်း သင်္ကြန်မရောက်ခင် ဧပြီလဆန်းပိုင်းကတည်းက ပြည်ပ ဝယ်ယူမှုများပြားတဲ့အတွက်ကြောင့် ဈေးက ငွေကျပ် လေးသိန်းအထက်အထိ ဈေးတက်ခဲ့ပေမယ့် သင်္ကြန်ပြီးတဲ့အချိန်မှာတော့ မထင်မှတ်လောက်အောင် ဈေးက ကျဆင်းသွားခဲ့ပါတယ်။ ပဲစင်းငုံနီဟာ သင်္ကြန်ပြီးတဲ့အချိန်မှာ အရောင်းအဝယ်က အနည်းငယ် ရပ်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံက မတ်ပဲအထွက်တိုးလို့ မတ်ပဲက ဈေးကောင်းမရပေမယ့် ပဲစင်းငုံနီကတော့ တခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ဈေးက သက်သာတဲ့အတွက်ကြောင့်လည်း အဝယ်က မတ်ပဲနဲ့ယှဉ်ရင် အနည်းငယ် ဈေးပိုရနေပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာ ပဲစင်းငုံနီက ဈေးတက်ခဲ့ပေမယ့် နယ်ကုန်စည်ဒိုင်ဖြစ်တဲ့ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ငွေကျပ် ၁၀၃၀၀၊ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ငွေကျပ် ၁၀၀၀၀ နဲ့ တစ်တင်းကို ငွေကျပ် ၁၀၀၀ နီးပါး ဈေးကျဆင်းသွားခဲ့ပါတယ်။

သင်္ကြန်ကာလမတိုင်ခင် ပဲစင်းငုံတစ်တန်ကို ငွေကျပ် ၄၂၀၀၀၀ အထိ ဈေးတက်ခဲ့ပေမယ့် လက်ရှိမှာတော့ တစ်တန်ကို ငွေကျပ် ၃၅၀၀၀၀ အထိ ဈေးက ပြန်ကျဆင်းသွားခဲ့ပါတယ်။ ပဲစင်းငုံနီက ဘုရင့်နောင်ကုန်စည်ဒိုင်မှာလည်း တစ်ပတ်ကို သုံးရက်သာ အရောင်းအဝယ်ရှိခဲ့ပါတယ်။

ပဲစင်းငုံနီကတော့ သုံးလအတွင်း ပြည်ပတင်ပို့မှုပေါင်း တန်ချိန် ၃၆၃၀၀ ကျော်အထိ ရှိခဲ့ပါတယ်။

### ကုလားပဲ

ကုလားပဲကတော့ ပြည်တွင်း ပြည်ပဈေးကွက်မှာ ဈေးက ကျဆင်းနေပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း ကုလားပဲ ထွက်ရှိမှုနှုန်းမြင့်နေတဲ့အတွက် အစိုးရက ဒေသခံတောင်သူတွေဆီက အခြေခံဈေးအပြင် အပိုကြေးပေးပြီး တောင်သူတွေ ထိခိုက်မှုမရှိအောင် ဝယ်ယူနေတာကြောင့် ပြည်ပက တင်သွင်းတာကိုလည်း ကန့်သတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအပြင် အခြားပြည်ပနိုင်ငံတွေက အများအပြားဝင်ရောက်နေတာကလည်း ဈေးကထပ်ပြီး ကျဆင်းသွားခဲ့ပါတယ်။

လက်ရှိ ပြည်တွင်းနယ်ကုန်စည်ဒိုင်ဖြစ်တဲ့ မုံရွာကုန်စည်ဒိုင်မှာ ကုလားပဲလုံး(ဝါ၊ ဖြူ) အကြီး၊ အသေးက တစ်တင်းကို ငွေကျပ် ၂၀၀၀၀ ကနေ ၂၂၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ငွေကျပ် ၁၀၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ငွေကျပ် ၂၂၀၀၀ ပေါက်ဈေးရှိပြီး ငွေကျပ် ၁၀၀၀ နီးပါး ဈေးကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ငွေကျပ် ၂၃၀၀၀ ကနေ ၂၃၅၀၀ ရှိပြီး ဈေးငြိမ်နေပါတယ်။

နယ်ကုန်စည်ဒိုင်တွေမှာ ကုလားပဲဈေးက ကျဆင်းနေခဲ့ပေမယ့် အရောင်းအဝယ်ကတော့ အနည်းငယ် သွက်နေခဲ့ပါတယ်။

ကုလားပဲကတော့ ပြည်ပတင်ပို့မှု သုံးလအတွင်း တန်ချိန် ၅၀၀၀ နီးပါးသာ တင်ပို့နိုင်ခဲ့ပါတယ်။



**အောင်မြင်ဖြစ်ထွန်းနေသည့် စီပီပြောင်းစိုက်ခင်းအား တွေ့ရစဉ်။** (ဓာတ်ပုံ-ဇေမိုး)

### ပဲကြီး

ပဲကြီးသီးနှံကတော့ တခြားပဲတွေနဲ့ လက်ရှိအချိန်မှာ နှိုင်းယှဉ်လို့မရအောင် ဈေးက မြင့်တက်နေသလို ပြည်တွင်းဝယ်လိုအားကလည်း အလွန်ကောင်းနေပါတယ်။ ပြည်တွင်းပဲကြော်ဖိုလုပ်ငန်းတွေက အများဆုံး အဝယ်များတယ်လို့လည်း သိရပါ တယ်။ တစ်နေ့ကို အိတ် ၈၀၀ နီးပါးအထိ ဈေးကွက်ထဲကို ဝင်နေပြီး အရောင်းအဝယ်ကလည်း သွက်လျက်ရှိပါတယ်။

ဧပြီလဆန်းပိုင်းက ဈေးအနည်းငယ် ကျဆင်းခဲ့ပေမယ့် ဧပြီလနောက်ဆုံးပတ်မှာတော့ ဈေးတက်ခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ပဲကြီး တစ်တင်းကို ငွေကျပ် ၃၀၀၀၀ ကျော်ပေါက်ဈေးရှိပြီး ငွေကျပ် ၂၀၀၀ လောက်ဈေးတက်ခဲ့ပါတယ်။

### စီပီပြောင်း

ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်မှာ စီပီပြောင်းဈေးနှုန်းက တောင်သူတွေကို တုန်လှုပ်စေခဲ့ပေမယ့် ဒီနှစ်မှာတော့ ပြည်ပဝယ်လိုအားအများဆုံးအဖြစ် ရပ်တည်နေပြီး ဈေးကောင်းကလည်း ရရှိနေပါတယ်။ ပြောင်းကို မူဆယ်နယ်စပ်ကနေတစ်ဆင့် တရုတ်နိုင်ငံကို အဓိက တင်ပို့နေပြီး ဗီယက်နမ်၊ မလေးရှား၊ ထိုင်း၊ ဟောင်ကောင် အစရှိတဲ့ နိုင်ငံတွေကိုလည်း တင်ပို့နေပါတယ်။

ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုနေပြီး တရုတ်နိုင်ငံမှာလည်း အဓိကတိရစ္ဆာန်အစာအဖြင့် အသုံးပြုကြပါတယ်။ လက်ရှိမှာ စီပီပြောင်းက တစ်ပိဿာကို ငွေကျပ် ၆၀၀ ကနေ ၆၅၀ အထိ ဈေးရရှိနေပါတယ်။ ပြီးခဲ့တဲ့နှစ်နဲ့နှိုင်းယှဉ်ရင် တစ်ပိဿာကို ငွေကျပ် ၂၀၀ ကျော်အထိ ဈေးမြင့်တက်ခဲ့ပါတယ်။

ပြောင်းတင်ပို့မှုက ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာတင် တန်ချိန်ပေါင်း ၁၃ သိန်းခန့်တင်ပို့ခဲ့ပြီး ၁၀ နှစ်အတွင်း အများဆုံးတင်ပို့မှုလည်း ဖြစ်ပါတယ်။

### ကြက်သွန်နီ

ကြက်သွန်နီကတော့ သင်္ကြန်မရောက်ခင်ကတည်းက ဈေးကွက်ထဲကို အများအပြား ဝင်ရောက်လာတဲ့အတွက် ဈေးက တဖြည်းဖြည်း ကျဆင်းသွားခဲ့ပါတယ်။ သင်္ကြန်နှစ်ကူး ပြန်လည်ဖွင့်ချိန်မှာလည်း ပိတ်ရက်အတွင်း လှောင်ကြက်သွန်တွေကြောင့်အပြင် ကြက်သွန်အသစ်တွေကလည်း ဈေးကွက်အတွင်း အများအပြား ပြန်လည်ဝင်ရောက်လာတဲ့အတွက် ဈေးက ထပ်ပြီးကျဆင်းသွားခဲ့ပါတယ်။

သင်္ကြန်ကာလဖြစ်တဲ့အတွက်ကြောင့် နယ်စပ်ကနေတစ်ဆင့် ပြည်ပတင်ပို့မှုကလည်း ပိတ်ထားတဲ့အတွက် ဈေးကျတာကို ပိုဖြစ်စေပါတယ်။

တစ်ပိဿာကို ငွေကျပ် ၁၀၀ ကျော်ကျဆင်းသွားခဲ့ပြီး လက်ရှိပေါက်ဈေးက တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၄၀၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၂၀၀ သာရရှိနေပါတယ်။

# တရုတ်ဝယ်လက်ကြောင့် သင်္ကြန်အပြီးတွင် မြန်မာ့ပဲပုပ်ဈေး တစ်ရှိန်ထိုးခုန်တက်

**မန္တလေး ဧပြီ ၂၉**
သင်္ကြန်မတိုင်မီကာလများက မန္တလေးဈေးကွက်အတွင်း ပဲပုပ်ဈေး ငြိမ်နေခဲ့သော်လည်း သင်္ကြန်အပြီးတွင် တရုတ်ဈေးကွက်မှ အဝယ်လိုက်လာသဖြင့် ယခုတစ်ပတ်အတွင်း တစ်ရှိန်ထိုး ဈေးခုန်တက်လာပြီး အမြင့်ဆုံးဈေးရရှိခဲ့ကာ အတက်ဘက်တွင်သာ ဆက်လက်တည်ရှိနေကြောင်း မန္တလေးမြို့ရှိ ပွဲရုံများမှ သိရသည်။

ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က "ပဲပုပ်က ဒီနှစ်အနေနဲ့ အထွက်က အသင့်အတင့်ရှိတယ်၊ ပဲပုပ်ဈေးအနေနဲ့ သင်္ကြန်မတိုင်ခင် ဈေးကွက်က သုံးတင်းတစ်အိတ်ကို ကျပ် ၆၅၀၀၀ ရှိတယ်၊ ဒီနေ့မှာတော့ သုံးတင်းတစ်အိတ်ကို ကျပ် ၈၀၀၀၀ ဈေးအထိ ခုန်တက်လာပါတယ်၊ သင်္ကြန်အပြီး ဈေးကွက်စဖွင့်တာနဲ့ တရိပ်ရိပ်ခုန်တက်လာတာ အခုဆို တစ်အိတ်ကို ကျပ် ၁၅၀၀၀၀ အထိ ဈေးမြင့်လာတယ်၊ အဲဒါကလည်း အမေရိကန်ဘက်က သွင်းတဲ့ ပဲပုပ်ကို တရုတ်က ကုန်စည်ခွန်တိုးမြှင့်လိုက်ပြီး သွင်းကုန်ကန့်သတ်လိုက်လို့ ဟိုဘက်က အဝင်နည်းသွားတဲ့အခါကျ မြန်မာပြည်က ပဲပုပ်ကို လိုမ့်ဝယ်လာတယ်၊ ဒါကြောင့်မို့ ဈေးကွက်အရ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲအခက် မြန်မာ့ပဲပုပ်ဈေးကွက်အချက်လို့ ပြောလို့ရပါတယ်၊ ဈေးကတော့ အတက်ဘက်မှာပဲ ဆက်ပြီး ရှိနေနိုင်ပါတယ်"ဟု ပြောသည်။

ပဲပုပ်မှာ ဗမာပဲပုပ်နှင့် ရှမ်းပဲပုပ်ဟု နှစ်မျိုးရှိပြီး ဗမာပဲပုပ်မှာ အလုံးသေး၍ ရှမ်းပဲပုပ်မှာ အနည်းငယ် အလုံးကြီးကြောင်း၊ မြန်မာပဲပုပ်ကို မြန်မာပြည်တစ်နံတစ်လျားတွင် စိုက်ကြပြီး မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း သိရသည်။ ပဲပုပ်၏ ပင်ကိုသဘာဝမှာ ပိုးမထိုးနိုင်သည့်အတွက် လွယ်လွယ်ကူကူလှောင်၍ရပြီး လှောင်ကုန်အဖြစ် စုဆောင်းထားရန် အဆင်ပြေကြောင်း သိရသည်။

လွန်ခဲ့သည့် သုံးနှစ်ကာလအတွင်း မြန်မာ့ပဲပုပ်ဈေးကွက်မှာ တစ်အိတ်လျှင် ကျပ် ၄၅၀၀၀ မှ ၅၅၀၀၀ အထိသာ ရှိခဲ့ဖူးပြီး ယခုနှစ်မှသာ မြန်မာ့ပဲပုပ်ဈေးမှာ တဖြည်းဖြည်း တရိပ်ရိပ်တက်လာနေခြင်းဖြစ်ကြောင်း သိရသည်။

ပဲပုပ်သည် အာဟာရဓာတ်ကြွယ်ဝသော သီးနှံတစ်မျိုးဖြစ်သကဲ့သို့ စီးပွားရေးအရလည်း တွက်ခြေကိုက်သော သီးနှံတစ်မျိုးဖြစ်သည်။ ပဲပုပ်၏ မူရင်းပေါက်ရောက်ရာဒေသမှာ အရှေ့အာရှဖြစ်ပြီး ၂၀၁၄ ခုနှစ်စာရင်းအရ ပဲပုပ်ကို အများဆုံးစိုက်ပျိုးထုတ်လုပ်သော နိုင်ငံများမှာ အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနားနှင့် တရုတ်နိုင်ငံတို့ ဖြစ်ကြကာ အထွက်နှုန်းကောင်းသောနိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ကြောင်း သိရသည်။

ပဲပုပ်ကို အများဆုံးတင်ပို့နေသော နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ အာဂျင်တီးနား၊ ကနေဒါနိုင်ငံများဖြစ်ပြီး ပဲပုပ်ကိုအများဆုံး တင်သွင်းနေသည့် နိုင်ငံများမှာ တရုတ်၊ အီးယူ၊ မက္ကဆီကို၊ ဂျပန်၊ ထိုင်း၊ အီဂျစ်၊ အင်ဒိုနီးရှား အစရှိသည့် နိုင်ငံများဖြစ်ကာ မြန်မာနိုင်ငံမှ ထွက်ရှိသော ပြည်ပပို့ကုန်ပဲပုပ်များ၏ ၈၀ ရာခိုင်နှုန်းကို တရုတ်ပြည်သို့ တင်ပို့နေရကြောင်း ဦးစိုးဝင်းမြင့်က ဆက်ပြောသည်။

ပဲပုပ်ကို မြန်မာနိုင်ငံ ကုန်းမြင့်ပိုင်း တောင်ပေါ်ဒေသများ၌ မေလနှင့် ဇွန်လများတွင်လည်းကောင်း၊ မြေပြန့်ဒေသ၌ ဩဂုတ်လနှင့် စက်တင်ဘာလများတွင်လည်းကောင်း၊ မြေနုကျွန်းများ၌ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင်လည်းကောင်း စိုက်ပျိုးကြသည်။ ပဲပုပ်ထွက်ရှိသည့် ကာလများမှာ ကုန်းမြင့်ပိုင်း၌ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ထွက်ရှိပြီး မြေပြန့်ပိုင်း၌ ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် ထွက်ရှိနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အများအားဖြင့် စိုက်ပျိုးနေကြသော ပဲပုပ်မျိုးများမှာ ရေဆင်း-၅၊ ရေဆင်း-၆ နှင့် ရေဆင်း-၁၁ မျိုးများဖြစ်ပြီး ဒေသအနှံ့ အပြားတွင် စိုက်ပျိုးလျက်ရှိကာ မျိုးလိုအပ်ချက်မှာ တစ်ဧကလျှင် မျိုးစေ့ ၁၂ ပြည်မှ ၁၆ ပြည်အထိ ရှိကြောင်း သိရသည်။ ပဲပုပ်ကို သက်တမ်းအလိုက် သက်လျင်မျိုး ၇၅ ရက်မှ ၈၄ ရက်၊ သက်လတ်မျိုး ၈၅ ရက်မှ ၉၄ ရက်နှင့် သက်ကြီးမျိုး ၉၅ ရက် အထက်ဟု သတ်မှတ်ထားသည်။

ပဲပုပ်စိုက်ပျိုးသည့်နှုန်းမှာ မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၇-၂၀၁၈ ခုနှစ်က မိုးပဲပုပ် ၄၄၆ ဧက၊ ဆောင်းပဲပုပ် ၃၀၅၂၂ ဧက၊ စုစုပေါင်း ၃၀၉၆၈ ဧက စိုက်ပျိုးထုတ်လုပ်ရန် လျာထားခဲ့ပြီး တိုင်းဒေသကြီးအတွင်း ပဲပုပ်အများဆုံးစိုက်သည့် ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ၁၂၆၄၀ ဧက စိုက်ပျိုးရန်လျာထားကာ ပြင်ဦးလွင်ခရိုင်တစ်ခုလုံးတွင် မိုး၊ ဆောင်း ပဲပုပ် ဧကပေါင်း ၁၅၀၀၀ ကျော်ခန့် စိုက်ပျိုးရန် လျာထားကြောင်း၊ မြင်းခြံခရိုင်တွင်လည်း ၂၀၁၅-၂၀၁၆ ခုနှစ်က ဧက ၁၁၂၀၀ ကျော်၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဧက ၁၀၆၀၀ ကျော် စိုက်ပျိုးရိတ်သိမ်းခဲ့ပြီး တစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိခဲ့ကြောင်း သိရသည်။

မြင်းခြံခရိုင်မှာ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် လျာထား စိုက်ဧက ၁၂၆၀၀ ကျော်ရှိကာ စိုက်ပျိုးပြီးဧက ၂၄၀၀ ကျော်ဖြစ်ကြောင်း၊ မြင်းခြံမြို့နယ်အနေဖြင့် စိုက်ဧက ၇၃၀၀ ကျော် လျာထားသည့်အနက် ၂၀၁၇ ခုနှစ် အောက်တိုဘာလကုန်အထိ ၁၆၄၃ ဧက စိုက်ပျိုးပြီးဖြစ်၍ ယခုနှစ်တွင် အရင်နှစ်များကထက် စိုက်ဧက ၂၀၀၀ ကျော် ပိုမို စိုက်ပျိုးထားနိုင်ကြောင်း သိရသည်။

ပဲပုပ်သီးနှံသည် မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီပြီး စီးပွားရေးအရ တွက်ခြေကိုက်သလို ကုန်ကျစရိတ်လည်းနည်းပြီး အကျိုးအမြတ်များသည့် သီးနှံဖြစ်ခြင်းကြောင့် ဈေးကွက်အနေအထားအရ အလားအလာကောင်းသဖြင့် တောင်သူများက တိုးချဲ့စိုက်ပျိုးလာကြကြောင်းလည်း ဦးစိုးဝင်းမြင့်က ပြောသည်။ ဗမာပဲပုပ် တစ်ဧကစိုက်လျှင် ကုန်ကျစရိတ် ကျပ် ၁၁၅၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကလျှင် ကျပ်သုံးသိန်းခန့် အကျိုးအမြတ်ကျန်ရှိနိုင်ကြောင်း ပဲပုပ်စိုက်တောင်သူတစ်ဦးက ပြောသည်။

ပဲပုပ်ကို မြင်းခြံခရိုင်အတွင်းရှိ နွားထိုးကြီးမြို့နယ်တွင် ဒေသထွက်ကုန်အဖြစ် ကောက်ညှင်းကို ပေါင်းပြီး ပဲပုပ်ကိုပြုတ်၍ စက်နှင့်ကြိတ်ပြီး ရောနယ်ထားသည့် ကောက်ညှင်းပဲပုပ်ခြောက်အဖြစ်လည်းကောင်း၊ ပဲပုပ်ငရုတ်သီးကြော်၊ ပဲပုပ်အသားတုကြော်၊ ဂျုံးပဲပုပ်ကြော်ထုပ်အဖြစ်လည်းကောင်း ထုတ်လုပ်၍ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ကလော၊ အောင်ပန်း၊ ဝမ်းတွင်း၊ မိတ္ထီလာ အစရှိသည့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



ပဲပုပ်ကိုကြိတ်၍ စားသုံးဆီ (Vegetable Oil) အဖြစ် စားသုံးကြသလို လူသုံးကုန်ပစ္စည်းများဖြစ်သည့် ပိုးသတ်ဆေး၊ ဆပ်ပြာ၊ အိမ်သုတ်ဆေး၊ ပုံနှိပ်မင်၊ ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများတွင်လည်း အသုံးပြုကြကြောင်း၊ ထို့အပြင် စားသောက်ကုန်များဖြစ်သည့် အသားတု၊ ပဲပင်ပေါက်၊ ပဲငံပြာရည်၊ ပဲပုပ်စေ့ကျော်၊ ပဲပုပ်ခြောက်ပြား၊ ပဲငါးပိတို့ဟူးတို့အပြင် ဆီထုတ်ပြီးဖြစ်သည့် ပဲပုပ်ကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြကြောင်း၊ ပဲပုပ်သည် ဈေးကွက် အလားအလာရှိသည့်(Potential Crop)အဖြစ် တိုးချဲ့စိုက်ပျိုးသင့်သော သီးနှံဖြစ်ပြီး ပဲစင်းငုံအစားထိုးသီးနှံအဖြစ်လည်း စိုက်ပျိုးသင့်ကြောင်း ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားထားသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# တပ်ကုန်းမြို့နယ်မှ ကျေးလက်နေတောင်သူအချို့ သင်္ဘောပင်ကို စီးပွားဖြစ် စိုက်ပျိုးလာ

**တပ်ကုန်း ဧပြီ ၂၉**
နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းမှ ကျေးလက်နေတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် မိသားစု စားဝတ်နေရေးဆောင်ရွက်လျက်ရှိရာ ပုံမှန်စိုက်ပျိုးသောစပါး၊ နှမ်း၊ နေကြာ၊ ပြောင်း၊ ကြက်သွန်၊ အာလူး၊ ကော်ဖီ၊ဖရဲ၊ မြေပဲ၊ ကုလားပဲ၊ မတ်ပဲ၊ ရွှေယင်းမာ၊ ပဲမျိုးစုံနှင့် ပန်းပင်များအပြင် ယခုနောက်ပိုင်းတွင် သင်္ဘောပင်များကိုလည်း စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။



"ကျွန်တော်က ၁ ဒသမ ၂၅ ဧကမြေကွက်မှာ သင်္ဘောပင် ၄၀၀ ကျော် စိုက်ပျိုးပါတယ်၊ သင်္ဘောသီး လုံးရှည်မျိုး၊ လုံးဝိုင်းမျိုးဆိုပြီး နှစ်မျိုးစလုံး စိုက်ပျိုးပါတယ်၊ ထိုင်းသင်္ဘောမျိုးစေ့တွေကို ပလတ်စတစ်အိတ်ထဲမှာ မြေနှင့်နွားချေးဆွေး ရောနှောပြီး အရင်ဆုံးပျိုးထားပါတယ်၊ မိုးဦးကျမှာ မိုးအစိုဓာတ်နဲ့ သင်္ဘောစိုက်ပျိုးမယ့်မြေကွက်မှာ ထယ်ထိုး၊ ထွန်မွှေပြီး ပင်ကြား၊ တန်းကြား ၁၂ ပေခန့် အကွာထားပြီး ပျိုးတစ်လသားအရွယ်တွေကို ပြောင်းရွှေ့စိုက်ပျိုးပါတယ်၊ အဲဒီပင်ကြား၊ တန်းကြားအတွင်းမှာလည်း ငရုတ်ပင်ကို သီးညှပ်အဖြစ် စိုက်ပျိုးပါသေးတယ်၊ အပင်နုငယ်စဉ် အပင်များကျိုးပြတ်မသွားအောင် ကျွဲ၊ နွားမဝင်ရေးနဲ့ ပေါင်းမြက်ရှင်းခြင်း၊ ရေလောင်းခြင်းတို့ကို ဂရုစိုက်ရပါတယ်၊ စိုက်ခင်းမှာ စိုက်ပျိုးပြီး ခုနစ်လ၊ ရှစ်လခန့်ဆိုရင် အသီးစပြီး သီးပါတယ်၊ သင်္ဘောပင်တစ်ပင်ကို အလုံးပေါင်း ၃၀၊ ၄၀ လောက်သီးပြီး ရောင်းတမ်းဝင်အသီး ၂၀၊ ၂၅ လုံးခန့် ပါရှိပါတယ်"ဟု ဘုရင့်နောင်ရပ်ကွက် (ပိန်းတော)မှ သင်္ဘောပင်စိုက် တောင်သူတစ်ဦးက ပြောပြသည်။

သင်္ဘောသီးအမှည့် ရောင်းတမ်းဝင် တစ်လုံးလျှင် ကျပ် ၆၀၀၊ ၇၀၀ အထိ ဈေးရကာ တပ်ကုန်းနှင့် ပျဉ်းမနားရှိ သစ်သီးဆိုင်များ၊ ဖျော်ရည်ဆိုင်များသို့ တင်ပို့ရောင်းချသည့်အပြင်၊ ရန်ကုန်မြို့သို့လည်း ရောင်းချကြောင်း၊ ရောင်းတမ်းမမီသော သင်္ဘောသီးများမှာ အမှည့်တစ်လုံးလျှင် ကျပ် ၂၀၀၊ ၂၅၀ ခန့် ပေါက်ဈေးရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**တင်စိုးလွင်**

# မြန်မာ- အိန္ဒိယနယ်စပ် နန်းဖာလုံဈေးကွက်တွင် တစ်ရက်လျှင် မျောက်ငိုသီး ၁၀ တန်ကျော် နေ့စဉ် အရောင်းအဝယ်ဖြစ်နေ

**တမူး ဧပြီ ၂၉**
မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့ရှိ နန်းဖာလုံဈေးကွက်တွင် နေ့စဉ် မျောက်ငိုသီးများ အလေးချိန် ၁၀ တန်ကျော်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း တမူးကုန်သည်များထံမှ သိရသည်။

"အသီးထွက်ကောင်းတဲ့ မျောက်ငိုပင်တစ်ပင်က မျောက်ငိုသီးရောင်းရငွေ အနည်းဆုံး တစ်သိန်းခွဲကနေ နှစ်သိန်းအထိ ရနိုင်တယ်၊ မျောက်ငိုသီးတစ်ခိုင်မှာ မျောက်ငိုတောင့် ၁၀ တောင့်ကနေ အတောင့် ၂၀ အထိ ရှိနိုင်ပါတယ်၊ အခုနောက်ပိုင်း ချင်းပြည်နယ် ရိခေါဒါရ်ဘက်မှာ ဧကအလိုက် စိုက်ပျိုးလာကြတယ်၊ အိန္ဒိယဈေးကွက်ကိုပဲ ပို့တာဖြစ်တယ်"ဟု တမူးမြို့ရှိ ကုန်သည် ဦးထန်အာက ပြောသည်။

အဆိုပါ မျောက်ငိုသီးများကို တင်ပို့ရာတွင် ရိခေါဒါရ်ဒေသမှထွက်ရှိသော မျောက်ငိုသီးများသာမက ကလေးနှင့် တီးတိန်မြို့နယ်အတွင်း ကလေးမြို့၊ တမူးမြို့ဒေသတို့မှ ထွက်ရှိသည့် အသီးများကိုလည်း တင်ပို့ကြောင်း၊ ကလေးမြို့၊ တမူးမြို့နှင့် နယ်စပ်ဒေသများ၊ ချင်းတွင်းမြစ်အထက်ပိုင်း နာဂတောင်တန်းဒေသများတွင် မျောက်ငိုပင်များကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူ အရေအတွက်မှာလည်း နှစ်စဉ် တိုးလာကြောင်း သိရသည်။

လက်ရှိ ဈေးကွက်တွင် မျောက်ငိုပင်တစ်ပင်လျှင် အသီးအရွယ်အစားအလိုက် ငွေကျပ် တစ်သိန်းကျော်အထိ ဈေးနှုန်းရရှိပြီး မျောက်ငိုသီးကို ဆေးဖက်ဝင်အသီးအနှံအဖြစ် အခြောက်ကို အစေ့ခွင်၍သော်လည်းကောင်း၊ အစိမ်းချက်၍သော်လည်းကောင်း စားသုံးကြကြောင်း သိရသည်။

"မျောက်ငိုသီးတွေဟာ အခုလထဲမှာ ပေါပေါများများ တွေ့ရမှာပါ၊ ချင်းပြည်နယ်တစ်ခွင် တီးတိန်၊ ဟားခါးဘက်မှာ စီးပွားဖြစ်စိုက်တယ်၊ အခုအချိန်ဆို တောင်ပေါ်ကနေဆင်းလာတဲ့ ဆိုင်ကယ်တွေရဲ့ နောက်ဘက်မှာ အသီးတွေကို အစုလိုက်တင်ပြီး နန်းဖာလုံ တမူးဈေးကွက်အမီ ရောင်းချကြတယ်၊ ရောင်းချတဲ့ပုံစံကတော့ ဝယ်လက်ချင်း ချိတ်တာမဟုတ်ဘဲ ရောင်းသူနဲ့ပဲ တိုက်ရိုက်ချိတ်ပြီး ကြိုက်ဈေးပေးပြီး ဝယ်တာများတယ်၊ အိန္ဒိယဘက်က ကသည်းလူမျိုးတွေ နှစ်ခြိုက်စွာ စားသုံးကြတယ်"ဟု နန့်ဖာလုံဈေးရှိ မျောက်ငိုသီးကုန်သည် ဦးအုန်းသဲက ပြောသည်။

မျောက်ငိုပင်သည် တစ်နှစ်သားပျိုးပင်ကို စိုက်ပျိုးပါက ငါးနှစ်သားတွင် အသီးစတင်သီးကာ နှစ်စဉ် နယ်စပ်ဈေးကွက်တွင် မျောက်ငိုပင်တစ်ပင်လျှင် ငွေကျပ်သုံးသိန်းခန့်အထိ ဈေးကောင်းရရှိကြောင်း သိရသည်။ နိုဝင်ဘာလမှ စတင်၍ မျောက်ငိုသီးများ စတင်ထွက်ရှိပြီး ကလေး၊ တမူး နယ်ခံများအနေဖြင့် စားသုံးမှုနည်းပါးပြီး မျောက်ငိုသီးတွင် ဘောစကိုင်းသီးကဲ့သို့ အတွင်း၌ အစေ့ပါရှိရာ အစေ့မှာ တညင်းသီးအနံ့ရှိပြီး ဆိမ့်သောအရသာရှိကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)**

# ဖြူးမြို့နယ်တွင် နွေစပါး စံကွက်ရိတ်သိမ်း

**ဖြူး ဧပြီ ၂၉**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျီးမနိုးကျေးရွာမှ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခဲ့သော ၇၄၇ စပါးစိုက်ခင်း၌ စံကွက်ရိတ်သိမ်းပွဲကို ဧပြီ ၂၅ရက်က ပြုလုပ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွှန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

စံကွက်ရိတ်သိမ်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ကိုလတ်က စံကွက်ရိတ်သိမ်းခြင်းမှရရှိသော အထွက်နှုန်းနှင့် မိတ်ဖက်များအပေါ် မူတည်၍အထွက်နှုန်းတိုးရန် လုပ်ဆောင်ရမည့် နည်းလမ်းများ၊ သီးနှံစွမ်းအားမြှင့်တင်ရန်အတွက် မြေအမျိုးအစားအလိုက်၊ ရေနည်းလမ်းအလိုက် သီးနှံပုံစံများ ဆောင်ရွက်ရာတွင် မိုးစပါး၊ နွေစပါး၊ သုံးသီးအပြင် တိုင်ထောင်ပဲနှင့် ထောပတ်ပဲများ သီးညှပ်စိုက်ပျိုးရန်၊ တစ်ဧကကုန်ကျစရိတ်နှင့် ဝင်ငွေတွက်ချက်ပြီး အကျိုးအမြတ်များသော သီးညှပ်စိုက်မျိုးကွဲများ စိုက်ပျိုး၍ မျိုးစေ့ထုတ်လုပ်ငန်းများ လုပ်ဆောင်ကြရန်၊ ခြံမြေလွတ်မြေနေရာများတွင် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးသွားကြရန် စသည်တို့ကို တောင်သူများအား အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက စံကွက်ကို ရိတ်သိမ်းပေးခဲ့ရာတွင် တစ်ဧက စပါးအစို ၂၂၇ ဒသမ ၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# ကျွန်တော်နဲ့ ဘင်္ဂလားဒေ့ရှ်ခရီးစဉ်



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

> “တစ်ဖက်နိုင်ငံကို ထွက်ခွာသွားကြတာနဲ့ ပတ်သက်ပြီး နိုင်ငံတကာရဲ့ဖိအားပေးမှုတွေ စုခွဲမှုတွေ ခံနေရတယ်။ ပုံကြီးချဲ့တာတွေကြောင့် နိုင်ငံရဲ့သိက္ခာကို ထိပါးစေတယ်။ ကိုယ့်အကြောင်းနဲ့ကိုယ် ခွဲဝက်မှုတွေ လုပ်နေကြတယ်။ ဒါတွေကို အရေးမစိုက်လို့ မဖြစ်ဘူး။ ကြောက်စရာမဟုတ်ပေမယ့် သတိတော့ထားဖို့ လိုအပ်တဲ့ ကိစ္စဖြစ်”

မကြာမီက ကျွန်တော်ဘင်္ဂလားဒေ့ရှ်က ပြန်လာခဲ့တယ်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ဦးဆောင်တဲ့အဖွဲ့နဲ့ ဧပြီ ၁၀ရက်က သွားခဲ့တာ။ ဒီခရီးစဉ်က“နီးရက်နဲ့ဝေး”တဲ့ ခရီးစဉ်ဖြစ်တယ်။ တစ်နာရီခွဲကျော်ကျော် ခရီးစဉ်ဖြစ်ပေမယ့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို အရင်သွားပြီးမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာကို သွားခဲ့ရတာ။ ညဘက် ၇ နာရီခွဲက ထွက်ပြီး ဒါကာရောက်တော့ သန်းခေါင်ကျော်နေပြီ။ ခဏအိပ်ပြီးနောက်တစ်နေ့ နံနက် Cox's Bazar ကို လေယာဉ်နဲ့ ခရီးထွက်ခဲ့တယ်။ ကျွန်တော်တို့အဖွဲ့မှာ စုစုပေါင်း ၁၂ ဦး။ ဒါကာမြို့မှာ တာဝန်ယူနေတဲ့ မြန်မာနိုင်ငံ သံအမတ်နဲ့အဖွဲ့ဝင်အချို့လည်း ကျွန်တော်တို့နဲ့အတူ ပါဝင်လိုက်ပါခဲ့ပါတယ်။

**နိုင်ငံတကာရဲ့ဖိအားပေးမှုတွေ**

ကျွန်တော် Cox's Bazar ကို ဒီတစ်ကြိမ်ဆို သုံးကြိမ်ရောက်ဖူးခြင်းဖြစ်တယ်။ ပထမအကြိမ်က ၁၉၉၇ ခုနှစ်က ဖြစ်တာ။ ဒီတုန်းက ကျွန်တော်က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ တာဝန်ကျခဲ့တယ်။ ကမ္ဘာ့ကလေးများ ရန်ပုံငွေမှာ တာဝန်ယူပြီး မကြာခင်မှာပဲ ရုံးအဖွဲ့နဲ့ ရောက်ခဲ့တာ။ Cox's Bazar ရဲ့ ထူးခြားချက်က ကမ်းခြေဖြစ်တယ်။ မိုင် ၁၀၀ နီးပါးရှိပြီး ကမ္ဘာ့အရှည်ဆုံးကမ်းခြေလို့ သတ်မှတ်ခြင်းခံရတာ။ သဲတွေကတော့ အဖြူရောင်နည်းတယ်။ ဒုတိယအကြိမ်မှာ Cox's Bazar အနီးက ဒုက္ခသည်စခန်းကို ရောက်ခဲ့တာ။ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်တဲ့ မောင်တောဒေသနဲ့ ပတ်သက်တဲ့ စုံစမ်းရေးကော်မရှင်အဖွဲ့ဝင်အနေနဲ့ သွားခဲ့တာ။ ဒီတုန်းက အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့တဲ့ ဒေါက်တာ သက်သက်ဇင်လည်း ဒီတစ်ခေါက် လိုက်ပါခဲ့တယ်။ ဒုတိယအခေါက်မှာ ဒုက္ခသည်တွေရဲ့ အခြေအနေတွေ၊ အနေအထားတွေကို သိရှိအောင် လာခဲ့တာဖြစ်တယ်။

တစ်ဖက်နိုင်ငံကို ထွက်ခွာသွားကြတာနဲ့ ပတ်သက်ပြီး နိုင်ငံတကာရဲ့ဖိအားပေးမှုတွေ၊ စွပ်စွဲမှုတွေ ခံနေရတယ်။ ပုံကြီးချဲ့တာတွေကြောင့် နိုင်ငံရဲ့သိက္ခာကို ထိပါးစေတယ်။ ကိုယ့်အကြောင်းနဲ့ကိုယ် ပြောဆိုမှုတွေ လုပ်နေကြတယ်။ ဒါတွေကို အရေးမစိုက်လို့ မဖြစ်ဘူး။ ကြောက်စရာမဟုတ်ပေမယ့် သတိတော့ထားဖို့ လိုအပ်တဲ့ ကိစ္စဖြစ်တယ်။ နောက်တစ်နေ့ နံနက် ဒါကာမြို့ကတစ်ဆင့် လေယာဉ်နဲ့ ထွက်ခဲ့ကြတယ်။ ရောက်ရောက်ချင်း ၂ နာရီကျော် ကားနဲ့ စခန်းကို ထွက်ခဲ့ကြတယ်။ ရောက်ရောက်ချင်း စခန်းတာဝန်ခံတွေက ခန်းမဆောင်မှာ အခြေအနေတွေကို ရှင်းပြတယ်။ အစက လာရင်းကိစ္စကိုပဲ အာရုံပြုချင်ပေမယ့် စီစဉ်ထားတဲ့အတိုင်း ရှင်းလင်းတာကို နားထောင်ခဲ့တယ်။ စခန်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက တာဝန်ယူထားပေမယ့် သက်ဆိုင်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေက စီမံနေတာတွေ့ရတယ်။ ရှင်းလင်းတဲ့နေရာမှာ ခရိုင်ဝန်လုပ်တဲ့ သူရော၊ ကုလသမဂ္ဂအဖွဲ့အစည်းက တာဝန်ရှိသူတွေကပါ အခြေအနေတွေ ရှင်းပြကြတယ်။

**ပြန်လည်ဖြေကြား**

ရှင်းလင်းပွဲပြီးတဲ့အချိန် စခန်းထဲဖြတ်ပြီး ဒုက္ခသည်တွေ စုစည်းထားတဲ့ခန်းမကို ထွက်လာခဲ့တယ်။ ခန်းမဆိုပေမယ့် အခန်းက ခပ်သေးသေး။ စုစုပေါင်း ၄၀၊ ၅၀ လောက် စုစည်းထားတာ။ တစ်ယောက်က မြန်မာတိုက်ပုံနဲ့ ဝတ်စုံပြည့်။ သူတို့က မြန်မာစကား တတ်လားလို့ မေးတဲ့အခါ တတ်ကြောင်း ပြောတာမို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ထားတဲ့အစီစဉ်တွေကို အသေးစိတ် ရှင်းပြပေးတယ်။ မေးစရာရှိတာကို မေးခွင့်ပေးခဲ့တယ်။ ရှိနေတဲ့ သူတွေက အကြောင်းအချက်မျိုးစုံကို မေးခွန်းထုတ်ကြတယ်။ ဝန်ကြီးကလည်း ပြန်လည်ဖြေကြားခဲ့တယ်။

ကျွန်တော်ကလည်း ဆောင်ရွက်ထားတဲ့လုပ်ငန်းတွေကို ရှင်းပြခဲ့တယ်။ ကျွန်တော်တို့ရဲ့ ရှင်းပြချက်နဲ့ မေးခွန်းတွေက ဆက်စပ်မှုမရှိတာ တွေ့ရတယ်။ ထူးခြားတာက မေးခွန်းမေးသူတွေအနက် အမျိုးသမီးတစ်ဦးက အရင်တစ်ခေါက်က ကျွန်တော်ရော၊ ဒေါက်တာ သက်သက်ဇင်ရော တွေ့ခဲ့ဖူးသူဖြစ်တယ်။ အရင်တစ်ခေါက်က မုဒိမ်းအကျင့်ခံရကြောင်းပြောပြီး ဒီတစ်ခေါက်တော့ သူ့ရဲ့ခင်ပွန်းအသတ်ခံရကြောင်း ပြောတယ်။ ကျွန်တော်က လိုရင်းကိုပဲ ပြောပါလို့ ပြောတော့ ဒေါသတွေထွက်ပြီး အော်ငေါက်ခဲ့တယ်။

**မှန်မှန်ဖော်ပြပါ့မလား**

အစကတော့ ကျွန်တော်တို့ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီးသိချင်တာတွေရှိမယ်။ မေးစရာတွေရှိမယ်လို့ ထင်ခဲ့ပေမယ့် မေးခွန်းတွေက မဆိုင်တာတွေပါလာခဲ့တယ်။ ဒါ့ကြောင့်လည်း တွေ့ဆုံပွဲကို အစသတ်လိုက်တယ်။ အခုလိုတွေ့ဆုံတဲ့အချိန်မှာ မီဒီယာအဖွဲ့တွေက အစုလိုက်အပြုံလိုက် ရုပ်သံတွေရော၊ ပုံနှိပ်မီဒီယာတွေရော၊ မျိုးစုံ။ ထူးခြားချက်က သူတို့ကိုဘယ်သူမှထိန်းထိန်းသိမ်းသိမ်းလုပ်တာမျိုးမရှိဘဲ စိတ်ကြိုက်လုပ်ခွင့်ပေးထားသလို ကိုယ်ပြောသမျှကို မှန်မှန်ဖော်ပြပါ့မလားလို့ စိုးရိမ်ခဲ့တာ။ ထင်သလိုပါပဲ။ နောက်တစ်နေ့သတင်းစာတွေမှာ ပြောတာတွေရော၊ လုံးဝမပြောတာတွေကိုပါ ထည့်တော့တာပါပဲ။ ပြန်ရှင်းဖို့ကလည်း မလွယ်လှဘူး။ ညစာကိုဟိုတယ်မှာ စားကြတယ်။ ရန်ကုန်မှာအခြေစိုက်တဲ့ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးရဲ့ကျေးဇူးနဲ့ ငါးသလောက်ဟင်းကို စားခဲ့တယ်။ ငါးသလောက်ကိုမုန်ညင်းစေ့နဲ့ချက်ထားတာ။ သူ့နိုင်ငံရဲ့အမျိုးသား ဟင်းလျာဖြစ်တယ်။

**နားလည်မှုအပြည့်**

နောက်တစ်နေ့ လေယာဉ်နဲ့ ဒါကာမြို့ကို ပြန်ရောက်ခဲ့ပြီး သံအမတ်ကြီးတည်ခင်းတဲ့ နေ့လယ်စာကို စားကြတယ်။ ဖွယ်ဖွယ်ရာရာ ဟင်းမျိုးစုံ။ စစ်သံမှူးနဲ့လည်း တွေ့ရတယ်။ သံအမတ်ကြီးရဲ့ဇနီးက စီးပွားရေးတက္ကသိုလ်ကျောင်းထွက်။ နေ့လယ်စာ စားပြီး မြန်မာသံရုံးကို ထွက်လာခဲ့တယ်။ သံအမတ်ကြီးစီစဉ်ထားတာမို့ ကုလသမဂ္ဂအဖွဲ့ဝင် ဝန်ထမ်းအချို့နဲ့ အာဆီယံနိုင်ငံက သံအချို့ တွေ့ခွင့်ရခဲ့တယ်။ ဝန်ကြီးနဲ့ကျွန်တော်က ရှင်းလင်းခဲ့တယ်။ အားလုံးက နားလည်မှုအပြည့်နဲ့ နားထောင်ခဲ့ကြတယ်။ ညစာမစားမီ ဝန်ကြီးနဲ့ကျွန်တော်အပါအဝင် အဖွဲ့ဝင်အချို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနဲ့ ပြည်ထဲရေးဝန်ကြီးဦးဆောင်တဲ့ အဖွဲ့ဝင်နဲ့ တွေ့ခွင့်ရခဲ့တယ်။ ဝန်ကြီးက ပွင့်ပွင့်လင်းလင်းပါပဲ။ ဒေါက်တာဝင်းမြတ်အေးကလည်း အခြေအနေမှန်ကို ရှင်းပြခဲ့တယ်။

အခုလို မျက်နှာချင်းဆိုင် ရှင်းခွင့်ရတာမို့ နှစ်ဖက်စလုံးအတွက် အကျိုးရှိပါတယ်။ဆက်လုပ်စရာတွေကိုလည်း အာရုံပြုနိုင်ခဲ့တယ်။ ကျွန်တော်တို့တွေ့ဆုံပြီး မီဒီယာတွေကို ဖိတ်ခေါ်လိုက်တော့ ဝင်လာကြသူတွေကအများကြီး အားလုံးမို့လို့ ရုပ်သံသမားတွေ မေးခွန်းတချို့က သံတမန်စံနှုန်း မညီလှဘူး။ စိတ်ထဲရှိတဲ့အတိုင်း မေးမြန်းကြတာ။ ကျွန်တော်ကလည်း တတ်နိုင်သမျှ ဖြေပေးခဲ့ပါတယ်။ ညစာစားချိန်မှာ နိုင်ငံခြားရေးဝန်ကြီးနဲ့ စကားပြောဖြစ်တယ်။ သူက လွတ်လပ်ရေးလှုပ်ရှားမှုမှာ ပါဝင်ခဲ့သူ။ ရှေ့မီနောက်မီ နိုင်ငံနှစ်နိုင်ငံအကြား စီးပွားရေးဆက်ဆံမှုကို အားပေးလိုတဲ့သူဖြစ်တယ်။

**နိုင်ငံ့အရေး**

ကျွန်တော်တို့ရဲ့ခရီးစဉ်ဟာ တိုတောင်းလှပေမယ့် အရေးပါတဲ့ လှုပ်ရှားမှုတစ်ရပ်ဖြစ်တယ်။ လုပ်သင့်တဲ့တာဝန်တစ်ရပ်ကို တာဝန်ကျေပွန်အောင်ကြိုးစားခဲ့တာ ဖြစ်တယ်။ ဘက်ပေါင်းစုံက ဝေဖန်ကြမှာ သေချာပါတယ်။ အပြစ်တင်ကြလိမ့်မယ်။ မှန်တဲ့အလုပ်နဲ့ လွယ်တဲ့အလုပ်ဟာ မတူပါဘူး။ အယူအဆတွေ အမြင်တွေ မတူကြတာမို့ ဒီလိုဖြစ်မှာပါပဲ။ ဦးထိပ်ထားရမှာက နိုင်ငံ့အရေးဖြစ်တယ်။ ဘာလုပ်လုပ် ကိုယ့်နိုင်ငံအတွက် အကျိုးရှိဖို့ အရေးကြီးတယ်။ ကျွန်တော်တို့ကြုံတွေ့နေရတဲ့ အခြေအနေတွေက ရှုပ်ထွေးပြီးခက်ခဲလှတယ်။ သိမ်သိမ်မွေ့မွေ့ ချဉ်းကပ်ရမှာဖြစ်တယ်။

တစ်ဖက်ကဆန္ဒကိုအလေးထားသလို တစ်ဖက်ကလည်း ဦးနှောက်နဲ့ ချင့်ချိန်ရမှာ ဖြစ်တယ်။ ဘာလုပ်လုပ် အပြောတော့ လွတ်မှာမဟုတ်ဘူး။ အားမရတဲ့သူတွေ၊ မကျေနပ်တဲ့သူတွေ ရှိကြမှာ။ အခုအခြေအနေဟာ ကောင်းတယ်လို့ တွေးကြတဲ့ သူတွေ ရှိမှာ။

**အမျိုးသားလုံခြုံရေး**

ရခိုင်ပြဿနာဟာ ကျွန်တော်တို့အတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ် ဖြစ်တယ်။ နှစ်ပေါင်းများစွာ စုစည်းလာတဲ့ အကြောင်း စုံစည်းလာခဲ့တာ လွတ်လပ်ရေးမရခင်ရော၊ လွတ်လပ်ရေးရပြီးချိန်မှာ ဆောင်ရွက်ချက်တွေကြောင့် အခုလို အခြေအနေနဲ့ ရင်ဆိုင်နေရတာ။ သမိုင်းကို အားကိုးပြန်ရင်လည်း ရှိတဲ့အခြေနေတွေကို အဓိပ္ပာယ်မျိုးစုံဖွင့်ခဲ့ကြတယ်။ အမှန်တော့ အနာဂတ်အတွက် အာရုံပြုစေချင်တယ်။

**ရွေးချယ်နိုင်ဖို့ အရေးကြီး**

ပထဝီအနေအထားရဲ့ အစစအရာရာ အဆင်ပြေလှတဲ့ ဒေသတစ်ခုဖြစ်တာမို့ တိုးတက်အောင်၊ ချမ်းသာအောင် လုပ်ရမှာဖြစ်တယ်။ ရခိုင်ပြည်နယ်မှာ မြို့နယ် ၁၇ မြို့နယ်ရှိတာကိုမေ့လို့ မဖြစ်ဘူး။ မောင်တော-ဘူးသီးတောင်နဲ့ ရသေ့တောင် သုံးမြို့နယ်ဟာ အနောက်ဘက်မှာရှိကြတာ။ အပြင်က ပြောသလို လူမျိုးရေး၊ ဘာသာရေးအခြေခံတွေကြောင့် ဖြစ်တာ မဟုတ်ဘူး။ နယ်စပ်ဒေသဖြစ်တာမို့ အမျိုးသားလုံခြုံရေးကို မေ့လို့မဖြစ်ဘူး။ အနောက်ဘက်မြို့နယ်တွေမှာ တိုင်းရင်းသားရခိုင်တွေဟာ လူနည်းစုဖြစ်နေတာ။ တိုင်းရင်းသားတွေရဲ့စိုးရိမ်မှုကိုလည်းအသိအမှတ်ပြုရမယ်။ ရေရှည်မှာ အခြေနေမှန်ရောက်အောင် ကြိုးစားရမယ်။ အစွန်းတရားတွေ ရှောင်ပြီး ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာကို ရွေးချယ်နိုင်ဖို့အရေးကြီးပါတယ်။ ။

# နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် ကားလမ်း နမ့်စန်မြို့နယ် လမ်းဦးစီးမှ တာဝန်ယူပြုပြင်နေ

**နမ့်စန် ဧပြီ ၂၉**

နမ့်စန်-မိုးနဲကားလမ်းသည် ရှမ်းပြည်နယ်တောင်ပိုင်း၌ရှိပြီး နမ့်စန်မှ မိုးနဲအထိ ၁၆ မိုင် ၄ ဖာလုံရှိကာ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသည့် ကားလမ်းဖြစ်သည်။

အဆိုပါ ကားလမ်းကို ၁၉၄၈ ခုနှစ်မှစ၍ ဖောက်လုပ်ခဲ့သော လမ်းဖြစ်သော်လည်း နယ်မြေဒေသအခြေအနေအရ နှစ်ပေါင်းများစွာ ပြုပြင်နိုင်ခဲ့ခြင်းမရှိ၍ ပျက်စီးလျက်ရှိနေရာမှ ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံတော်မဟာဗျူဟာလမ်းများ ဖောက်လုပ်ရေးကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရွှေသံလွင်ကုမ္ပဏီက တာဝန်ယူကာ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးခဲ့သည်။

ထို့နောက် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် ရွှေသံလွင်လမ်းဖောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့သဖြင့် ယင်းလမ်းအား နမ့်စန်မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းလျက်ရှိသည်။

အဆိုပါ ကားလမ်းအား နမ့်စန်မြို့နယ် လမ်းဦးစီးဌာနသည် ပြည်ထောင်စုအစိုးရငွေလုံးငွေရင်း ရန်ပုံ ငွေကျပ် ၀ ဒသမ ၈၀၀ သန်း၊ ပြင်ထိန်း ရန်ပုံငွေကျပ် ၅၄၅ ဒသမ ၁၂၂ သန်း၊ တိုင်းဒေသကြီးပြည်နယ်ရန်ပုံငွေကျပ် ၁၉၂၁ ဒသမ ၅၀၀ သန်း၊ ပြည်နယ်ပြင် ထိန်းရန်ပုံငွေကျပ် ၂၇၇ ဒသမ ၀၈၅ သန်း ဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း၊ လမ်းတာပေါင်တင်ခြင်း၊ ကတ္တရာလမ်းနိမ့်မြင့်ဖြေ ရေပိတ်လွှာ လောင်းခြင်း၊ ပေ ၅၀ အောက် သံကူ ကွန်ကရစ်တံတား တည်ဆောက်ခြင်း တို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



ရှမ်းပြည်နယ် တောင်ပိုင်းရှိ နမ့်စန်- မိုးနဲ လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

# ကိုရီးယားအထောက်အပံ့ဖြင့် GAP နည်းစနစ်သင်တန်းပို့ချ

**တပ်ကုန်း ဧပြီ ၂၉**

နေပြည်တော် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ RDA အထောက်အပံ့ဖြင့် Asian Food and Agriculture Cooperation Initiative (AFACI) စီမံကိန်း၊ ATIN (Agricultural Technology Information Network in Asia) စီမံကိန်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ပဲတီစိမ်းစိုက်တောင်သူ ၁၅၀ အား GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တောင်သူနည်းပညာပေးသင်တန်းကို ဧပြီ ၂၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုမြတ်လှိုင်က စီမံကိန်းဖြစ်ပေါ်လာပုံကိုပြောကြားပြီး တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းညွန့်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ပဲမျိုးစုံသီးနှံဌာနစု၊ အပင်ရောဂါသုတေသနဌာနစုနှင့် ပိုးမွှားသုတေသနဌာနစုတို့မှ ပညာရှင်များက ဆွေးနွေးပို့ချပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**



# ကျောက်ကာယွန်းထည်လုပ်ငန်း ဈေးကွက်ရရှိရန် လိုအပ်နေ


ကျောက်ကာယွန်းထည်များ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောက်ကာကျေးရွာနှင့် ပတ်ဝန်းကျင်ရွာများသည် ဟို ရှေးယခင်ကတည်းကပင် ယွန်းထည်လက်မှုလုပ်ငန်းဖြင့် သက်မွေးဝမ်းကျောင်းပြုကြသည့်ကျေးရွာများ ဖြစ်ခဲ့သော်လည်း ယခုနှစ်များအတွင်းတွင် ကျောက်ကာယွန်းထည်ဈေးကွက် ခိုင်ခိုင်မာမာ မရှိခြင်းကြောင့် ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူ နည်းပါးလာလျက်ရှိနေသည်ဟု သိရသည်။

"ယွန်းထည်လုပ်ငန်းက ဈေးကွက်ရဖို့က အဓိကပါ။ ဟိုး မဆလခေတ်တုန်းကတော့ ဒီယွန်းထည်ပစ္စည်းတွေကို ထုတ်လုပ်လိုက်ရင် သမဝါယမက ဝယ်တယ်၊ အခုနှစ်ပိုင်းမှာကျတော့ ယွန်းထည်ပစ္စည်းက လုပ်ပြီးရင် ဈေးကွက်က ခိုင်ခိုင်မာမာ မရှိတာ၊ ရင်းနှီးထားရပြီးတော့ အမြတ်ရဖို့အချိန်ကြာလာတဲ့အတွက် ယွန်းထည်လုပ်တဲ့သူတွေက သိပ်စိတ်မဝင်စားတော့ဘူး၊ အမြတ်မြန်မြန်ရနိုင်တဲ့ ရေနံလုပ်ငန်းကို ကူးပြောင်းလုပ်ကိုင်ကြတာတွေရှိတယ်၊ ယွန်းထည်ရောင်းအား ကောင်းဖို့က ကြော်ငြာအားကောင်းဖို့လည်း လိုတယ်၊ ဈေးကွက်ခိုင်ခိုင်မာမာရှိဖို့ လိုတယ်၊ ဈေးကွက်က ဝယ်တဲ့သူရှိရင် ဒီဘက် ယွန်းထည်လုပ်တဲ့သူတွေက လုပ်နေမှာပဲ၊ ဝယ်တဲ့သူမရှိတဲ့အတွက် ယွန်းထည်လုပ်တဲ့သူက လုပ်လို့သာလုပ်နေရတာ၊ ဘယ်ကဝယ်လို့ဝယ်မယ်မှန်းမသိ ဖြစ်နေတယ်" ဟု ကျောက်ကာမြောက်ရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းကပြောသည်။

ကျောက်ကာကျေးရွာတွင် ကျောက်ကာမြောက်ရွာနှင့် တောင်ရွာဟူ၍ ကျေးရွာအုပ်စု နှစ်ခုရှိပြီး ကျောက်ကာမြောက်ရွာမှာ ယွန်းထည်များကို အစအဆုံး ပြုလုပ်ရောင်းချကြကာ ကျောက်ကာတောင်ရွာမှာမူ နှီးခွေခြင်းလုပ်ငန်းကိုသာ ပြုလုပ်ကြသည်ဟု သိရသည်။ ကျောက်ကာ ယွန်းထည်များကို အစအဆုံး အချောထည်အဆင့်အထိ ပြုလုပ်သည့် ကျောက်ကာမြောက်ရွာမှာ အိမ်ခြေ ၆၁၀ ခန့်ရှိသည်။ ယခင်က ကျောက်ကာမြောက်ရွာမှာ တစ်ရွာလုံးနီးပါး ယွန်းထည်ပြုလုပ်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ကြသော်လည်း ယွန်းထည်များမှာ ဝယ်လိုအားနည်းနေခြင်းကြောင့် ယွန်းထည်ပြုလုပ်သူ နည်းပါးလာ၍ လက်ရှိ အချိန်တွင် ယွန်းထည်ပြုလုပ်သူ ၁၁ ဦးခန့်သာ ကျန်ရှိတော့သည်ဟု သိရသည်။

"ဦးလေးတို့ မြောက်ရွာမှာ အခုဆိုရင် ယွန်းထည်လုပ်တဲ့သူက ၁၁ ဦးပဲရှိ တော့တယ်၊ အရင်တုန်းကတော့ မြောက်ရွာမှာ အိမ်ခြေ ငါးရာရှိတာ တစ်ရွာလုံး ယွန်းထည်လုပ်ကြတယ်၊ တစ်ရာကျော်လောက်က ယွန်းထည်ကောက်တဲ့လုပ်ငန်းရှင်ပေါ့၊ ကျန်တဲ့သူတွေကတော့ လုပ်ငန်းရှင်ကို မှီပြီးတော့ အငှားလုပ်ကြတယ်၊ ဒီနှစ်ပိုင်းမှာ ယွန်းထည်အရောင်းအဝယ်က မကောင်းဘူး၊ ဒီနှစ်မှာ နိုင်ငံခြားဧည့်သည်ကလည်း မနှစ်ကလောက် မလာတော့ မနှစ်ကလောက် ရောင်းအားမကောင်းဘူး၊ ယွန်းထည်လုပ်တဲ့သူလည်း ရှားလာပြီ၊ တခြားလုပ်ငန်းတွေပေါ်လာတော့ ယွန်းထည်လုပ်သားလည်း ရှားလာတယ်" ဟု ကျောက်ကာရွာမှ ယွန်းထည်လုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်သူ ဦးစန်းဝင်းက ပြောသည်။

ကျောက်ကာကျေးရွာထွက် ယွန်းထည်ပစ္စည်းများကို ဖိုလ်ဝင်တောင်၊ မိုးညှင်းသံဗုဒ္ဓေတို့သို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားခရီးသည်များက ကျောက်ကာသို့ တစ်ဆက်တစ်စပ်တည်း လာရောက်လည်ပတ်ရင်း ဝယ်ယူကြလေ့ရှိသည်ဟု သိရသည်။ ကျေးရွာသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားသားအများစုသည် စက်မှုထွန်းကားသည့်နိုင်ငံများမှ လာရောက်ကြခြင်းဖြစ်သောကြောင့် လက်မှုပစ္စည်းဖြစ်ကာ ကျန်းမာရေးနှင့်ညီညွတ်သော ယွန်းထည်ပစ္စည်းများကို နှစ်သက်ကြသည်ဟု ဒေသခံများက ပြောပြသည်။

ကျောက်ကာယွန်းထည်ပစ္စည်းများကို ဟိုးရှေးယခင် ကားမပေါ်မီအချိန်များက မန္တလေးမြို့သို့ ကုန်အထမ်းများဖြင့် လည်းကောင်း၊ နွားလှည်းများဖြင့်လည်းကောင်း တင်ပို့ရောင်းချလာကြရာမှ ၁၉၉၆ ခုနှစ်မှစတင်ကာ ခရီးသွားနှစ်ဟူ၍ ပေါ်ပေါက်လာခြင်းကြောင့် ကျောက်ကာကျေးရွာတွင် အလုပ်ရုံများတည်ထောင်ကာ နိုင်ငံခြားသားများ ကြိုက်နှစ်သက်သည့် ဒီဇိုင်းများဖြင့် အရည်အသွေးပြည့်မီသည့် ယွန်းထည်ပစ္စည်းများကို စတင်ပြုလုပ် ရောင်းချလာကြသည်ဟု သိရသည်။

ယခုအချိန်တွင်မူ ယွန်းထည်ဈေးကွက်မှာ ကျဆင်းနေခြင်းကြောင့် နိုင်ငံခြားကြိုက် ယွန်းထည်ပစ္စည်းပြုလုပ်သူ တစ်ဦးသာ ကျန်ရှိတော့ပြီး ကျန်ယွန်းထည်လုပ်ငန်းရှင် ၁၀ ဦးခန့်မှာ မန္တလေး၊ ရှမ်းပြည်နယ်၊ ရန်ကုန်၊ မြဝတီစသည့် ပြည်တွင်းမြို့များသို့ တင်ပို့ရန် ပြည်တွင်းကြိုက်ပစ္စည်းများကိုသာ ပြုလုပ်ကြတော့သည်ဟု သိရသည်။

"ယွန်းထည်ပစ္စည်းတွေ ဈေးကွက်တစ်ခုခိုင်မာအောင်ရှိဖို့ လိုပါတယ်၊ မျိုးဆက်မပြတ်ဖို့ကတော့ ပုဂံလို ယွန်းကောလိပ်တွေဘာတွေ လုပ်မှသာ အဆင်ပြေနိုင်လိမ့်မယ်ထင်တယ်၊ အခုဆိုရင် အသက် ၄၀ အောက် လူငယ်တွေက ယွန်းထည်ပညာ မတတ်တော့ဘူး၊ ယွန်းပညာတကယ်တတ်တဲ့သူ နှစ်ယောက်၊ သုံးယောက်ပဲ ကျန်တော့တယ်၊ ယွန်းထည်မှာ နှီးခွေတဲ့သူ၊ ကညစ်ရေးတဲ့သူ၊ အပျော့သုတ်တဲ့သူ၊ သရိုးကိုင်တဲ့သူဆိုပြီးတော့ သူ့ဟာနဲ့သူ တစ်မျိုးစီကို ကျွမ်းကျင်တဲ့သူတွေ သီးသန့်ရှိတယ်၊ အဲဒါမျိုး တတ်တဲ့သူက တစ်မျိုးကို နှစ်ယောက်၊ သုံးယောက်ပဲ ကျန်တော့တယ်၊ တတ်တဲ့သူတွေကလည်း အသက် ၆၀၊ ၇၀ တန်းတွေ ရောက်နေပြီ၊ ယွန်းထည်ပညာပျောက်ကွယ်သွားမှာကို စိုးရိမ်ရတယ်" ဟု ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

ယွန်းထည်ပစ္စည်းကောင်းတစ်ခု ပြုလုပ်နိုင်ရန်အတွက် အနည်းဆုံး ခြောက်လမှ ရှစ်လခန့်အထိ အချိန် ကြာလေ့ရှိပြီး ယွန်းထည်ရောင်းအားမှာလည်း ကျဆင်းနေသောကြောင့် အလုပ်သမားများအား လုပ်ငန်းပုံမှန်မပေးနိုင်ခြင်း၊ အလုပ်သမားခမှာလည်း တခြားလုပ်ငန်းများထက် လျော့နည်းနေခြင်းတို့ကြောင့် ယွန်းထည်လုပ်သား ရှားပါးလာကာ ယွန်းထည်လုပ်ငန်းများမှာလည်း ကျဆင်းလာရလျက်ရှိနေသည်ဟု သိရသည်။

ယွန်းထည်လုပ်ငန်းများကို ပြန်လည်ဖော်ထုတ်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရက ကုန်စည်ပြပွဲများ ပြုလုပ်ပေးသော်လည်း ကုန်စည်ပြပွဲများတွင် ရောင်းချရသည့်အမြတ်ငွေမှာ နည်းပါးနေပြီး ကုန်စည်ပြပွဲသို့ သွားရောက်ရသည့် ပစ္စည်းသယ်ယူစရိတ်များနှင့်ပင် မကာမိခြင်းကြောင့် ယွန်းထည်လုပ်ငန်းရှင်များအနေဖြင့် ကုန်စည်ပြပွဲများကိုလည်း စိတ်ဝင်စားမှု နည်းပါးလာနေကြသည်ဟု သိရသည်။

**သတင်းဆောင်းပါး-အိမွန်ဆွေ(ရေစကြို)**

## ပခုက္ကူမြို့ ကျွန်းညိုကြီးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း မကြာမီပြီးစီးတော့မည်

**ပခုက္ကူ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ကျွန်းညိုကြီးကျေးရွာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေ ကျပ်သန်း ၄၀၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် လုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်အထိ ပြီးစီးနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၄)ညွှန်ကြားရေးမှူး ဦးဇော်လွင်ထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်အတွင်း မြို့နယ် ၁၉ မြို့နယ်တွင် ဆောင်ရွက်ထားကာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၇ ခုရှိကြောင်း သိရသည်။ ကမ်းပြိုကာကွယ်ရေးအတွက် တကယ်အခက်အခဲဖြစ်ပြီး မဖြစ်မနေလည်း ဆောင်ရွက်ရမယ့်လုပ်ငန်းဆိုရင်၊ တိုင်းအစိုးရဘတ်ဂျက်နဲ့ ပြည်ထောင်စုအစိုးရ မူလရန်ပုံငွေထဲလည်း မပါဘူးဆိုရင် သမ္မတရဲ့ အထူးရန်ပုံငွေ ရှိပါတယ်၊ ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေအဖြစ် မဖြစ်မနေလုပ်ဆောင်ရမယ့် လုပ်ငန်းဖြစ်တဲ့အတွက် ပခုက္ကူမြို့က ကျွန်းညိုကြီးကျေးရွာမှာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေ ကျပ်သန်း ၄၀၀ နဲ့ ဆောင်ရွက်လုပ်ကိုင်ခဲ့တာ ၉၀ ရာခိုင်နှုန်းကျော်အထိ ပြီးစီးနေပါပြီ" ဟု မကွေးတိုင်းဒေသကြီး ရေ အရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၄)ညွှန်ကြားရေးမှူးထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ ရေတိုက်စားခြင်းမှကာကွယ်ရန် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကလည်း ပြည်ထောင်စုသီးသန့်ရန်ပုံငွေ ကျပ်သန်း ၈၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သောကြောင့် ပခုက္ကူနှင့် ရေစကြိုမြို့နယ်များတွင် ယခုနှစ် ကမ်းပြိုမှုများလျော့နည်းကာ ကျေးရွာများပြောင်းရွှေ့ရခြင်း၊ လယ်ယာမြေများပျောက်ဆုံးခြင်းတို့လည်း လျော့နည်းသွားခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**

## ရေကန်ခြံစည်းရိုးတည်ဆောက်မှုတွင် အရည်အသွေးမပြည့်မီသော ကွန်ကရစ်တိုင်များကို ပြန်လည်လဲလှယ်

**မလှိုင် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရေပေါ်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် မြေသားမိုးရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းမှ ကန်ခြံစည်းရိုးကာရံရာတွင် အရည်အသွေးမပြည့်မီသော ကွန်ကရစ်တိုင်များ စိုက်ထူထားသဖြင့် အစားထိုးလဲလှယ်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြေသားမိုးရေကန်လုပ်ငန်းကို ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၈ ဒသမ ၅ သန်းဖြင့် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ၂၀၁၈ မတ် ၈ ရက်က စတင်ဆောင်ရွက်ခဲ့ကာ မတ် ၃၀ ရက်တွင် လုပ်ငန်းအပ်နှံခဲ့ကြောင်း၊ အလျား ပေ ၁၀၀၊ အနံ ပေ ၁၀၀ နှင့် အနက် ၆ ပေရှိသည့် မြေသားမိုးရေလှောင်ကန်၏ ခြံစည်းရိုး ကာရံထားသော ကွန်ကရစ်တိုင်များစိုက်ရာတွင် တစ်ပေခွဲအနက် အကျယ်တစ်ပေတူးရန် သတ်မှတ်ချက်ရှိသော်လည်း တစ်ပေအနက်၊ အကျယ် ၁၀ လက်မသာတူး၍ အောက်ခြေလောင်းထားခဲ့ခြင်းများ ရှိနေခြင်းကြောင့် ခြံစည်းရိုးတိုင်များမှာ အရည်အသွေးမပြည့်မီမှုများ ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရေကန်လုပ်ငန်းကို တာဝန်ယူဆောင်ရွက်သော မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတတ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက "ဟုတ်ပါတယ်၊ ခြံစည်းရိုးတိုင် အရည်အသွေး မပြည့်မီတာတွေ ရှိခဲ့ပါတယ်၊ ဒါတွေကို ကျွန်တော်လိုက်လံစစ်ဆေးပြီး အရည်အသွေးမပြည့်မီတဲ့ ကွန်ကရစ်တိုင်တွေကို သတ်မှတ် စံချိန်စံညွှန်းနဲ့အညီ အမြန်ဆုံး အသစ်ပြန်လည်အစားထိုးလဲလှယ်ဖို့ ညွှန်ကြားထားပြီး လက်တွေ့လည်း လုပ်ဆောင်နေပါတယ်" ဟု ပြောသည်။

ဧပြီ ၂၅ ရက်က မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦး ဦးဆောင်၍ မိတ္ထီလာခရိုင်ဦးစီးမှူး ဦးသင်းမင်းလတ်နှင့် မိတ္ထီလာခရိုင် QC/WD အဖွဲ့များက မလှိုင်မြို့နယ်မှ မြင်းသေကျေးရွာ၊ ရေပေါ်ကျေးရွာနှင့် သဘွတ်ရုံ ကျေးရွာတို့ရှိ မြေသားရေလှောင်ကန် တည်ဆောက်ပြီးစီးမှုများကို လိုက်လံစစ်ဆေးကြည့်ရှုရာတွင် မြင်းသေကျေးရွာ မြေသားရေလှောင်ကန်၏ ခြံစည်းရိုးကွန်ကရစ်တိုင်များကို ပလာစတာဖြင့် ပြန်ချောရန်၊ ကွန်ကရစ်တိုင်အားလုံး၏ Footing များကို သတ်မှတ်အတိုင်းအတာ စံချိန်စံညွှန်းများအတိုင်း အမြန်ဆုံး ပြန်လည်ပြုပြင်ရန်၊ ရေပိုလွှဲပိုက်ကို မြေဖို့ပေးရန်၊ ခြံစည်းရိုးဝင်ပေါက် တံခါး နေရာလွဲနေသည်များကို နေရာအမှန်၌ စနစ်တကျတပ်ဆင်ရန်၊ အရည်အသွေးမကောင်းသည့် ကွန်ကရစ်တိုင်အားလုံးကို အစားထိုးပြန်လည်တပ်ဆင်ရန်၊ သတ်မှတ်ခြံစည်းရိုးတိုင် အရေအတွက် ပြည့်မီအောင် အမြန်ဆုံး ပြန်လည်ဖြည့်ဆည်းရန် စသည်တို့ကို စစ်ဆေးမှာကြားခဲ့ပြီး ရေပေါ်ကျေးရွာ မြေသားမိုးရေလှောင်ကန်တွင်လည်း အရည်အသွေးမကောင်းသည့် တိုင်များကို အမြန်ဆုံး အစားထိုးဆောင်ရွက်ရန်နှင့် စာရင်းစစ်ဆေးမှုများ ခံနိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရန် မှာကြားခဲ့၍ ထိုမှာကြားချက်များကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း လက်ထောက်ညွှန်ကြားရေးမှူးက ဆက်ပြောသည်။

**ဘိုဘို(မလှိုင်)**

## သဘာဝဘေး ကြိုတင်ကာကွယ်နိုင်ရေး ဘိုကလေးမြို့၌ ဇာတ်တိုက်လေ့ကျင့်

**ဘိုကလေး ဧပြီ ၂၉**

မိုးတွင်းကာလတွင်ဖြစ်ပွားတတ်သည့် သဘာဝဘေးဖြစ်သည့် မုန်တိုင်းအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရန်နှင့် သဘာဝဘေးကျရောက်ချိန်တွင် ဒေသခံပြည်သူများကလည်း မိမိတို့ကိုယ်တိုင် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှုကို ဧပြီ ၂၆ ရက်က ဘိုကလေးမြို့နယ် မလော့ကျေးရွာအုပ်စု မလော့မြစ်တန်းကျေးရွာ၌ ပြုလုပ်ခဲ့သည်။


ဇာတ်တိုက်လေ့ကျင့်ရာတွင် ဘိုကလေးမြို့နယ် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ကော်မတီက ဦးဆောင်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ အားလုံး ပူးပေါင်းပါဝင်ကြပြီး မုန်တိုင်းအန္တရာယ်ကျရောက်လာတော့မည့် အရေးပေါ်အခြေအနေကို အသံချဲ့စက်များဖြင့် ကျေးရွာအတွင်း လှည့်လည်ကြေညာခြင်း၊ သောက်သုံးရေနှင့် စားနပ်ရိက္ခာများ ကြိုတင်စုဆောင်းထားရှိခြင်း၊ နေအိမ်များခိုင်ခံ့စေရန် ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ အရေးကြီးပစ္စည်းနှင့် စာရွက်စာတမ်းများ၊ တိရစ္ဆာန်များကို သိမ်းဆည်းစေ၍ ပြည်သူများအား သတ်မှတ်ထားသည့် Cyclone Shelter များသို့ ရွှေ့ပြောင်းစေခြင်း၊ အရေးပေါ်အခြေအနေပြီးဆုံးပါက ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ထောက်ပံ့ကယ်ဆယ်မှု ပြုလုပ်ပေးခြင်းစသည်တို့ကို စနစ်တကျ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကွန်ပျူတာနဲ့ ဖုန်းမျက်နှာပြင်တွေရဲ့ အလင်းရောင်တွေက အရေပြားကိုထိခိုက်စေနိုင်သလား

**အေးသီမွန်**



တိုးတက်လာတဲ့ ခေတ်စနစ်အရ အလုပ်ခွင်တိုင်းမှာ ကွန်ပျူတာအသုံးပြုရတာတွေ များလာသလို ဖုန်းမကိုင်တဲ့သူရယ်လို့လည်း သိပ်တောင်မရှိကြတော့ပါဘူး။ တစ်နေ့တာရဲ့အချိန်တော်တော်များများကိုလည်း ကွန်ပျူတာရှေ့မှာ ကုန်ဆုံးလာကြပါတယ်။ ကွန်ပျူတာတွေ၊ ဖုန်းတွေ သုံးတာများလာရင် မျက်လုံးကို ထိခိုက်လာနိုင်တယ်ဆိုတာကိုတော့ သိထားပြီးဖြစ်မှာပါ။ ဒီနေရာမှာပြောချင်တာက ကွန်ပျူတာ၊ ဖုန်းနဲ့ တီဗွီဖန်သားပြင်တွေက ထွက်လာတဲ့ အလင်းရောင်တွေက မျက်လုံးကိုပဲ ထိခိုက်စေနိုင်တာမဟုတ်ပါဘူး။ အသားအရေကိုပါ ထိခိုက်စေနိုင်သေးတယ်ဆိုတာပါ။

**အသားအရေကို ဘယ်လိုထိခိုက်စေနိုင်တာလဲ**

အသားအရေဟာ ခရမ်းလွန်ရောင်ခြည်နဲ့ ပတ်ဝန်းကျင်ကညစ်ညမ်းတဲ့အရာတွေနဲ့ ထိတွေ့မှုကြောင့်ပဲ ထိခိုက်ပျက်စီးနိုင်တာ မဟုတ်ပါဘူး။ ကိုယ်တိုင်တောင်ထင်မထားတဲ့ အချို့အရာတွေကြောင့်လည်း အသားအရေကို ထိခိုက်တာတွေ ဖြစ်နိုင်ပါတယ်။ ဘာတွေများဖြစ်မလဲဆိုတာ ဆက်ကြည့်လိုက်ရအောင်။

**Computer face ဆိုတာ**

ကွန်ပျူတာမျက်နှာပြင်ကထွက်လာတဲ့ အလင်းရောင်တွေကြောင့် အရွယ်မတိုင်ခင် အသားအရေ အိုမင်းရင့်ရော်တာကို ဆိုလိုတာပါ။ အရင်ကသုံးတဲ့ Desktop ကွန်ပျူတာတွေရဲ့ CRT မော်နီတာ မျက်နှာပြင်တွေဟာ လူရဲ့မျက်နှာမှာ အရေးအကြောင်းတွေ၊ အသားအရေတွန့်တာနဲ့ အရေပြားထိခိုက်ပျက်စီးတာတွေကို ဖြစ်စေနိုင်တဲ့ ခရမ်းလွန်ရောင်ခြည်တွေကို ထုတ်လွှတ်ပါတယ်။ ကံကောင်းတာတစ်ခုက အခုနောက်ပိုင်း ထွက်ရှိလာတဲ့ LCD နဲ့ LED မျက်နှာပြင်တွေကတော့ အရေပြားကို မထိခိုက်စေပါဘူး။

**အလင်းပြန်တာကြောင့် အသားအရေပျက်စီးခြင်း**

လက်ပ်တော့ပ်၊ တက်ဘလက်နဲ့ ဖုန်းမျက်နှာပြင်တွေက သူတို့ဘာသာတော့ ခရမ်းလွန်ရောင်ခြည်ကို ထုတ်လွှတ်နိုင်ခြေနည်းပါတယ်။ သူတို့ရဲ့မျက်နှာပြင်ပေါ်ကို နေရောင်ထိတွေ့တဲ့အခါ ပြန်ထွက်လာတဲ့ အလင်းရောင်ကသာ အရေပြားကို ထိခိုက်စေတာပါ။ ဒီပြန်ထွက်လာတဲ့ အလင်းရောင်က အရေပြားကင်ဆာ ခံစားရနိုင်ခြေကို တိုးစေနိုင်သလို အရွယ်မတိုင်ခင် အိုမင်းရင့်ရော်တာနဲ့ အခြား အရေပြားပြဿနာတွေကို ဖြစ်စေနိုင်ပါတယ်။

ဒါပေမယ့် ဒီပစ္စည်းတွေရဲ့ မျက်နှာပြင်ကနေထွက်လာတဲ့ အလင်းရောင်တွေကို လုံးဝဂရုမစိုက်ဘဲတော့ မထားသင့်ပါဘူး။ လက်တော့ပ်၊ ဖုန်းနဲ့ အခြားလျှပ်စစ်ပစ္စည်းတွေကနေ ထွက်လာတဲ့ High Energy Visible(HEV)က အရေပြားကို ထိခိုက်စေနိုင်သလို အသားအရေကိုလည်း အိုမင်းရင့်ရော်စေနိုင်ပါတယ်။ တော်တော်များများကတော့ ဒီရောင်ခြည်ကို blue light လို့ သိထားကြပါတယ်။ တီဗွီတွေ၊ ဖုန်းတွေနဲ့ ကွန်ပျူတာတွေက နေ့စဉ်ဘဝမှာ မရှိမဖြစ်တဲ့အရာတွေလို့တောင် ဖြစ်လာနေတဲ့အခါမှာ မထိတွေ့ချင်ရင်တောင်မှ ဒီရောင်ခြည်တွေကို တစ်နေကုန်နီးပါးလောက် ထိတွေ့နေရတာပါ။ အလုပ်ကြောင့်ပဲဖြစ်ဖြစ် ကိုယ်တိုင်လိုအပ်လို့ပဲဖြစ်ဖြစ်ပေါ့။ ဖြစ်နိုင်ရင်တော့ နေရောင်ထဲမှာဖုန်းတွေ၊ တက်ဘလက်တွေကို မသုံးကြဖို့ ပြောပါရစေ။ ဒီပစ္စည်းတွေရဲ့ မျက်နှာပြင်ကနေတစ်ဆင့် ပြန်လာတဲ့ နေရောင်က အသားအရေကို အတွင်းပိုင်းအထိ ထိခိုက်စေနိုင်တာကြောင့်ပါ။

**“လက်ပ်တော့ပ်၊ တက်ဘလက်နဲ့ ဖုန်းမျက်နှာပြင်တွေက သူတို့ဘာသာတော့ ခရမ်းလွန်ရောင်ခြည်ကို ထုတ်လွှတ်နိုင်ခြေနည်းပါတယ်။ သူတို့ရဲ့မျက်နှာပြင်ပေါ်ကို နေရောင်ထိတွေ့တဲ့အခါ ပြန်ထွက်လာတဲ့ အလင်းရောင်ကသာ အရေပြားကို ထိခိုက်စေတာပါ။ ဒီပြန်ထွက်လာတဲ့ အလင်းရောင်က အရေပြားကင်ဆာ ခံစားရနိုင်ခြေကို တိုးစေနိုင်သလို အရွယ်မတိုင်ခင် အိုမင်းရင့်ရော်တာနဲ့ အခြား အရေပြား ပြဿနာတွေကို ဖြစ်စေနိုင်ပါတယ်။ ဖြစ်နိုင်ရင်တော့ နေရောင်ထဲမှာဖုန်းတွေ၊ တက်ဘလက်တွေကို မသုံးကြဖို့ ပြောပါရစေ။ ဒီပစ္စည်းတွေရဲ့ မျက်နှာပြင်ကနေတစ်ဆင့် ပြန်လာတဲ့ နေရောင်က အသားအရေကို အတွင်းပိုင်းအထိ ထိခိုက်စေနိုင်တာကြောင့်ပါ”**

**အရေပြားထိခိုက်တဲ့ ပြဿနာတွေကနေ ကင်းဝေးဖို့**

HEV ကြောင့် အသားအရေထိခိုက်တာကနေ မကာကွယ်နိုင်တာတော့ မဟုတ်ပါဘူး။ ကာကွယ်လို့ရပါတယ်။ ဒီလိုကာကွယ်ဖို့ အရင်ဆုံးလုပ်ရမှာက

- CRT မော်နီတာတွေ အသုံးပြုနေသေးတယ်ဆိုရင် LCD ဒါမှမဟုတ် LED နဲ့ ပြောင်းသုံးလိုက်ပါ။
- ဒါမှမဟုတ်ရင် မော်နီတာမျက်နှာပြင်မှာ anti-glare screen ကို တပ်ဆင်အသုံးပြုပေးပါ။
- အသားအရေကို နေရောင်ဒဏ်ကနေကာကွယ်ဖို့လူးတဲ့ SPF ပါတဲ့ နေလောင်ကာခရင်မ်မျိုး လူးပေးပါ။

တစ်ချိန်လုံး ကွန်ပျူတာနဲ့ ဖုန်းမျက်နှာပြင်တွေကို စိုက်ကြည့်မနေဘဲ နာရီဝက်တစ်ခါလောက် ကွန်ပျူတာ မျက်နှာပြင်ပေါ်ကနေ အကြည့်လွှဲလိုက်ပါ။ ကွန်ပျူတာရှေ့ကနေထပြီးလမ်းလျှောက်တာမျိုး အကြောဆန့်တာမျိုး လုပ်ပေးရင်လည်းရပါတယ်။

- ဖုန်းတွေမှာလည်း Blue Light Saver ကပ်ပြီး အသုံးပြုတာမျိုး လုပ်ပါ။
- အသားအရေကို အစိုဓာတ်ထိန်းခရင်မ်လူးပြီး ရေဓာတ်ဖြည့်ပေးပါ။
- ညလိမ်းခရင်မ်လူးတာလိုမျိုး လိုအပ်တဲ့ အသားအရေထိန်းသိမ်းစောင့်ရှောက်မှုတွေကို လုပ်ဆောင်ပေးဖို့ လိုပါမယ်။
- တစ်ချိန်လုံး တီဗွီကြည့်တာ၊ ဖုန်းသုံးတာ၊ ကွန်ပျူတာသုံးတာတွေပဲ မလုပ်ပါနဲ့။

နေ့စဉ်လုပ်ဆောင်နေရတဲ့ အလုပ်တွေကြောင့် ကိုယ့်ရဲ့လှပပျိုမျစ်မှုတွေ မဆုံးရှုံးကြစေဖို့အတွက် အသားအရေကို ထိန်းသိမ်းစောင့်ရှောက်ပြီး အခုပြောပြခဲ့တဲ့ နည်းလေးတွေ အတိုင်းလိုက်လုပ်ကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။ ။

## ဇက်ကူး၍ ခရီးသွားသူများလာသဖြင့် မြောင်းမြမြို့ဇက်ဆိပ်ရှေ့လမ်းကို ကတ္တရာလမ်းခင်းပေး

**မြောင်းမြ ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ မြောင်းမြမြစ်ကူးကြိုးတံတားကြီး ဧပြီ ၁ ရက်က မြစ်အတွင်း ကျိုးပျက်ကျသွားခဲ့ပြီးနောက်တွင် ပြည်သူများမှာ ဇက်ဖြင့်ကူး၍ ခရီးသွားလာနေကြရသဖြင့် ပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် မြောင်းမြမြို့ ဘက်ခြမ်း ဇက်ဆိပ်အရှေ့လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက ကတ္တရာခင်းပေးလျက်ရှိကြောင်း သိရသည်။



တံတားကျိုးခဲ့ပြီးနောက်တွင် မြောင်းမြဘက်ကမ်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့ဇက်ဆိပ်နှင့် မြောင်းမြတစ်ဖက်ကမ်းမှ ကွယ်လယ် ဇက်ဆိပ်ကြား ဇက်ကူးပြေးဆွဲပေးလျက်ရှိရာ မြောင်းမြဘက်ကမ်း ပြန်/ဆက်ရုံး ဇက်ဆိပ်ရှေ့ရှိ လူသွားလမ်းမှာ လပွတ္တာ-ရန်ကုန်၊ မြောင်းမြ-ရန်ကုန်၊ မြောင်းမြ-ပုသိမ် ခရီးသွားပြည်သူများ မလွဲမသွေ အသုံးပြုကြရသည့် လမ်း ဖြစ်လာ၍ ခရီးသွားပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ဦးဆောင်ကာ ကတ္တရာလမ်းခင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

“ဒီလမ်းက ဇက်ကူးမယ့် ကားတွေ၊ ခရီးသွားပြည်သူတွေ အနေနဲ့ တံတားအသစ် မပြီးမချင်း နိစ္စဓူဝ သုံးရမယ့်လမ်းဖြစ်တဲ့အတွက် အခုလို ကတ္တရာလမ်းခင်းပေးတော့ နွေရော မိုးပါ သွားရလာရ အဆင်ပြေတာပေါ့၊ အရမ်းဝမ်းသာပါတယ်”ဟု အဆိုပါလမ်းပြုပြင်ပေးခြင်းနှင့် ပတ်သက်၍ ဒေသခံ ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူထုဗဟိုပြုစီမံကိန်းအကြောင်း ပြည်သူများပိုမိုသိရှိရန် လှုပ်ရှားမှုပြုလုပ်

**ငပုတော ဧပြီ ၂၉**

ငပုတောမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်နေသော ကျေးရွာများမှ ကျေးလက်နေပြည်သူများအနေဖြင့် စီမံကိန်းအကြောင်းကို ပိုမိုသိရှိလာစေရန် ရည်ရွယ်ချက်ဖြင့် အဝပိတ်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ လူထုဗဟိုပြုစီမံကိန်းဆိုင်ရာ Imformation campaing လှုပ်ရှားမှုကို ဧပြီ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

စီမံကိန်းအကောင်အထည်ဖော်ရာတွင် သတင်းပြန်ကြားဆက်သွယ်ရေး၏ အခန်းကဏ္ဍတစ်ခုအနေဖြင့် စီမံကိန်းအကြောင်းကို ကျေးရွာနေပြည်သူများအား ထိထိရောက်ရောက် အသိပညာပေးဖြန့်ဝေနိုင်ရန် ရည်ရွယ်၍ Imformation campaign ပြုလုပ်ခြင်းဖြစ်ကြောင်း၊ လှုပ်ရှားမှုတွင် စီမံကိန်းနှင့်ပတ်သက်သောပြခန်းများ ပြသခြင်း၊ အဆိုပါပြခန်းများတွင် ဓာတ်ပုံ၊ ပိုစတာများ၊ စီမံကိန်းလက်စွဲစာအုပ်များ၊ စီမံကိန်းကဗျာများ၊ ဝေဖန်အကြံပြုစာထည့်နိုင်သည့် စာတိုက်ပုံးများ ခင်းကျင်းပြသခြင်းတို့နှင့်အတူ ကျေးလက်နေပြည်သူများအား စီမံကိန်းနှင့်ပတ်သက်သော ပြဇာတ်များပြသခြင်း၊ စီမံကိန်းအကြောင်းအရာနှင့် ပတ်သက်သော ပန်းချီနှင့်စာစီစာကုံးပြိုင်ပွဲများ ပြုလုပ်ပေးခြင်း၊ စီမံကိန်းဆိုင်ရာမေးခွန်းများ မေးမြန်းကာ ဖြေဆိုနိုင်သူများအား စီမံကိန်းတံဆိပ်ပါ ကျောပိုးအိတ်၊ တီရှပ်နှင့် ဦးထုပ်များ လက်ဆောင်ပေးခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ငပုတောမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းကို ကျေးရွာအုပ်စု ၆၇ စုရှိ ကျေးရွာပေါင်း ၃၄၇ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရာသီဥတုဒဏ်ခံနိုင်စွမ်းရှိသော စိုက်ပျိုးရေးလုပ်ငန်းအကြောင်း တောင်သူများအား ဆွေးနွေးပို့ချ

**မိတ္ထီလာ ဧပြီ ၂၉**

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် Action Aid Myanmar (မိတ္ထီလာ)တို့ ပူးပေါင်း၍ မိတ္ထီလာမြို့နယ်အတွင်းမှ တောင်သူများအား ရာသီဥတုဘေးဒဏ် ခံနိုင်စွမ်းရှိသော စိုက်ပျိုးရေးလုပ်ငန်းအကြောင်း သိကောင်းစရာများ သင်တန်းကို ဧပြီ ၂၇ ရက်က ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ရုံးခန်းမတွင် ပြုလုပ်သည့် အဆိုပါသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ငြိမ်းက “အခုနောက်ပိုင်းမှာ ရာသီဥတုက ပြောင်းလဲလာပြီး စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ထိခိုက်နိုင်တာမျိုးတွေလည်း ကြုံတွေ့နိုင်တာမို့ ဒေသခံတောင်သူများကို ရာသီဥတုဘေးဒဏ် ခံနိုင်စွမ်းရှိတဲ့ စိုက်ပျိုးရေးလုပ်ငန်း ခေါင်းစဉ်နဲ့ အသိပညာပေး ဆွေးနွေးပို့ချပေးတာပါ၊ ဒီဆွေးနွေးပွဲကို Action Aid Myanmar(မိတ္ထီလာ)နဲ့ ပူးပေါင်းကျင်းပတာဖြစ်ပြီး မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၃ အုပ်စုက တောင်သူ ၃၉ ဦး တက်ရောက်ပါတယ်၊ ရာသီဥတုဘေးဒဏ် ခံနိုင်စွမ်းရှိတဲ့ စိုက်ပျိုးရေးလုပ်ငန်းမှာ သတိပြုဆောင်ရွက်ရမယ့် အချက်အလက်များကို ဆွေးနွေးပို့ချတာဖြစ်ပါတယ်”ဟု ပြောသည်။

အဆိုပါသင်တန်းတွင် ပြုပြင်ပြောင်းလဲရမည့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်ဦးစီးမှူးက ဆွေးနွေးပို့ချပြီး Action Aid Myanmar မှ စီမံကိန်းမန်နေဂျာ ဦးစောဂျော့မှူးက စီမံကိန်းဝင်ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြား၍ မြို့နယ်သီးနှံကာကွယ်ရေးတာဝန်ခံ၊ မြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံများက စိုက်ပျိုးရေးအသိပညာများကို အသေးစိတ် ဆွေးနွေးပို့ချခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**



# ပေါင်းတည်မြို့တွင် အပူချိန်မြင့်တက်မှုကြောင့် ဘေးမဲ့ရေကန်မှငါးများသေဆုံး

**ပေါင်းတည် ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့တွင် လွန်ခဲ့သောရက်များမှစတင်၍ အပူချိန်မြင့်တက်မှုကြောင့် ဈေး(၂)ရပ်ကွက် ရွှေကျောင်းကြီးတိုက်အတွင်းရှိ မင်းသားကြီးဘေးမဲ့ရေကန်ထဲမှ ငါးများသေဆုံးကာ ပုပ်ပွ၍ ရေပြင်ပေါ်တွင် ပေါ်လာနေကြောင်း သိရသည်။



ငါးများသေနေသည်ကို လာရောက်ကြည့်ရှုသူ ဒေသခံတစ်ဦးက “ရေကန်က အရင်က မြေသားကန်ပါ၊ ရေသေကန်ပေါ့၊ ကန်ပတ်လည်မှာလည်း အရိပ်ရသစ်ပင်တွေရှိတယ်၊ နောက်တော့ ကန်ပေါင်တွေမပြိုအောင်ရယ်၊ ရေဆိုးတွေ မဝင်ရအောင်ရယ်၊ ရေကန်သန့်ရှင်းစေရေးအတွက်ရယ်ဆိုပြီး သစ်ပင်တွေ ခုတ်တယ်၊ ရေနေအောင် ကန်ပေါင်နံရံတွေနဲ့ ကန်ကို ကျောက်စီလောင်းကြတယ်၊ အဲဒီတော့ ကျောက်စည်ထဲ ငါးထည့်မွေးသလို ဖြစ်နေတာပေါ့၊ သဘာဝအတိုင်းဆို ရေပူရင် ငါးဆိုတာမျိုးက နုန်းတိုးတာ၊ အခုတော့ တိုးစရာ မြေမရှိတာရယ်၊ အပူချိန်မြင့်တက်လာပြီး ရေပူနွေးလာတာရယ်ကြောင့် အခုလိုသေဆုံးတာဖြစ်နိုင်ပါတယ်”ဟု သုံးသပ်ပြောကြားသည်။

“သေဆုံးတဲ့ ငါးအများဆုံးက တီလားပီးယားငါးနဲ့ ငါးကြင်းတွေပါ၊ အကောင်ရေ နှစ်ရာကျော်လောက်ရှိမယ်၊ လိပ်တွေ သေတာတော့ မတွေ့ရဘူး၊ အကြံပေးချင်တာကတော့ ကန်ထဲမှာရှိတဲ့ ငါးတွေအပြင် ကျန်တဲ့တိရစ္ဆာန်တွေရဲ့ရှိသင့်တဲ့ သဘာဝဂေဟစနစ် မပျက်စီးရအောင် ဗေဒါပင်သေးသေးတွေ၊ ရေမှော်ပင်တွေ ထည့်သွင်းစိုက်ပေးသင့်ကြောင်း အကြံပေးလိုပါတယ်”ဟုလည်း ၎င်းက ပြောသည်။

အပင်များစိုက်ပေးခြင်းအပြင် အရိပ်ရ ရေပေါ်အသေးစား အဆောက်အအုံများလည်း တည်ဆောက်ပေးရန်နှင့် ကန်အတွင်း မြေသားထည့်သွင်းပေးလိုက်ခြင်းတို့ဖြင့်လည်း နောက်နောင်တွင် ငါးများသေဆုံးမှုကို နည်းပါးလာစေမည်ဖြစ်ကာ ကြည့်မဆုံးသည့် ဘေးမဲ့ငါးကန်ကြီးအဖြစ် သာယာရှုချင်စဖွယ်ရှိလာနိုင်မည်ဖြစ်ကြောင်းလည်း အဆိုပါမြို့ခံက ဆက်ပြောသည်။

လက်ရှိအချိန်တွင် ငါးများသေဆုံးမှုကြောင့် ကန်ရေညစ်ညမ်းမှုရှိလာသည်နှင့်အတူ ကန်ဘေးရှိစာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ ကန်သို့ အပန်းဖြေလာရောက်သူများ ငါးပုပ်နံ့များ ရှူနေရမှု မရှိစေရေးနှင့် လေထုညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေး၊ ကန်ထဲမှ ကျန်သောငါးများနှင့် အခြားရေသတ္တဝါများ ထပ်မံသေဆုံးမှု မဖြစ်ပေါ်စေရေးနှင့် ရေကန်သန့်ရှင်းရေးအတွက် ငါးသေကောင်များကို လှေဖြင့်ဆယ်ယူခြင်း၊ ရေကန်သန့်ရှင်းခြင်း၊ မီးသတ်ကားများဖြင့် ကန်အတွင်း ရေဖြည့်တင်းခြင်းနှင့် ရေကန်အတွင်း အောက်ဆီဂျင် လေရရှိရေးအတွက် နည်းပညာများရယူကာ ရေပိုက်များသွယ်တန်းပြီး ရေမြုပ်ပန့်များဖြင့် လေမှုတ်ပေးခြင်း လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးသန်းဇော်မင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့အကျိုးတော်ဆောင်ကွန်ရက် အဖွဲ့ဝင်များ၊ Ph 7 အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရွှေတည် ပန်းခြံတည်ဆောက်ရေး အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# တောင်သူလယ်သမားတစ်ဦးအတွက် အသက်အာမခံလျော်ကြေးငွေ ပေးအပ်

**မကွေး ဧပြီ ၂၉**

ယာခင်းမှအပြန် ရေချိုးခြင်းကြောင့် ဦးနှောက်သွေးကြောပြတ် သေဆုံးသွားခဲ့သော မကွေးမြို့နယ် အလယ်ချောင်းကျေးရွာမှ ဦးမောင်ခိုင်(ခ)ဦးသောင်းစိန်အတွက် တောင်သူလယ်သမား အသက်အာမခံလျော်ကြေးငွေ ကျပ်ငါးသိန်းကို သေဆုံးသူ၏ဇနီး ဒေါ်အေးအေးမော်ထံသို့ ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီက ဧပြီ ၂၇ ရက်တွင် ကျေးရွာသို့ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

“သူမသေခင် လေးလလောက်ကမှ အာမခံလုပ်ဖြစ်ခဲ့တာ၊ အာမခံက ထည့်သာထည့်ထားရတာ၊ အစက အယုံအကြည်မရှိဘူးလေ၊ အမျိုးသားက စိတ်ဝင်စားပြီး တစ်နှစ် ၅၀၀၀ ထည့်ပြီး အာမခံလုပ်ထားတာ၊ မရတော့လည်း လှူတယ်ပေါ့၊ သူဆုံးသွားပြီး လျော်ကြေးလာပေးတော့ ကျန်ခဲ့တဲ့ ကလေးသုံးယောက်ရဲ့ပညာရေးမှာ အသုံးချလို့ရပါပြီ”ဟု ဦးမောင်ခိုင်၏ဇနီး ဒေါ်အေးအေးမော်က ပြောသည်။




လျော်ကြေးပေးအပ်ပွဲသို့ ကျေးရွာမှ ဒေသခံ ၇၀ ကျော် တက်ရောက်ခဲ့ပြီး အာမခံကုမ္ပဏီဒါရိုက်တာ ဦးစိုးဝင်းသန့်က အာမခံအကြောင်း သိကောင်းစရာများနှင့် သီးနှံအာမခံအကြောင်းများကို ရှင်းလင်းဆွေးနွေးခဲ့ကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းကလည်း ကျေးလက်နေပြည်သူများအနေဖြင့် နိမိတ်မရှိ၊ နမာမရှိဆိုသော အစွဲအလမ်းများကိုဖျောက်၍ အသက်အာမခံ၊ ခရီးသွားအာမခံများ ထားရှိသင့်ကြောင်း၊ အာမခံထားပြီး သေဆုံးသွားသူကြောင့် မိသားစုများ အကျိုးခံစားခွင့်များ ကျန်ခဲ့ကြသည်ကို သတိပြုစေလိုကြောင်း အကြံပေးပြောကြားခဲ့ကြောင်း သိရသည်။

တောင်သူလယ်သမားအသက်အာမခံမှာ တစ်ဦးချင်းထားရှိနိုင်သည့် အာမခံအမျိုးအစားဖြစ်ပြီး အသက် ၁၆ နှစ်မှ ၆၀ နှစ်အတွင်း တောင်သူလယ်သမားများနှင့် ၎င်းတို့၏မိသားစုများ၊ ဆွေမျိုးများ၊ လယ်ယာလုပ်ငန်း အတူလုပ်ကိုင်သူများ ထားရှိနိုင်ကြောင်း၊ အာမခံသက်တမ်း တစ်နှစ်အတွက် အနည်းဆုံး ကျပ်တစ်သိန်းမှ ကျပ်သိန်း ၅၀ အထိ အာမခံလျော်ကြေးရရှိနိုင်ရန် အာမခံငွေ၏ တစ်ရာခိုင်နှုန်းကို ပရီမီယံ အာမခံနှုန်းအဖြစ် ပေးသွင်းနိုင်ကြောင်း သိရသည်။ အသက်အာမခံကြေးငွေ ထုတ်ပေးသည့်ပွဲအပြီးတွင် ဒေသခံတောင်သူများအနေဖြင့် အာမခံအပေါ် စိတ်ဝင်စားကာ အာမခံထားရှိမှုများရှိလာကြောင်းလည်း ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီမှ သိရသည်။

**ဇေယျာတု(မကွေး)**

# ငါးဖမ်းဆီးရမိမှုနည်းလာ၍ လပွတ္တာမြို့နယ်မှ ငါးဖမ်းသမားများ ဝင်ငွေလျော့နည်း

**လပွတ္တာ ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းမှ ကိုင်းသောင်ကျွန်းတွင် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည့် ငါးဖမ်းသမားများ နေထိုင်ကြကာ ဒေသအတွင်း အများဆုံးဖမ်းမိခဲ့သည့် ငါးသလောက်များမှာ ယခုနှစ်တွင် ရှားပါးလာသောကြောင့် ငါးဖမ်းသမားများ ဝင်ငွေလျော့နည်းသွားပြီး စားဝတ်နေရေးပါ ကျပ်တည်းမှု ရှိလာကြကြောင်း ဒေသခံများထံမှ သိရသည်။

“ကျွန်တော်တို့ ဒီအရပ်မှာ ငါးသလောက်ငါးတွေ၊ ငါမုတ်ငါးတွေ တော်တော်ရှားပါးသွားပါတယ်၊ ရှားပါးရတဲ့အကြောင်းအရင်းကတော့ နည်းပညာတွေကို အသုံးပြုပြီး ငါးဖမ်းလာတာကြောင့်ဖြစ်ပါတယ်၊ ကမ်းဝေးပင်လယ်ပြင်ပိုင်းမှာ ငါးဖမ်းစက်လှေအကြီးစားတွေက နည်းပညာတွေ၊ အထောက်အကူပြုစက်ကိရိယာတွေကို အသုံးပြုပြီး ဖမ်းနေတဲ့အတွက် ရေအောက်မှာ ငါးတွေကိုလှမ်းမြင်နိုင်တယ်၊ငါးသလောက်လား၊ ငါးမုတ်လား၊ ငါးအုပ်ဘယ်လောက်များတယ်ဆိုတာ ကြိုတင်သိရပြီး အတိအကျဖမ်းလို့ရကြတယ်၊ တစ်ပိုင်တစ်နိုင်ငါးဖမ်းပြီး အသက်မွေးဝမ်းကျောင်းပြုလုပ်နေကြတဲ့ ပိုက်လှေတွေကတော့ နည်းပညာသုံး အထောက်အကူပြု ငါးဖမ်းစက် ကိရိယာတွေကို မဝယ်နိုင်ဘူး၊ ဒါကြောင့်မို့ ငါးတွေဟာ တစ်ပိုင်တစ်နိုင်ဖမ်းတဲ့ ကမ်းနီးဘက်တွေကို မကျော်ဖြတ်နိုင်တော့ပါဘူး၊ ကမ်းနီးငါးဖမ်းသမားတွေမှာ အခုနောက်ပိုင်း မရတာက များတယ်၊ ငါးမရလို့ စားဝတ်နေရေး ကျပ်တည်းလာတာကြောင့် လူငယ်တွေ တော်တော်များများ မြို့တက်ပြီး အလုပ်လုပ်ကြရတယ်”ဟု ဒေသခံတစ်ဦးက ပြောသည်။

ကိုင်းသောင်ကျွန်းသည် လပွတ္တာမြို့တောင်ဘက် ကပ္ပလီပင်လယ်ထဲတွင် တည်ရှိပြီး ဧရိယာ ၂၂ ကေခွဲ ကျယ်ဝန်း၍ အိမ်ခြေ ၇၂၀ တွင် အိမ်ထောင်စု ၇၃၅ စု လူဦးရေ ၃၂၀၀ ကျော် နေထိုင်လျက်ရှိကာ အများစုမှာငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်ကြောင်း၊ ယခုနောက်ပိုင်းတွင် ငါးဖမ်းဆီးရမိမှု နည်းလာ၍ စားဝတ်နေရေး အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း အဆိုပါ ကိုင်းသောင်ကျွန်းမှ ဒေသခံအချို့က ပြောသည်။

**နေလင်း(ညောင်လေးပင်)**

# မြေဆီလွှာအာဟာရ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု သရုပ်ပြပြီး စစ်ဆေးမှုရလဒ် လက်မှတ်များပေးအပ်

**ငပုတော ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများ၏ လယ်ကွေများတွင် မြေချဉ်၊ ငန်ဓာတ်နှင့် အခြားဓာတ်များပါဝင်မှုကို လက်တွေ့ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းနှင့် စစ်ဆေးမှုရလဒ် လက်မှတ်များပေးအပ်ပွဲကို ဧပြီ ၂၇ ရက်က ငပုတောမြို့ရှိ သီရိရှော မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားချက်နှင့်အညီ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မြေဆီလွှာအာဟာရဓာတ်များ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းစိုးဦးနှင့် ဝန်ထမ်းများက ဒေသခံတောင်သူများအား လက်တွေ့စစ်ဆေးပေးခဲ့ခြင်းဖြစ်သည်။ ဦးစီးမှူးနှင့် ဝန်ထမ်းများက ဓာတ်ခွဲစမ်းသပ်မှုများကို သရုပ်ပြကြပြီးနောက် စစ်ဆေးမှုလက်မှတ်များကို တောင်သူများထံ ပေးအပ်ခဲ့သည်။

ငပုတောတစ်မြို့နယ်လုံးရှိ ကျေးရွာများမှ လယ်ကွေများသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးထားသည့် မြေတွင်းအာဟာရဓာတ် စစ်ဆေးမှုလက်မှတ်များကိုလည်း ရေတော်မိုးတော်စိုက်ကေ တောင်သူများအားလုံးထံသို့ ပေးအပ်သွားမည်ဖြစ်ပြီး ယခုလို စစ်ဆေးပေးသည့်အတွက် တောင်သူများ၏ လယ်မြေများတွင် အာဟာရဓာတ်ပါဝင်မှုကို အခြေခံကာ လိုအပ်သည့် အာဟာရဓာတ်များကို ပြန်လည်ဖြည့်တင်းခြင်းဖြင့် သီးနှံများ အထွက်တိုးစေမည်ဖြစ်ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# ငါ့သရောက်မြို့နယ်တွင် နွားစာရှားပါးသည့်အတွက် ထန်းသီးနှင့်ထန်းနို့များ ကျွေးနေရ

**ငါ့သရောက် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်အချို့မှ တောင်သူများသည် မွေးမြူထားသည့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် နှစ်စဉ်အစာအခက်အခဲများနှင့် ရင်ဆိုင်နေကြရသလို ယခုနှစ်တွင်လည်း နွားစာရှားပါးခြင်းကြောင့် နွားများအား ထန်းသီးနှင့်ထန်းနို့များ ကျွေးနေရကြောင်း သိရသည်။

“ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ အိမ်မွေးတိရစ္ဆာန်တွေအနေနဲ့ နွေအခါကျရင် မြက်အစိုမစားရပါဘူး၊ မိုးတွင်းမှာ မြက်အစိုစားရပြီး နွေရာသီအချိန်ရောက်တိုင်း တမာရွက်၊ ထနောင်းရွက်နဲ့ ထန်းသီး၊ ထန်းခိုင်(ထန်းနို့)များ စဉ်းကျွေးရပါတယ်၊ အချို့တောင်သူများက မြေပဲရိုးနဲ့ ပဲစင်းငုံမှော်တွေကို နွားစာကျည်များနဲ့ လှောင်ထားပြီး နွေရာသီရောက်ရင် ထန်းသီး၊ ထန်းနို့များကိုစဉ်းပြီး ရောကျွေးကြပါတယ်”ဟု စက်စက်ယိုကျေးရွာနေ တောင်သူဦးကျော်ဖြန်းက ပြောသည်။

ငါ့သရောက်မြို့နယ်ရှိ ကျေးရွာများသည် ပူပြင်းခြောက်သွေ့သောဒေသများဖြစ်၍ နွေရာသီရောက်တိုင်း တိရစ္ဆာန်များအတွက် အစာဖြစ်သည့် မြက်အစို မရှိကြောင်း၊ ပူပြင်းခြောက်သွေ့သည့် ကျောက်ပန်းတောင်း၊ ပုဂံညောင်ဦး၊ ငါ့သရောက်ဒေသတို့တွင် ပေါက်ရောက်သော ထန်းပင်သည် နွေရာသီတွင် အသုံးဝင်သောအပင်များဖြစ်ကြပြီး ထန်းသီးအသား၊ ထန်းသီးအဆန်၊ ထန်းသီးအဆန်အရင့်များကို ကျွဲ၊ နွားများအားကျွေး ၍ရကြောင်း၊ ထန်းသီးဆန်အရင့်များကို ခွဲခြမ်း၍ အပုပ်စိမ်ပြီးကျွေးလျှင် ကျွဲ၊ နွားများ အလွန်ကြိုက်ကြကြောင်း ညောင်ဦးမြို့နယ် ကတောကျေးရွာနေ တောင်သူဦးမင်းညိုက ပြောသည်။ ထန်းမ၊ ထန်းဖိုပင်များမှ ထွက်ရှိသည့် ထန်းသီး၊ ထန်းနို့များသည် ပူပြင်းခြောက်သွေ့သော အညာဒေသများရှိ ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အစာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သဖြင့် ထန်းပင်များသည် ဒေသအတွက် မရှိမဖြစ်လိုအပ်သော အပင်များဖြစ်ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**



# မာန်အောင်မြို့နယ်တွင် ဆိုင်ကယ်စက်ပြင် သင်တန်းဖွင့်

**မာန်အောင် ဧပြီ ၂၉**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်းကို ကုန်းခင်ကျေးရွာအုပ်စု ကုန်းခင်ရွာ အခြေခံပညာမူလတန်းကျောင်း၌ ဧပြီ ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နုအောင်က အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်မောင်လွင်က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၅ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၂၇ ရက်မှ မေ ၂၆ ရက်အထိ တစ်လ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကယားရိုးရာအဆင် အဝတ်အထည်ထုတ်လုပ်သည့် စက်ရက်ကန်းများလုပ်ငန်းတိုးချဲ့လုပ်ကိုင်

**လွိုင်ကော် မေ ၂၉**

ကယားရိုးရာအဆင် အဝတ်အထည်များ ရောင်းကောင်းလျက်ရှိသောကြောင့် ကယားပြည်နယ် လွိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်များတွင် ကယားရိုးရာအဆင် အဝတ်အထည်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် စက်ရက်ကန်းလုပ်ငန်းများ လုပ်ငန်းတိုးချဲ့လာကြကြောင်း လုပ်ငန်းလုပ်ကိုင်သူ အချို့ထံမှ သိရသည်။

“ကယားပြည်နယ်မှာ တည်ထောင်လုပ်ကိုင်ကြတဲ့ စက်ရက်ကန်းလုပ်ငန်းအားလုံးက ကယားရိုးရာအဆင် အမျိုးသားဝတ် လုံချည်၊ အမျိုးသမီးဝတ်လုံချည်နဲ့ ခြုံထည်တဘက်တွေကိုသာ ရက်လုပ်ကြပါတယ်၊ အမျိုးသားဝတ်လုံချည်တစ်ထည် ငွေကျပ် ၄၅၀၀ ဝန်းကျင်၊ အမျိုးသမီးဝတ်လုံချည် တစ်ထည် ငွေကျပ် ၃၅၀၀ ဝန်းကျင်၊ ခြုံထည်တဘက်တစ်ထည် ငွေကျပ် ၃၅၀၀ ဝန်းကျင်နဲ့ ရောင်းရပါတယ်၊ ပြည်နယ်အတွင်းက ရိုးရာယဉ်ကျေးမှုအက အဖွဲ့တွေ၊ လူမှုရေးအသင်းအဖွဲ့တွေက မှာယူဝတ်ဆင်မှုတွေများနေသလို ပြည်တွင်း၊ ပြည်ပခရီးသည်တွေ လာရောက်မှုများပြားလာပြီး အိမ်ပြန် လက်ဆောင်ဝယ်ယူကြတာကြောင့်လည်း ကယားရိုးရာအဆင် အဝတ်အထည်တွေ အရောင်းသွက်ကြတာဖြစ်ပါတယ်”ဟု လွိုင်ကော်မြို့မှ စက်ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။



ကယားပြည်နယ် လွိုင်ကော်မြို့တွင် ၁၉၉၈ ခုနှစ်က ကယားရိုးရာအဆင်အဝတ်အထည်ထုတ်လုပ်သည့် အစိုးရရက်ကန်းကျောင်းပိုင် စက်ရက်ကန်းစင် တစ်လုံးနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးပိုင် လက်ရက်ကန်း ၁၀ လုံးသာ ရှိခဲ့ရာမှ ယင်းနောက်ပိုင်းတွင် စက်နှင့်လက်ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူဦးရေ တိုးပွားလာခဲ့ပြီး ယခုအခါလွိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်များအတွင်း ရက်ကန်းလုပ်ငန်းရှင် ၁၈ ဦးတို့က လက်ရက်ကန်း စင် အလုံး ၄၀ ခန့်၊ စက်ရက်ကန်းစင် အလုံးရေ ၁၀၀ကျော်ခန့်တို့ဖြင့် ကယားရိုးရာ အဆင်အဝတ်အထည်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိနေကြကြောင်း၊ ယခု ကယားပြည်နယ်အတွင်းရှိ ရက်ကန်းလုပ်ငန်းများတွင် အလုပ်ဝင်ရောက်လုပ်ကိုင်နေကြသူ ရက်ကန်းလုပ်သားများတွင် ကယားပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ရက်ကန်းနှင့် သက်မွေးပညာသင်ကျောင်းမှ မွေးထုတ်လိုက်သည့်လုပ်သားများ ပါဝင်သကဲ့သို့ မန္တလေးတိုင်းဒေသကြီး သာစည်နှင့် ဝမ်းတွင်းမြို့နယ်တို့မှ ရက်ကန်းပညာတတ်မြောက်သည့် လုပ်သားများလည်း လာရောက်လုပ်ကိုင်နေကြသည်များရှိကြောင်း လွိုင်ကော်မြို့ ရက်ကန်းနှင့် သက်မွေးပညာသင်ကျောင်းမှ အကြီးတန်းနည်းပြ ဦးအောင်ဖေသိန်း အေးထံမှ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# ပြင်ဦးလွင်ဒီဇင်ဘာရေတံခွန်နှင့် ပန်းခြံသို့လာရောက်လည်ပတ်သူ ပိုမိုများပြားလာ

**ပြင်ဦးလွင် မေ ၂၉**

ပြင်ဦးလွင်မြို့၏ နာမည်ကျော်ပွဲကောက်ရေတံခွန်အနီး၌ အသစ်ပေါ်ထွက်လာသည့် ဒီဇင်ဘာရေတံခွန်နှင့် အပန်းဖြေပန်းဥယျာဉ်တည်ရှိရာသို့ ယခုရက်ပိုင်းအတွင်းလာရောက်လည်ပတ် အပန်းဖြေသူ ပိုမိုများပြားလာကြောင်း သိရသည်။

ဒီဇင်ဘာရေတံခွန်သည် ပွဲကောက်ရေတံခွန်စတင်ဖြစ်ပေါ်စေမည့် ပြင်ဦးလွင်မြို့တွင်းမှ စီးဆင်းလာသော ဂဲလောင်းချောင်းပေါ်၌ပင် တည်ရှိနေပြီး ပွဲကောက်ရေတံခွန်၏အောက်ဘက် တစ်မိုင်ခန့်အကွာတွင် ရှိနေသည်။ ဒီဇင်ဘာရေတံခွန်သည် ပြင်ဦးလွင်မြို့၏ အထင်ကရ နာမည်ကျော် လူသိများခဲ့သော ပွဲကောက်၊ ဓာတ်တော်ချိုင့်၊ ပိတ်ချင်းမြောင်၊ ရေပုံ့တောင်စသည့်ရေတံခွန်များနှင့် နှိုင်းစာလျှင်သေးငယ်ပြီး လှပမှု အားနည်းနေသော်လည်း ပတ်ဝန်းကျင် ကျယ်ဝန်းခြင်း၊ လှပသော ရောင်စုံပန်းဥယျာဉ်များ တည်ရှိနေခြင်း၊ လာရောက် သူတို့နားနေအပန်းပြေစေရန် နေရာများစွာ ပြုလုပ်ထားရှိခြင်း၊ သဘာဝသစ်ပင်တောတန်းငယ်များရှိနေခြင်း၊ ရေတံခွန်နှင့် နီးကပ်သောကြောင့် ပျော်ရွှင်စွာ ရေဆော့ကစားနိုင်ခြင်းတို့ကြောင့် လည်ပတ်သူတို့ ပိုမိုများပြားလျက်ရှိနေကြောင်း သိရသည်။

ထို့အပြင် ရေတံခွန်၌ လူဦးရေ ၃၀ အထိ ဖြတ်သန်းသွားလာနိုင်သော ကြိုးတံတားကြီးတစ်ခု တည်ဆောက်ပြုလုပ်ပြီး ဖြစ်သလို နောက်ထပ်လည်း ကြိုးတံတားကြီးတစ်ခုအသစ် ထပ်မံဆောက်လုပ်နေခြင်းကြောင့် ကြိုးတံတားများအပေါ်မှ ဖြတ်သန်း၍ရေတံခွန်၏ အလှကို ကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။



ဒီဇင်ဘာရေတံခွန်သည် ပွဲကောက်ရေတံခွန်ပြီးလျှင် ပြင်ဦးလွင်မြို့နှင့် အလွန် နီးကပ်စွာရှိနေခြင်းကြောင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းခြင်းကြောင့် လည်းကောင်း၊ မဟာအံ့ထူးကံသာ(ပြည်ချစ်) ဘုရား၊ ပွဲကောက်ရေတံခွန်နှင့် ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူတော်သို့ သွားရောက်ရာ လမ်းပေါ်၌ တည်ရှိနေခြင်းကြောင့်လည်း ကောင်း၊ သဘာဝရေတံခွန်အဖြစ် တည်ရှိနေဆဲကြောင့် လည်းကောင်း၊ ရေတံခွန်ပတ်ဝန်းကျင်၌ အခြားသော လေ့လာကြည့်ရှုရန် နေရာများရှိနေခြင်းကြောင့် လည်းကောင်း၊ ယာဉ်ဝင်ခသာ ကောက်ခံနေပြီး လူတစ်ဦးချင်းအတွက် ဝင်ကြေးကောက်ခံခြင်း မရှိသေးခြင်းတို့ကြောင့် လည်းကောင်း လာရောက်သူ ပိုမိုများရခြင်းဖြစ်ကြောင်းကိုလည်း သိရသည်။

ယခုအခါ နွေရာသီရက်များဖြစ်နေသောကြောင့် ဂဲလောင်းချောင်းရေသည် ပုံမှန်အားဖြင့် နည်းပါးလေ့ရှိနေသော်လည်း မကြာမီရက်အတွင်းက ရွာသွန်းခဲ့သော အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဂဲလောင်းချောင်းအတွင်း ရေပြန်များလာပြီး ပွဲကောက်ရေတံခွန်နှင့်အတူ ဒီဇင်ဘာရေတံခွန်သည်လည်း လှပလျက်ရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ဂုတ်တွင်းကားလမ်း တံတားသစ်စီမံကိန်းတွင် ပါဝင်သောမြေများ ဒုတိယအကြိမ် လျော်ကြေးငွေပေးအပ်

**သီပေါ မေ ၂၉**

ရှမ်းပြည်နယ် မြောက်ပိုင်း မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီး ကျောက်မဲနှင့် နောင်ချိုမြို့နယ်အကြားရှိ ဂုတ်တွင်းကားလမ်းတံတားသစ်နှင့် မြို့ရှောင် လမ်းစီမံကိန်းတွင်ပါဝင်သော မြေများအတွက်လျော်ကြေးငွေပေးအပ်ခြင်း အခမ်းအနားကို မေ ၂၇ ရက်က ကျောက်မဲမြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက အမှာစကားပြောကြားပြီး ခရိုင်လမ်း ဦးစီးဌာနမှူး ဦးဇော်သူလင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်း ဦးစီးဌာနမှူး ဦးဇော်လွင်ဦးတို့က စီမံကိန်းဆောင် ရွက်ထားမှု အခြေအနေနှင့်လျော်ကြေးငွေရရှိမည့် စိုက်ခင်းရှင်များ၏ အမည်စာရင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက်ခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်လမ်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ဒုတိယအကြိမ် လျော်ကြေးငွေရရှိသူများကို လယ်တစ်ကေလျှင် ငွေကျပ်သိန်း ၁၅၀၊ ယာတစ်ကေငွေကျပ်သိန်း ၁၀၀ ဖြင့် ၃၉ဦးအတွက် လျော်ကြေးငွေများကို တစ်ဦးချင်း ပေးအပ်ခဲ့သည်။

အဆိုပါ တံတားသစ်နှင့် လမ်းတည်ဆောက်ရာတွင် နာမည်ကျော် ဂုတ်ထိပ်တံတားနှင့် ကီလိုမီတာ ၈၀၀ အကွာ၌ တည်ဆောက်မည်ဖြစ်သဖြင့် အဝေးပြေးကားလမ်းမကြီးပေါ်ရှိ အန္တရာယ်အကွေ့အကောက်ကားလမ်းမကြီးအား ဖြတ်သန်းသွားလာမောင်းနှင်နေကြရသည့် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာမောင်းနှင်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဂုတ်တွင်းကားလမ်းပိုင်းကို အသုံးမပြုတော့ဘဲ အလျားပေ ၂၈၀၀ အရှည်ရှိမည့် လေးလမ်းသွားကွန်ကရစ်တံတားကြီး တစ်စင်းကိုတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ဂုတ်တွင်းတံတားသစ်ကြီး တည်ဆောက်ပြီးစီးသွားပါက ယခုလက်ရှိသွားလာမောင်းနှင်နေကြသည့် ကမ္ဘာကျော်ဂုတ်တွင်းကားလမ်းကြီးမှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုတော့မည် မဟုတ်ဘဲ ပြည်တွင်း ပြည်ပမှ လေ့လာလိုသူများကိုသာ ကြည့်ရှုလေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



# ခမီတိုင်းရင်းသားတို့၏ နေလသစ္စာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပေါက်တော မေ ၂၉**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျင်းတလင်းကျေးရွာ၌ မေ ၂၇ ရက်တွင် ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် ခမီအမျိုးသားနေ့ ဂုဏ်ပြုသောအားဖြင့်၊ ခမီတိုင်းရင်းသားတို့ နေထိုင်ရာ ပေါက်တောမြို့နယ် ဇေယျာဝတီကျေးရွာတွင် နေလသစ္စာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက်က ကျင်းပသည်။

စာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စမ်းစမ်းအောင်က ဖွင့်လှစ်ပေးပြီး ခမီတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုရိုးရာအက ဓာတ်ပုံများ၊ ခမီစာပေသင်ကြားရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ခမီတိုင်းရင်းသားတို့သည် ရခိုင်ပြည်နယ်အတွင်း မြို့နယ်များရှိ ကျေးရွာအသီးသီးတွင် ဖြန့်ခွဲနေထိုင်ကြပြီး စစ်တွေမြို့ရှိ ခေမာမဏ္ဍိုင် ဘုန်းတော်ကြီးကျောင်း၌ ခမီတိုင်းရင်းသားတို့နေထိုင်ရာ ကျေးရွာအသီးသီးရှိ ခမီလူငယ်များ စုစည်း၍ နွေရာသီကာလ ခမီစာပေသင်ကြားပို့ချနိုင်ရန် ခမီစာပေနည်းပြသင်တန်းကိုလည်း ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ရာ ယခုအခါ သင်တန်းဆင်း ဆရာ ဆရာမများမှ ကျေးရွာအသီးသီးသို့ သွားရောက်၍ ခမီစာပေများကို သင်ကြားပို့ချပေးလျက်ရှိသည်။

**မောင်မောင်ကျော် (ပလက်ဝ)**


WELCOME MONSOON!
But not without SMART
UPG
SMART
2 Waterproofing Solutions for All Concrete Structures
အင်္ဂတေအဆောက်အဦအားလုံးအတွက် အရည်အသွေးမြင့် ရေလုံတားဆေးနှစ်မျိုး
မုတ်သုံမိုးရေတင်မက ... သုံးရေ၊ စွန့်ရေအမျိုးမျိုးနဲ့ ထိစပ်နေရတဲ့ သို့မဟုတ် ရေအောက်နစ်မြုပ်နေရတဲ့ အတွင်းနဲ့ အပြင်အင်္ဂတေမျက်နှာပြင်မျိုးစုံ ပါဝင်ရာ ...
ရေကူးကန်၊ ရေလှောင်ကန်၊ အင်္ဂတေခေါင်မိုး၊ မြေအောက်ထပ်၊ ရေချိုးခန်း၊ မီးဖိုချောင်၊ ပန်းခြံရေပန်း၊ ရေကန် စသည်တို့အတွက်
• Protect Water Penetration •
• Protect Cracking •
• High Resistance to weather •
• Non-Toxic •
STOP
SMART
2K Cementitious Waterproofing
Excellent For Use
4 kgs.NET
SPW10192
Guaranteed to stop water
Great for wet or dry walls
UNITED PAINTS GROUP CO., LTD.
SMART
Mastic Waterproofing
Ready For Use
4 kgs.NET
SRW10110
UNITED PAINTS GROUP CO., LTD.
ဘိလပ်မြေအခြေခံ နှစ်မျိုးစပ် ရေလုံတားဆေး
၁၀၀% အခုရိုက်လစ်အခြေခံ ရေလုံတားဆေး
UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care
Global Compact Network (Myanmar)
No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II),
Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com
facebook.com/upgpaint

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၂)၊ မြောက်ဒဂုံမှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ်လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto နှင့် Manual) နှစ်မျိုးလုံးသင်ကြားပေးပါသည်။

**မေလရုံးဖွင့်ရက်သင်တန်း** - ၇-၅-၂၀၁၈ရက်ဖွင့်မည်။
**မေလရုံးပိတ်ရက်သင်တန်း** - ၅-၅-၂၀၁၈ ရက် ဖွင့်မည်။
**ဆက်သွယ်ရန် ဖုန်း** - ၀၉-၄၅၁၁၆၉၈၂၀၊ ၀၉-၂၅၂၂၅၇၇၀၉
**လိပ်စာ** - (၁-ဈ)၊ မြဝတီမင်းကြီးလမ်း၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။
YBS -၁၂ဂိတ်အနီး။
နယ်မှသင်တန်းသားများအဆောင်အခမဲ့စီစဉ်ပေးမည်။
(လူဦးရေကန့်သတ်ထားသည်)

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး(နေပြည်တော်)
## ယာဉ်မောင်းသင်တန်းကျောင်း

၅-၅-၂၀၁၈ ရက် စတင်ဖွင့်လှစ်မည်။ (စနေ၊ တနင်္ဂနွေ) ပုံမှန်သင်တန်းနှင့်အမြန်သင်တန်းများကို Auto/Manual Saloon ကားသစ်များဖြင့် (ပိတ်ရက်မရှိ) သင်ကြားပေးနေပါသည်။

မြို့မဈေးမှ အကြို/အပို့စီစဉ်ပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ - ပုဗ္ဗသီရိမြို့၊ ရွာတော်၊ (ကညန)ရုံးနှင့် ကပ်လျက်(နေပြည်တော်)**
**ဖုန်း-၀၆၇-၅၁၀၀၃၂၊**
**၀၉-၄၀၂၇၀၁၉၂၆၊ ၀၉-၅၃၆၆၁၈၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နိုင်ငံ့ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းတွင် ဝန်ထမ်းအိမ်ရာများအတွင်း လိုအပ်သော ကွန်ကရစ်လမ်းများအတွက် ဖျော်စပ်ပြီးကွန်ကရစ်(ကုဗမီတာ)အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ပေးသွင်းလိုသူများအား တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ ဖျော်စပ်ပြီး ကွန်ကရစ် (30 MPa)

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂-၅-၂၀၁၈ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၅-၂၀၁၈ ရက် ၁၂း၀၀နာရီတိတိ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၄-၅-၂၀၁၈ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ (နေပြည်တော်ကောင်စီရုံးဝင်းအတွင်း) ဇမ္ဗူသီရိမြို့နယ်
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၅၅၀၃၂၈

(အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးတိုင်းဒေသကြီး
## မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ပညာသင်နှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန် တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၉၁၇၀၊ ၀၂-၄၀၃၃၇၈၄၊ ၀၂-၄၀၃၉၁၇၂တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

(က) **ရောင်းချရက်** - ၃၀-၄-၂၀၁၈ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၃၀-၅-၂၀၁၈ရက်
(ဂ) **ရောင်းချမည့်နေရာ** - မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ H.S.D၊ ပရီမီယံ ဒီဇယ်ဆီ (P.H.S.D)နှင့် ဓာတ်ဆီ (Octane-92) တို့ကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်း ကမ်းလှမ်းလွှာများကို ၂၉-၅-၂၀၁၈ ရက် မွန်းလွဲ ၁း၀၀နာရီနောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၃၀-၄-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉နှင့် ၀၁-၈၆၁၀၂၃၂ တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ရန်ကုန်တက္ကသိုလ်
## ဘွဲ့လွန်ဒီပလိုမာဘွဲ့သင်တန်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်တွင် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာဘွဲ့သင်တန်းများကိုဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

(က) အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာသင်တန်း
(ခ) အသုံးချစိတ်ပညာ ဒီပလိုမာသင်တန်း
(ဂ) အသုံးချရူပဗေဒ ဒီပလိုမာသင်တန်း
(ဃ) ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း
(င) ကုန်ထုတ်ဓာတုဗေဒ ဒီပလိုမာသင်တန်း
(စ) စာကြည့်တိုက်နှင့်သုတပညာ ဒီပလိုမာသင်တန်း
(ဆ) မနုဿဗေဒ ဒီပလိုမာသင်တန်း
(ဇ) လူမှုရေးပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်း

၂။ အထက်ပါဒီပလိုမာဘွဲ့သင်တန်းများကို အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) အစိုးရဝန်ထမ်းနှင့် အခြားလုပ်ငန်းတွင် အလုပ်လုပ်သူဖြစ်ပါက ဌာန/လုပ်ငန်းဆိုင်ရာအကြီးအကဲ (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်ပါရမည်။

၃။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာဘာသာရပ်ဌာနများတွင် စုံစမ်းနိုင်ပါသည်။

၄။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာနှင့် ကျောင်းဆောင်များဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၆-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ရန်ကုန်တက္ကသိုလ်**

# Invitation for Bids

Loan Agreement No.MY-P8 dated 26/March/2015
IFB No. 1(T)DPTSC(PTP)/2018-2019

1. The Government of the Republic of the Union of Myanmar has received ODA Loan from Japan International Cooperation Agency (JICA). The Bid is invited by Department of Power Transmission and System Control (DPTSC) for the design, supply, installation including Civil and Building works of the following 500kV GIS Substations.

| Sr. No | Invitation for Bid | Descriptions | Issuing Date | Submission Deadline Date and Time | Non-refundable Document Fee |
|---|---|---|---|---|---|
| 1 | MYP8, JICA, ODA Loan | 500/230/33kV, 3x500MVA Meik Hti La (Kan Kaung) Substation | 3/May/2018 | 31/July/2018 (14:00hr) | Purchase order with Myanmar Kyats which is equivalent to USD 1,000. |
| | | 500/230/33kV, 1x500MVA Taung Oo (Sa Ba Gywe) Substation | | | |

2. The Eligible Nationality of the Bidder shall be Japan in the case of the single contractor. In case of a joint venture, such joint venture will be eligible provided that the nationality of lead partner is Japan, that the nationality of the other partners is Japan and/or the Republic of the Union of Myanmar and that total share of work of Japanese partners in the joint venture is more than fifty percent (50%) of the contract amount. This scheme is based on applicable guidelines of Japanese ODA Loan.

3. Interested eligible Bidders may obtain further information from the website (http://www.moee.gov.mm) or the documents from the Material Planning Department, Department of Power Transmission and System Control, Ministry of Electricity and Energy, Office No.27, Nay Pyi Taw, Myanmar.

4. Bid documents must be delivered to the address above mentioned on or before the deadline date and time.

5. The Bid must be accompanied by a bid security of not less than four hundred million yen (JPY 400,000,000).

6. Technical Bid will be opened on 31/July/2018 at 14:00 hr at the Department of Power Transmission and System Control, Ministry of Electricity and Energy, Office No.27, Nay Pyi Taw in the presence of representatives from Bidders.

7. Any request for the extension of bid submission dead line shall not be allowed.

**Tender Committee**
**Department of Power Transmission and System Control**
**Ministry of Electricity and Energy, office No.27,**
**Nay Pyi Taw, Myanmar**
**Telephone : 067- 3410282, 3410209**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## ကျန်းမာရေးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာန၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါပစ္စည်းအမျိုးအစားများအား မြန်မာငွေကျပ်ဖြင့်ဝယ်ယူရန် အချိန်မီတင်သွင်းနိုင်မည့် ပစ္စည်းလက်ဝယ်ရှိ အရောင်းဆိုင်များနှင့် ကုမ္ပဏီများကို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အမျိုးအစား | အရေအတွက် |
|---|---|---|---|
| (က) | အဆောက်အအုံအတွင်း နံရံများခြင်ဆေးဖျန်းစက် | Ultra LowVolume(I.Z 33) | ၅လုံး |
| (ခ) | အဆောက်အအုံများ၏အပြင် ပတ်ဝန်းကျင်ခြင်ဆေးဖျန်းစက် | Portable Thermal Fogger Plus Fog K-10 SP, Germany | ၅လုံး |

(ဂ) **တင်ဒါစတင်ထုတ်ယူရမည့်ရက်** - ၃၀-၄-၂၀၁၈ ရက် (ရုံးချိန်အတွင်း)
(ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၅-၂၀၁၈ ရက်၊ ၁၆း၀၀နာရီ
(င) **တင်ဒါဖွင့်မည့်ရက်** - ၁၇-၅-၂၀၁၈ ရက်၊ ၁၀း၀၀နာရီ
(စ) **တင်ဒါဖွင့်မည့်နေရာ** - အုပ်ချုပ်မှုကြီးကြပ်ရေးကော်မတီ အစည်းအဝေးခန်းမ(၂) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါစည်းမျဉ်း/စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်းကျန်းမာရေးရာဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၃၄၁၄၅၅၃သို့ ဆက်သွယ်မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## NCX Myanmar Co.,Ltd ၏ DOUBLE WIN CELEBRATION 2018!
## ကံထူးရှင်ရွေးချယ်ပွဲ ကျင်းပမည့်ရက်အား
## ပြောင်းလဲကြောင်း အသိပေးခြင်း

NCX Myanmar Co.,Ltd သည် Honda မော်တော်ဆိုင်ကယ် ဝယ်ယူစီးနင်းသူတိုင်းအတွက် ကျေးဇူးတုံ့ပြန်ဂုဏ်ပြုသောအနေဖြင့် Double Win Celebration 2018! Promotion ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်မှ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်အထိ သတ်မှတ်ခဲ့ပြီး အဆိုပါ ကံထူးရှင်ရွေးချယ်ပွဲကို ၂၀၁၈ ခုနှစ် ဧပြီလတွင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

သို့သော် အနယ်နယ်အရပ်ရပ်ရှိ NCX Myanmar Co.,Ltd ၏ အရောင်းပြခန်းများနှင့် အချို့သော Honda မော်တော်ဆိုင်ကယ် အရောင်းကိုယ်စားလှယ်များထံမှ ကုမ္ပဏီသို့ ပြန်လည်ပေးပို့ရမည့် ကံစမ်းမဲကူပွန်များ အချိန်မီရောက်ရှိလာနိုင်ခြင်း မရှိသည့်အတွက်ကြောင့် ကံထူးရှင်ရွေးချယ်ပွဲကို ၂၀၁၈ ခုနှစ် မေလအတွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း Honda သုံးစွဲသူ Customer များအား ကျွန်တော်များ NCX Myanmar Co.,Ltd မှ မေတ္တာရပ်ခံအသိပေး အကြောင်းကြားအပ်ပါသည်။

**အမှားပြင်ဆင်ခြင်း**

၂၀၁၈ ခုနှစ် ဧပြီလ ၁၂ ရက်နေ့ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာပိုဒ်မှ Double Win Celebration 2018! Promotion ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ရက်မှ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ စာသားပါရက်စွဲအမှန်မှာ Double Win Celebration 2018! Promotion ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသဖြင့် ပြင်ဆင်ဖတ်ရှုနိုင်ပါရန်နှင့် မှားယွင်းဖော်ပြမှုအတွက် အနူးအညွတ် တောင်းပန်ပါကြောင်း Honda သုံးစွဲသူ Customer များအား အထူးမေတ္တာရပ်ခံအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက NCX Myanmar Co.,Ltd· ဖုန်း-၀၁-၂၁၈၅၂၃၊ ၀၉-၄၄၄၃၃၇၇၆၇ (ရုံးချိန်အတွင်း) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၂၁) အကြီးစားစက်ရုံ(သထုံ)တွင်
## အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်
## စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း
## (Expression of Interest)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၁) အကြီးစားစက်ရုံ(သထုံ)ကို စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။

၂။ စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း၊ လျှောက်လွှာ (Expression of Interest)ကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်သို့ လိပ်မူလျက် ၂၀၁၈ ခုနှစ် မေ ၃၁ ရက် ညနေ ၃ နာရီ (မြန်မာစံတော်ချိန်)အရောက် ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှု ဖော်ပြခြင်းလျှောက်လွှာ(EoI)ပုံစံနှင့် အခြားသက်ဆိုင်ရာ စာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာ အထောက်အထားများပြသ၍ အထက်ပါလိပ်စာတွင် ၃၀-၄-၂၀၁၈ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။ တင်ပြရမည့် ကုမ္ပဏီဆိုင်ရာ အထောက်အထားများ-

(က) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
(ခ) ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
(ဂ) နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ
(ဃ) ကုမ္ပဏီနှင့်ဆက်သွယ်နိုင်ရန်အတွက် Contact, Person ၏ အမည်၊ ရာထူး၊ လိပ်စာ၊ Phone, Email

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်-
ဖုန်း-၀၆၇-၃၄၀၈၃၇၂၊ ၀၆၇-၃၄၀၈၂၉၈

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးအဝေးသင်တက္ကသိုလ်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇ ပညာသင်နှစ်အတွက် ၂၀၁၇ခုနှစ် အောက်တိုဘာ/နိုဝင်ဘာလများတွင် ကျင်းပခဲ့သော မန္တလေးအဝေးသင်တက္ကသိုလ်၏ စတုတ္ထနှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ပဉ္စမနှစ်ဥပဒေပညာ(ဘွဲ့) စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ပင်လုံ၊ ကလေး၊ လွိုင်ကော်၊ လားရှိုး၊ ကျိုင်းတုံ၊ ဗန်းမော်၊ ရွှေဘို၊ စစ်ကိုင်း၊ ရေနံချောင်း၊ မြင်းခြံ၊ မိုးညှင်း၊ မန္တလာဌာနခွဲများမှ ကျောင်းသား/ကျောင်းသူများသည် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို(၂×၁½)လက်မအရွယ် ခေါက်လအတွင်း ရိုက်ထားသည့်ဓာတ်ပုံ(၅)ပုံနှင့် မှတ်ပုံတင်မိတ္တူ(၁)စုံ ပူးတွဲ၍ ၂-၅-၂၀၁၈မှ ၃၁-၅-၂၀၁၈ရက်အထိ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကိုပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့်ဌာနခွဲများတွင်ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်၍ အဝေးသင်တက္ကသိုလ်သို့ပေးသွင်းရန် ကျန်ရှိသော အခကြေးငွေများကို ကျေလည်အောင် ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့်ဌာနတွင် ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာဌာနခွဲသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍လျှောက်လွှာရှင် အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာစသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြင့် ဖြည့်စွက်၍ မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲမှတစ်ဆင့် စိစစ်ခြင်း၊ကျသင့်ငွေပေးသွင်းခြင်းမပြုလျှင်သော်လည်းကောင်း၊ အချိန်မီ မလျှောက်ထားလျှင်သော်လည်းကောင်း ဘွဲ့လက်မှတ်အပ်နှင်းပေးမည်မဟုတ်ပါ။

၈။ ၂၀၁၇ ပညာသင်နှစ်မတိုင်မီ ပညာသင်နှစ်များမှ ဝိဇ္ဇာ၊ သိပ္ပံ/ဥပဒေပညာ(ဘွဲ့) စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၉။ ၂၀၁၇ပညာသင်နှစ်ဘွဲ့ရရှိသူများမှာ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အမှန်တကယ်ဘွဲ့ တက်ရောက်ယူနိုင်ခြင်းမရှိသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားကြရန်ဖြစ်ပါသည်။

၁၀။ တက်ရောက်ဘွဲ့လျှောက်ထားပြီးဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးပြီးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(ဝင်းကြိုင်)**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**မန္တလေးအဝေးသင်တက္ကသိုလ်**

▪ စည်းကမ်းကို အုတ်မြစ်ချသည်၊စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
▪ လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော..

တကယ–၁၃/၄၀/၀၆၇
UEC
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG – Grade 10
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP

၂၀၁၈ – ၁၉ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ် အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။
DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
မူလတန်း၊ အလယ်တန်း – English 4 - skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။
▪ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
▪ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ်(၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 09 7800 20647, 09 7938 93725, 09 7938 93726, 09 7910 10526
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၀၁၄-၁၅/၂၀၁၅-၁၆/၂၀၁၆-၁၇) ပညာသင်နှစ်တွင် ၃-နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်း
စိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် (Top-3) နှင့် ဂုဏ်ထူးရှင်ပေါင်းများစွာမွေးထုတ်ပေးခဲ့သော
ကျောင်းတွင်းထူးချွန်ဆုရကျောင်းသားများကိုလည်း နှစ်စဉ်နှစ်တိုင်းမွေးထုတ်ပေးနေသော ပညာမြင်းမိုရ်


မြန်မာတစ်နိုင်ငံလုံး၊ တတိယအဆင့် (Top-3)
မောင်မင်းခန့်မွန်



ပညာမြင်းမိုရ်
၂၀၁၈-၁၉ ပညာသင်နှစ်အတွက် ကျောင်းကြိုအပ်လက်ခံပြီ။
၁၀-တန်း စာသင်တန်းများ ၈ ပြီ။
တန်းခွဲသစ်များ မေလ (၃)ရက်နေ့ စမည်။
၅၊ ၆၊ ၇၊ ၈၊ ၉ တန်းများ မေလ(၃)ရက်နေ့ စမည်။
ကြိုအပ်လက်ခံပြီ။

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် တကယ-၁၃/၀၉/၀၂၈
၅–တန်း မှ ၁၀–တန်း အထိ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
▪ ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
▪ ၈/၉/၁၀ တန်းများအတွက်စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ
နေ့ကျောင်း၊ ဘော်ဒါ၊ တဝက်ဘော်ဒါ
▪ ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
▪ လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်။

ချက်ပြုတ်၊လျှော်ဖွပ်၊သန့်ရှင်း(မ) အဆောင်နေနိုင်သူဖြစ်ရမည်
တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။
အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။
09 965800961, 09 73004720, 09 778912697, 09 445340077, 01 8562830
ကျောင်းကား ရှိပါသည်

## ဖခင်နှင့်မိခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ ရှောက်ချောင်းကျေးရွာအုပ်စု၊ ကွမ်းသီးချောင်းကျေးရွာနေ မသန္တာလှိုင် ၁၄/မမက(နိုင်)၃၁၈၉၂၃ ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်လွင် ၁၄/မမက (နိုင်) ၁၂၇၀၆၇ နှင့် မိခင်အမည်မှန်မှာ ဒေါ်သန်းမြင့် ၁၄/မမက (နိုင်)၁၂၇၀၅၅ ဖြစ်ပါကြောင်း။

ဖခင် ဦးခင်မောင်လွင်
မိခင် ဒေါ်သန်းမြင့်

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/5873 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၃၇နှင့်ဆက်နွယ်သည့် ၂၀၁၈ခုနှစ် တရားမဇာရီမှုအမှတ်–၁၃**

ဒေါ်မြင့်မြင့်မူ — နှင့် — ဒေါ်နိုင်နိုင်စိုး
**ဒီကရီအနိုင်ရသူ** — **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ် ၇၅၉နေ ဒေါ်နိုင်နိုင်စိုး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်–၃၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်မြင့်မြင့်မူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ခုနှစ် မေ ၁၅ ရက် (၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၈ခုနှစ် ဧပြီ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်စန်းမောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံးတော်**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်–၁၅**

ဒေါ်ဖြူဖြူအိ — နှင့် — ဦးထိန်ဝင်း
**တရားလို** — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၁၄၁၄၊ ပဒုမ္မာ ၁ လမ်း၊ ၄၉ရပ်ကွက်နေ ဦးထိန်ဝင်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် မေ ၁၅ ရက် (၁၃၈၀ပြည့်နှစ် နယုန်လဆန်း ၁ ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဧပြီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်စန်းမောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

AAM "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

"အာဆီယံမော်တော်ယာဉ်ဆိုင်ရာ အသင်းချုပ်" "ASEAN AUTOMOTIVE FEDERATION (AAF)"
၏ အသင်းဝင်လည်းဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြု မော်တော်ယာဉ်နှင့် သက်ဆိုင်သောအသင်းဖြစ်သည့်
"မြန်မာနိုင်ငံ တရားဝင်အသိအမှတ်ပြုမော်တော်ယာဉ် ဖြန့်ဖြူးရောင်းချသူများအသင်း"
"Myanmar Authorized Automobile Distributors Association (Myanmar AADA)"
သည် ယခုအခါ
" မြန်မာနိုင်ငံအော်တိုမိုးတစ်(ဗ)အသင်း" "Automotive Association of Myanmar (AAM)"
အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခွင့် ရရှိပြီးဖြစ်ကြောင်း သိရှိရပါသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာ့သက္ကရာဇ် ၁၃၈၀၊ ခုနှစ် နှစ်ဆန်းမှစ၍ မော်တော်ယာဉ်နှင့် သက်ဆိုင်သော ကဏ္ဍတွင် နိုင်ငံတော်နှင့် ပြည်သူတို့အကျိုးအတွက် တိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

BMW CHEVROLET DFM Ford FUSO GAC MOTOR HIGER
HINO HYUNDAI Truck & Bus ISUZU JAGUAR LAND-ROVER mazda Mercedes-Benz MITSUBISHI MOTORS
NISSAN SCANIA SUZUKI TATA TOYOTA Volkswagen VOLVO

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးတက်ဖြိုး
### (ငါးသိုင်းချောင်း/ကမ်းနီ)
### အသက်(၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေး-ဒေါ်အေးပပမိုးတို့၏ချစ်လှစွာသောဖခင် ဦးတက်ဖြိုး အသက်(၈၇)နှစ်သည် ၂၆-၄-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၉း၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တံတားအထူးအဖွဲ့(၁၅)**
**တံတားအထူးအဖွဲ့(၁၆)**

---

## ဒေါက်တာသန်းဝင်း အသက်(၅၅)နှစ်
### ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်သာလမ်း၊ အမှတ် ၅၀၇/၁၇နေ(ဦးအုံးမောင်)-ဒေါ်မြသန်းကြည်တို့၏သား၊ ထောက်ကြံ့နေ ဦးဝင်းမြိုင်-ဒေါ်တင်ယုံတို့၏သားသမက်၊ ဒေါ်ယုဆွေဝင်း၏ခင်ပွန်း၊ ဦးတင့်ဆွေ(ခ)ကိုစုတ်ချွန်း-ဒေါ်စမ်းသီတာ၊ ဒေါ်ခိုင်ခိုင်ဝင်း-ဦးမြင့်ကြွယ်၊ ဒေါ်ခင်ခင်မြ၊ ဦးသန်းနိုင်ဝင်း၊ Capt: ဦးရန်မျိုးအောင်၊ ဒေါ်မာလာဝင်းတို့၏အစ်ကို/ညီ/မောင်၊ မောင်အောင်မျိုးမင်း၊ မောင်ဝင်းမင်းမော်(4T/Mech မော်ဘီ TU)တို့၏ဦးလေးသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့) ည ၁၁း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာသန်းဝင်း Ph.D (Phys)
### ပါမောက္ခချုပ်၊ ကလေးတက္ကသိုလ်၊ မအူပင်တက္ကသိုလ်
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ထောက်ကြံ့၊ ရွာမရပ်ကွက်၊ ပြည်လမ်း၊ အမှတ် ၆၄နေ ဦးဝင်းမြိုင်-ဒေါ်တင်ယုံတို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ (ဦးအုံးမောင်)-ဒေါ်မြသန်းကြည်တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်းတို(အထက်)၊ အမှတ် ၁၂၊ ငါးလွှာနေ ဒေါ်ယုဆွေဝင်း၏ခင်ပွန်း၊ ဦးသန်းနိုင်ဝင်း၊ Capt: ဦးရန်မျိုးအောင်၊ ဒေါ်မာလာဝင်း၊ ဦးတင့်ဆွေ(ခ)ကိုစုတ်ချွန်း-ဒေါ်စမ်းသီတာ၊ ဒေါ်ခိုင်ခိုင်ဝင်း-ဦးမြင့်ကြွယ်၊ ဒေါ်ခင်ခင်မြတို့၏ညီ/အစ်ကို/မောင်၊ မောင်ဝင်းမင်းမော်(4T-Mech၊ မော်ဘီ TU)၊ မောင်အောင်မျိုးမင်းတို့၏ဦးလေးသည် ၂၈-၄-၂၀၁၈ရက် ည ၁၁း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၁၂ (ငါးလွှာ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာသန်းဝင်း
### ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်
### အသက်(၅၅)နှစ်

မအူပင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပညာရေးဝန်ကြီးဌာနမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာသန်းဝင်း
### ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်
### အသက်(၅၅)နှစ်

မအူပင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာနမိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာသန်းဝင်း
## ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်
## အသက်(၅၅)နှစ်

ဆရာကြီးဒေါက်တာသန်းဝင်း ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရူပဗေဒအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာသန်းဝင်း
### ပါမောက္ခချုပ် (မအူပင်တက္ကသိုလ်)
### အသက်(၅၅)နှစ်

မကျန်းမာသည့်ကြားမှ မအူပင်တက္ကသိုလ်အတွက် ကောင်းကျိုးများစွာကို သယ်ပိုးဆောင်ရွက်ပေးသွားခဲ့ပါသော ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာသန်းဝင်းသည် ၂၈-၄-၂၀၁၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်္ဂလိပ်စာဌာနမိသားစု**
**မအူပင်တက္ကသိုလ်**

---

# ဦးဂွမ်ဟိန်း
### တိုင်းပို့ဆောင်ရေး၊ မန်နေဂျာ၊ မြန်မာ့မီးရထား(ငြိမ်း)
### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် (၆-C)နေ ဒေါ်ထွေး၏ခင်ပွန်း၊ ဒေါ်ရီရီ၊ ဒေါ်ခင်ခင်မြင့်၊ ပါမောက္ခ ဌာနမှူး ဒေါက်တာဦးတင်ဝင်း(ဆေး-၁၊ မျက်စိရောဂါပညာဌာန၊ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး)၊ ဒေါ်ချိုချိုမြင့်၊ ဦးသိန်းဝင်းတို့၏ဖခင်သည် ၂၈-၄-၂၀၁၈ရက်(စနေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများနံနက် ၆း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၈ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်းဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့် အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ် ၅၆၉နေ (ဦးဘသန်း-ဒေါ်တင်ဦး)တို့၏သမီး၊ ဦးဝင်းမော်(ဦးစီးအရာရှိ၊ စက်မှုသီးနှံ၊ ငြိမ်း)-ဒေါ်တင်တင်အေး(ထွေအုပ်၊ ငြိမ်း)၊ ဒေါ်သီတာ၊ ဦးမျိုးသန့်ဇင်တို့၏မိခင်၊ ကိုကျော်စိုးမော်(သတင်းတပ်ဖွဲ့)-မခိုင်ဝေဖူး၊ ကိုပြည့်ဖြိုးမော်(မြောင်းမြမြို့နယ်စခန်း)-မဇင်မာလွင်၊ ကိုကျော်ကျော်ဦး-မသန္တာမော်တို့၏အဘွား၊ မမေမြတ်နိုး၊ မအေးမြတ်သူ၊ မောင်ကျော်ဇင်ဖြိုးတို့၏ဘွားဘွားကြီး၊ (ဦးလှမြင့်၊ မြို့နယ်မန်နေဂျာ၊ငြိမ်း၊ ကုန်သွယ်/လယ်ယာ)၏ဇနီးသည် ၂၉-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ဒေါ်ခင်ဝင်းမြင့်
### B.A, Dip Ed
### အထက်တန်းပြ(ငြိမ်း)၊ အထက(၃)ကမာရွတ်၊ အထက(၃)လှိုင်
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ်(၉၇/၃)နေ (ဦးဖိုးစန်း-ဒေါ်အုန်းမေ)တို့၏သမီးလတ်၊(ဦးတင်အေး-ဒေါ်ထားမြင့်)တို့၏ညီမ၊ (ဦးတင်မိုး-ဒေါ်မြင့်မြင့်စန်း)တို့၏အစ်မ၊ ဒေါ်စန်းစန်းအေး(VUC)-ဦးတင်ထူးလွင်၊ ဒေါက်တာဝင်းဝင်းအေး(ပွိုင့်ဆေးခန်း)-ဦးစောဝင်း၊ ဦးသန်းထွဋ်အေး၊ ဦးစိုးမိုးအေး-ရဲမှူးသီတာဆွေ၊ ဒေါ်မိုးမိုးစံ(Mandalar Charm Travels)-ဦးသန်းညွန့်၊ ဒေါ်မိုးမိုးအေး(ခေတ္တ-ဘယ်လဂျီယံ)-ဦးစိုးလင်း၊ ဒေါက်တာမိုးမိုးနှင်း(ခေတ္တ-ဘယ်လဂျီယံ)-Carl De Moor၊ ဒေါ်မိုးချိုသင်း(ခေတ္တ-ယူအက်စ်အေ)-ဦးကျော်ဝဏ္ဏ(ဦးဉာဏ်မိုးစန်း)တို့၏အဒေါ်၊ ဒေါက်တာငြိမ်းအေးလွင်၊ ကိုသီဟထွန်း-မကြော့ကြော့ကေခိုင်လင်း၊ မသက်မြတ်နိုး၊ မသီရိမိုးပွင့်စိုး၊ မစန္ဒြာမိုးမြင့်ကလေး၊ မရွှေစင်မိုးဥ၊ မမာယာဒီမိုးတို့၏အဘွားသည် ၂၉-၄-၂၀၁၈ရက် ညနေ ၄း၄၀နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ကြည် (လက်ပံတန်းမြို့)
### အသက်(၇၇)နှစ်

လက်ပံတန်းမြို့၊ လမ္ဘတော်၊ အမှတ် ၄နေ (ဦးကောင်း-ဒေါ်ပု)တို့၏သမီး၊ (ဦးကျင်စိန်-ဒေါ်နှင်းရီ)၊ (ဒေါ်စန်းမြင့်)၊ ဦးသိန်းထွန်း(လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်သန်းသန်းညွန့်၊ ဦးမြင့်မောင်(မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်ခင်ဝင်းရီတို့၏ညီမ၊ ဒေါ်ရီရီလွင်(အထက်တန်းပြဆရာမ၊ ငြိမ်း၊ အထက-၁၊ လက်ပံတန်း)၊ ဒေါ်ထွေးထွေးဝင်း(စာရင်းစစ်မှူး၊ ငြိမ်း)၊ဒေါ်အေးအေးဝင်း၊ ဦးသိန်းဇံ Admin.Officer (Retd),UNICEF-ဒေါ်ယုယုထွန်းတို့၏အစ်မ၊ တူ၊ တူမ ၁၂ယောက်တို့၏အဒေါ်၊ မြေး ၁၈ယောက်တို့၏အဘွားသည် ၂၈-၄-၂၀၁၈ရက်(စနေနေ့)ညနေ ၃း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် နေအိမ်မှအရှေ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းသိန်း (Hazel Tin)
### B.Sc. Botany
### အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးချစ်တင်-ဒေါ်သောင်း)(ရှမ်းတဲကြီး)တို့၏သမီး၊ (ဦးစိန်လှိုင်၊ ညွှန်ချုပ်၊ ငြိမ်း၊ ကြေး-မြေဦးစီး)၊ ဒေါ်လှခင်၊ ဒေါ်မြရင်တို့၏သမီးချွေးမ၊ (ဦးမြသန်း-ဒေါ်သန်းသန်း)၊ ဦးစိန်ဝင်း-ဒေါ်တင်ဥတို့၏ညီမ၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက် ၁၂(အေ)၊ အခန်း ၂၀၁နေ ဦးဇော်ဝင်း(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သတ္တုတွင်းဦးစီးဌာန)၏ ချစ်လှစွာသောဇနီးသည် ၂၉-၄-၂၀၁၈ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အနိစ္စ

---

### မြစ်ခြေနယ်အသင်း(ရန်ကုန်)
## ဦးမြင့်အောင် (မြစ်ခြေ)
### အသက်(၆၁)နှစ်

ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့၊ မြို့သစ်ရပ်နေ (ဦးအော်လူး-ဒေါ်လှတင်)တို့၏သား၊ (ဒေါ်တင်လေးမော်)၏ ခင်ပွန်း၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ တေးဥယျာဉ်(၁)လမ်း၊ အမှတ် ၂၈၀နေ ကိုတင်အောင်ထွဋ်မော်-မဖြူဖြူအောင်(စင်ကာပူ)၊ မမေသဇင်မြင့်အောင်-ကိုသူရစိုးတို့၏ဖခင်၊ အသင်းဝင်အမှတ် (၃၁၁) ဦးမြင့်အောင်သည် ၂၈-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

## ဒေါ်ကုသလသီဂီ(ခ) ဒေါ်ခင်သီတာ
### B.A (Philosophy)
### အထက(၂)လသာကျောင်းသူဟောင်း
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း (အောက်ဘလောက်)၊ အမှတ် ၇၂နေ (ဦးခင်မောင်)-ဒေါ်တင်လှတို့၏ သမီး၊ ဦးသိန်းဆွေ-(ဒေါ်ခင်မမ)၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးမောင်မောင်ခင်-ဒေါ်ဇာခြည်ဝင့်မောင်တို့၏ညီမ၊ ဦးထွန်းမြတ်-ဒေါ်ခင်မေညွန့်၊ ဦးမောင်မောင်ထွေး-ဒေါ်လဲ့ယဉ်ဝင်းတို့၏အစ်မ၊ တူ၊ တူမ ၁၁ယောက်တို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏အဘွားလေးသည် ၂၈-၄-၂၀၁၈ရက်(စနေနေ့)နံနက် ၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၈ရက် မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၈ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်ခဲလေ
### အသက်(၆၈)နှစ်

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ ဥသျှစ်ကုန်းရွာနေ (Rev. စောအောလေ - ဆရာမ နော်အဲလစ်ဇဘက်)တို့၏သမီး၊(ဦးမောင်တုး)-နော်ဂဲလ်လေဖိုးတို့၏သမီးချွေးမ၊ စောမေးလို၏ချစ်လှစွာသောဇနီး၊ နော်ဖေဒေညား-ဦးစည်သူစိုးလွင်တို့၏ ချစ်လှစွာသောမိခင်၊ နော် Ruth ၏အဘွား၊ စောထူးဝါး-(နော်ဖဲထူး)၊ နော်စီးလ်ယာ-(စောအင်ဒီအာလင်)၊ နော်ခဲရိလိုင်း-(စောနေဝေထူး)၊ စောမော်တေလ-နော်မိုးနာတို့၏ညီမသည် ၂၉-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၅နာရီတွင် ဘုန်းတော်ဝင်စားသွားပါသဖြင့် ၁-၅-၂၀၁၈ရက် နံနက် ၉နာရီတွင် စီပင်ကြီးကျေးရွာ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဦးတင်မောင်ဦး
### (ကပရ၊ ငြိမ်း)၊ (ခပ-၅/၂)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးဦးမောင်)-ဒေါ်တင်တင်မာတို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဗကကျော်ထွန်း-ဒေါ်အုန်းညွန့်)တို့၏ သားသမက်၊ အမှတ် ၄၀၂၊ ဦးတင်အေးလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ခင်ခင်ဝင်း၏ခင်ပွန်း၊ မဝင်းလှဖြူ၏ဖခင်၊ ဦးကျော်ဇောဦး-ဒေါ်သန္တာဖြူ၊ ဦးရဲမောင်-ဒေါ်ခင်သီတာ၊ ဦးတင်မောင်မြင့်၊ ဦးအုန်းဟန်-ဒေါ်ခင်ဥမ္မာ၊ဒေါ်ခိုင်မာလာတို့၏အစ်ကိုသည် ၂၈-၄-၂၀၁၈ရက်(စနေနေ့)ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၈ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်သီဂီသောင်း
### စာတိုက်မှူး၊ လမ်းမတော်စာတိုက်
### အသက်(၅၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဝေပင်ကုန်းရပ်ကွက်၊ BBM ကျောင်းဝင်းနေ(ဦးသောင်းရင်-ဒေါ်ယဉ်ယဉ်မြ)တို့၏သမီး၊ ဦးအောင်ထွန်းကျော်(MASTER MARJNER)-ဒေါ်ယဉ်ယဉ်သောင်း (အမက-၁၊ လသာ)၊ ဦးရဲမြင့်ထွန်း-ဒေါ်စောသီတာအောင် (စောရတနာ အိမ်ခြံမြေ အကျိုးဆောင်၊ ယုဇန)တို့၏ညီမ၊ (ဗိုလ်ကြီးသော်လင်းသောင်း)၊ ဦးနီအောင်သောင်း (AUNG EMERALD CO.,LTD)-ဒေါ်အေးအေးနွယ်၊ ဦးနိုင်အောင်သောင်း-ဒေါ်မျိုးကေသီတင်၊ ဦးအောင်သူသောင်းတို့၏အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၂၈-၄-၂၀၁၈ရက် (စနေနေ့) ည ၉း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လမ်းမတော်နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးရာဇာထွန်း
### Kyaw Mega Co.,Ltd.
### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံအနောက်မြောက်ရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ် ၆၊ အခန်း (၄-A)နေ ဦးညီညီထွန်း(လယ်ဝေး) - ဒေါ်မြသိန်းတို့၏သား၊ ဦးကျော်ဦးလှိုင်(ဝင်းအထူးကုဆေးခန်း)-ဒေါ်စမ်းစမ်းမြင့်တို့၏ သားသမက်၊ဒေါ်ဗေဒါထွန်း၊ဒေါ်ရတနာထွန်း၊ ဒေါ်ကြီးကြီးထွန်း၊ ဦးရန်နိုင်-ဒေါ်ယယ်ယယ်ထွန်းတို့၏မောင်၊ ဦးအာကာထွန်း-ဒေါ်သန္တာဖြူ၊ ဦးအောင်ကိုကိုဦး(Kangaroo Co.,Ltd)-ဒေါ်သက်စုရည်(Living Square Co., Ltd.)တို့၏အစ်ကို၊ ဒေါ်သီရိစမ်းလှိုင်(MC Easy Microfinance)၏ခင်ပွန်း၊ မရွှန်းလဲ့သီရိထွန်း (Grade-10, အထက-၂၊ ဗဟန်း)၊မသက်မှူးဟေသီထွန်း(Grade-7, အထက-၂၊ ဗဟန်း)တို့၏ချစ်လှစွာသောဖခင်၊ တူမ လေးယောက်တို့၏ ဦးလေးသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဦးတိက္ခ
### သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၁၀)ဝါ

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ လိပ်ခုံးတောင် ဓမ္မရောင်ခြည်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ဆရာတော် ဦးတိက္ခသည် (၁၃၈၀ပြည့်နှစ် ကဆုန်လဆန်း ၁၄ရက်) ၂၈-၄-၂၀၁၈ရက် (စနေနေ့) ည ၉း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့် ကဆုန်လပြည့်ကျော် ၁ရက်) ၃၀-၄-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်၍ ကြွင်းကျန်ရစ်သော အရိုးပြာကို ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (မြောက်ဒဂုံမြို့နယ်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ တိုက် A-5၊ အခန်း ၇၀၃နှင့် တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ ကြံ့ခိုင်ရေးဆေးဆိုင်ရှေ့မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဦးတိက္ခ(ခ)ဦးတင်လှိုင်
### သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၁၀)ဝါ

ရန်ကုန်မြို့နေ (ဦးကြည်ဟုတ်-ဒေါ်ရှုခင်)တို့၏သား၊ သံဖြူဇရပ်မြို့နေ (ဦးပါလေး-ဒေါ်ကြီးရင်)တို့၏သားသမက်၊ (ဦးယုံစွမ်း)-ဒေါ်မြအေး၊ (ဦးဟုန်ဗိုး)-ဒေါ်ဝင်း၊ ဦးသောင်းကျော်-ဒေါ်မေရီ၊ ဦးမြင့်ကြည်-ဒေါ်ကြည်ကြည်ဝင်းတို့၏ညီ/မောင်၊ ဦးသိန်းအောင်-ဒေါ်ကျင်မွေး၊ ဦးတင့်ခိုင်-ဒေါ်ကျင်ထွေး၊ (ဒေါ်ကျင်အေး)တို့၏အစ်ကို၊ မနှင်းသန္တာလှိုင်၊ (ဦးသန်းနိုင်)-ဒေါ်နှင်းကလျာလှိုင်၊ ကိုအောင်စည်သူလှိုင်-မခင်နွယ်နီလေးဝင်း၊ ကိုအောင်ကျော်သူလှိုင်-မနှင်းဝတ်ရည်စစ်နိုင်၊ ကိုထူးမင်းဟန်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်ပန်းစိန်(ခ)ဒေါ်ပန်းဖြူ၏ခင်ပွန်းသည် (၁၃၈၀ပြည့်နှစ် ကဆုန်လဆန်း ၁၄ရက်) ၂၈-၄-၂၀၁၈ရက် (စနေနေ့) ည ၉း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁ရက်) ၃၀-၄-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်၍ ကြွင်းကျန်ရစ်သောအရိုးပြာကို ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြောက်ဒဂုံမြို့နယ်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ တိုက် A-5၊ အခန်း ၇၀၃နှင့် တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ ကြံ့ခိုင်ရေးဆေးဆိုင်ရှေ့မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ဆရာတော်အားရည်စူး၍ ၄-၅-၂၀၁၈ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မြောက်ဒဂုံမြို့နယ်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ တိုက်(A-5)၊ အခန်း ၇၀၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## တပ်ကြပ်ကြီးစောဝင်း(ငြိမ်း) အသက်(၈၇)နှစ်
### အမတ(၃)ဗမတ (စလေအသင်း)

မကွေးတိုင်းဒေသကြီး၊ စလေမြို့နယ်၊ ချောက်ပိုက်ကျေးရွာနေ (ဦးစံကဲ-ဒေါ်သေးမျှင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ အမှတ် ၁၂၀နေ (ဒေါ်မြခင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသက်ဆွေ (S.P.A Co.,Ltd))-ဒေါ်နုနုဝင်း၊ ဦးမောင်ထွန်း(အောင်စည်ရွှေပြည်ဘော်ဒါ)-ဒေါ်ခင်ဆွေဝင်း(အထက၊ ဇရပ်ကွင်း)၊ ဒေါ်မိမိခိုင်(ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်ခင်ဝင်းလှိုင်(လဝက၊ ရန်ကင်း)၊ ဦးမျိုးသန့်-ဒေါ်မြင့်ပြုံးစံ၊ ဦးထွန်းလှ(Pun Hlaing Siloam Hospital)-ဒေါ်မေမြတ်မွန်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့) ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စုစုသိန်း B.Sc (Chem;) အသက်(၅၇)နှစ်
### စက်မှု(၁)(ငြိမ်း)

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်နေ(ဦးသိန်းတန်)-ဒေါ်တင်တင်သိန်းတို့၏သမီး၊ ပုဇွန်တောင်မြို့နယ်နေ(ဦးကျော်မြင့်-ဒေါ်ကျင်တီ)တို့၏သမီးချွေးမ၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ဒဂုံသီရိလမ်း၊ အမှတ် ၅(ခုနစ်လွှာ)နေ ဦးတင်မောင်လတ်၏ချစ်လှစွာသောဇနီး၊ ဦးသိန်းအေး-ဒေါ်မြင့်မြင့်ကြည်၊ ဦးကျော်ကျော်ဟန်-ဒေါ်မိုမိုသိန်းတန်၊ ဦးခင်ဇော်-ဒေါ်မီမီသိန်းတန်တို့၏အစ်မ၊ ဒေါက်တာခင်မမ၊ ဦးခင်မောင်လတ်-ဒေါ်ခင်မိမိတို့၏ယောင်းမ၊ ဦးနေဝင်း-ဒေါ်အေးသီဂီလွင်တို့၏မရီး၊ ဦးစိုင်းမွေခေါင်-ဒေါ်တင်စုလတ်၊ ဦးတာရာတိုး-ဒေါ်ယဉ်စုလတ်တို့၏ ချစ်လှစွာသောမိခင်၊ မောင်စိုင်းလူမွန်ထက်၊မောင်မင်းသန့်တိုးတို့၏အဘွားသည် ၂၉-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၃း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈ရက် (စနေနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ဗိုလ်မှူးကြည်လင်းလှိုင်
### ကြည်း-၃၅၅၁၀၊ စစ်တက္ကသိုလ်(၄၅)
### (ဒု-တပ်ရင်းမှူး)
### အသက်(၃၇)နှစ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်နေ (ဦးကျော်ဝေ-ဒေါ်တင်မြိုင်)တို့၏သား၊ ဒေါ်ခင်မာနွယ်(ကင်ပွန်းစခန်း)၏မောင်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် ၂နေ ဦးကျော်ဖုန်းမြင့်-(ဒေါ်မြင့်သန်း)တို့၏သားသမက်၊ ဒေါ်သီဂီဖုန်းမြင့်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြည်လင်းလှိုင်သည် ၂၈-၄-၂၀၁၈ရက်(စနေနေ့) နံနက် ၅း၁၅နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်းအသက်ပေးလှူသွားပါသဖြင့် ၂-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်၌ တရားနာ၍ မင်္ဂလာဒုံတပ်မတော်စစ်သင်္ချိုင်းသို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး အရိုးပြာအားဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၈ရက်(သောကြာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြည်လင်းလှိုင်
### ကြည်း-၃၅၅၁၀
### စစ်တက္ကသိုလ်(၄၅)
### အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်သီဂီဖုန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြည်လင်းလှိုင်သည် ၂၈-၄-၂၀၁၈ရက်(စနေနေ့) နံနက် ၅း၁၅နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်(၄၅) သူငယ်ချင်းများနှင့် မိသားစုများ**

သင့်သွေးဖြင့် အသက်ကယ်ပါ

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရတနာနဝရတ်စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်အထွတ်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားစည်ကားစွာကျင်းပ

ရန်ကုန် မေ ၂၉

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရတနာနဝရတ်စိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်နှင့် ရွှေစင်ရွှေသား ရွှေထီးတော်အထွတ်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါစေတီတော်၌ ကျင်းပသည်။

ရှေးဦးစွာ နန်းဦးဘုရားကြီးတန်ဆောင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက သမန္တာမှစ၍ မေတ္တသုတ်အစရှိသော ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကိုယူဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းကြဲပက်ချည်နှောင်တားဆီးကာရံကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❂



ဆရာတော်သံဃာတော်များက ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်စဉ်။ သတင်းစဉ်

# လူရည်ချွန်ကျောင်းသား ကျောင်းသူများ ပုဂံလူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိ



ပုဂံ မေ ၂၉

၂၀၁၈ ခုနှစ် လူရည်ချွန်ကျောင်းသားကျောင်းသူများသည် ချမ်းအေးသာစံမြို့နယ် အထက-၁၄ မှ ယနေ့ နံနက် ၇ နာရီက စတင်ထွက်ခွာလာရာ ပုဂံလူရည်ချွန်စခန်းဖြစ်သည့် ပုဂံမြို့ရှိ မြနန်းဘုံ Royal Emerald River View Resort ဟိုတယ်သို့ ညနေ ၄ နာရီတွင် ရောက်ရှိကြသည်။

ပုဂံလူရည်ချွန်စခန်းသို့ သွားရောက်ကြမည့် ဘက်စုံပညာထူးချွန်လူငယ်များသည် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အထက-၁၄ မှ စတင်ထွက်ခွာလာပြီး မန္တလေးမြို့ပေါ်ရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအား

စာမျက်နှာ ၁၂ ကော်လံ ၁ ❒

# လေးနိုင်ငံ ရိုးရာလက်ဝှေ့ချန်ပီယံရှစ်ပြိုင်ပွဲတွင် ပြည်တွင်းလက်ဝှေ့ကျော်များ အနိုင်ရ

ရန်ကုန် မေ ၂၉

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး MMTS နှင့် H & S Group တို့ ပူးပေါင်းကျင်းပသော Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ ပြည်တွင်းလက်ဝှေ့ကျော်များ အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ယနေ့စတင်ကျင်းပသော ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ၆၇- ၇၁ ကီလိုတန်း၌ ကြယ်စင်ဖြိုး (ရိုးရာပုဂံ)နှင့် နုတ်ဖလတ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ၌ တစ်ဦး နှင့်တစ်ဦး အကဲစမ်းရင်းဖြင့် ပြီးဆုံးခဲ့သည်။ ဒုတိယအချီတွင် နုတ်ဖလတ်က ကြယ်စင်ဖြိုးအဝင်ကိုစောင့်ကာ ကောင်တာဖြင့် တံတောင်အားပြုတိုက်ခဲ့၍ ကြယ်စင်ဖြိုး အထိနာခဲ့ပြီး တတိယအချီ ၁ မိနစ် ၂၄ စက္ကန့်တွင် ကြယ်စင်ဖြိုး ထောက်လက်သီး နုတ်ဖလတ်ရင်ဘတ်ထိကာ လဲကျသွားခဲ့၍ ကြယ်စင်ဖြိုး အလဲထိုးဖြင့်အနိုင်ရခဲ့သည်။ စန်းသူရဦး(တိုက်ဂါး)နှင့် သီရာဂို (ဘရာဇီး)တို့ ပွဲတွင်လည်း ပထမအချီ ၅၆ စက္ကန့်မှာပင် စန်းသူရဦးက အလဲထိုးနိုင်ခဲ့သည်။ ကျော်ထက် (ယူနိုက်တက်)နှင့် ဆလန်ဒန် (လာအို)တို့ပွဲတွင်

စာမျက်နှာ ၈ ကော်လံ ၁ ●




edexcel Approved Center 95873

EMPS GROUP OF SCHOOLS

Simple way to Brighter Furture

Pearson

နိုင်ငံတကာအတန်း နှင့်မြန်မာကျောင်းအတန်း တစ်ပြိုင်နက် ရနိုင်မည့်အခွင့်အလမ်း

- Pre-School (2 ½ to 5 Yr)
- edexcel (Primary 1 - 6)
- KG မှ အလယ်တန်းအထိ
- Special Needs Classes
- Weekend Classes

EMPS Inya Myaing : No.10, Inya Myaing Road, Golden Valley (1) Qtr, Bahan Township, Yangon. Tel : 01 510 991, 01 527 535, 09 444 64 666 1 ~ 5

EMPS Padonmar : No.15/D, Padonmar Street, (Near Russia Embassy), Dagon Township, Yangon. Tel : 09 254 200 234, 01 252 148

EMPS Yadanar : Bld - 5, Room - 11, Malikha Housing, Yadanar Road, Thingangyun Township, Yangon. Tel : 09 26 213 0007, 09 26 213 0008

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္လာ၊ မေ ၃၀၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။




၉-၁၁-၂၀၁၇ ရက်က ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဒုတိယ (၁) နှစ်တာ

ခင်ရတနာ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ အရေးကြီးသည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး နိုင်ငံအကျိုးကိုလည်း ရှေးရှုဆောင်ရွက်နေသည့် ဝန်ကြီးဌာနဖြစ်သည်။ အစိုးရ၏ သက်တမ်းသည် ဒုတိယတစ်နှစ်တာ တိုင်ခဲ့ပြီဖြစ်သည်။ လာမည့်ကာလအတွင်း ပြည်သူများ၏ ပညာရေး၊ လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍများအတွက် နိုင်ငံ့ဘဏ္ဍာများ ပိုမိုသုံးစွဲပေးတော့မည်ဟုလည်း သိရှိရသည်။ သို့အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အစိုးရ နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုများကို သိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။**



ပြည်ထောင်စုဝန်ကြီး
ဦးကျော်ဝင်း

**ဦးကျော်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

**မေး ။ ။ ပထမဦးစွာ နိုင်ငံတော်အစိုးရ စတင်တာဝန်ယူစဉ်ကာလ နိုင်ငံရဲ့ဘဏ္ဍာရေးအခြေအနေနဲ့ စီးပွားရေးလုပ်ငန်းတွေ လည်ပတ်မှုအကြောင်းကိုလည်း သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ စတင်တာဝန်ယူစဉ်ကာလ နိုင်ငံရဲ့ ဘဏ္ဍာငွေ အရ၊ အသုံးပိုင်းမှာ လိုငွေပြနေတဲ့ ဘဏ္ဍာငွေအခြေအနေတွေရှိသလို အခြားနိုင်ငံတွေနဲ့ ပေါင်းစပ်ပြီး ကုန်သွယ်မှုတိုးတက်မှုအပိုင်းမှာလည်း လိုငွေပြနေတဲ့ ကုန်သွယ်မှုကို မြင်တွေ့ရပါတယ်။ သဘောကတော့ ပို့ကုန်နဲ့သွင်းကုန် အချိုးအစား မမျှတခဲ့ပါဘူး။ နိုင်ငံခြားငွေလဲလှယ်နှုန်းတွေ မတည်မငြိမ်နဲ့ မြင့်မားနေပြီး နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတွေထဲက အရေးပါတဲ့ လုပ်ငန်းအချို့မှာ လေး၊ ငါးနှစ် တန်သည်အထိ အရှုံးပေါ်နေပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ Deficit (လိုငွေဘတ်ဂျက်)ဖြစ်နေပါတယ်။ ဒါတင်မကသေးပါဘူး ၁၉၈၈ ခုနှစ်မတိုင်မီက ချေးယူထားတဲ့ ချေးငွေ၊ ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရ လက်ထက်ချေးငွေတွေ၊ လက်ရှိကာလချေးယူတဲ့ ချေးငွေတွေရှိပါတယ်။ ကာလကျရောက်လို့ အတိုးအရင်း ပြန်ဆပ်ရမယ့် ချေးငွေတွေကို ပေးဆပ်စရာအများကြီးနဲ့ အချိန်မှန် ပေးဆပ်နိုင်ဖို့က ဦးစားပေး ဖြေရှင်းရမယ့် လုပ်ငန်းဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။

**မေး ။ ။ အစိုးရသက်တမ်း နှစ်နှစ်တာကာလမှာ ငွေကြေးတည်ငြိမ်စေရေးနဲ့ ချေးငွေကိစ္စရပ်တွေအပေါ် ဆောင်ရွက်ခဲ့တာတွေလည်း သိပါရစေ။**

ဖြေ ။ ။ နိုင်ငံတစ်နိုင်ငံဟာ ချေးငွေရယူပြီး အချိန်မှန်မှန် ပြန်ဆပ်မှသာ ပုံရိပ်ကောင်းတဲ့ နိုင်ငံဖြစ်လာမှာမို့ ချေးငွေတွေကို သတ်မှတ်ကာလအတွင်းမှာ အပြည့်အဝပြန်လည်ပေးဆပ်နိုင်ဖို့ကိုလည်း ကျွန်တော်တို့ တာဝန်ယူစကတည်းက စတင်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်းကိုလည်း ဝန်ကြီးဌာနနဲ့အတူ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နဲ့ ပေါင်းစပ်ပြီး တည်ငြိမ်အောင် ဆောင်ရွက်ခဲ့တဲ့အတွက် ယခုအခါမှာ ကာလအတော်ကြာ တည်ငြိမ်ခဲ့ပြီ ဖြစ်ပါတယ်။ ပြည်တွင်းဘဏ်တွေကိုလည်း ဖြတ်သန်းတဲ့ ကာလတစ်လျှောက် သူတို့ ဆောင်ရွက်ခဲ့ပုံတွေကို နည်းလမ်းတကျ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်စွမ်းရှိဖို့ ဗဟိုဘဏ်နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်တဲ့ စီမံခန့်ခွဲမှုတွေနဲ့ ပြုပြင်ပြောင်းလဲရေးတွေကို လည်း ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး ။ ။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်တွင်း အသေးစားနဲ့ အလတ်စားလုပ်ငန်းများ (SMEs) တွေရဲ့ အရေးပါပုံကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ ။ ။ နိုင်ငံရဲ့ စီးပွားရေးပုံစံဟာ ကုန်သွယ်မှုအခြေခံစီးပွားရေး Trade Base Model ဖြစ်ပါတယ်။ ထုတ်လုပ်မှုလုပ်ငန်းရှိသော်လည်း ပြည်တွင်းသုံးစွဲမှုကို ဖြည့်ဆည်းပေးနိုင်တဲ့ ထုတ်လုပ်မှုမဖြစ်ခြင်း၊ အိမ်နီးချင်းနိုင်ငံတွေရဲ့ နည်းပညာများ မြင့်မားခြင်းတို့ကြောင့် ပြည်ပကတင်သွင်းတဲ့ သွင်းကုန်ဟာ ပြည်တွင်းထုတ်လုပ်မှုကို လွှမ်းမိုးနေပါတယ်။ ပြည်တွင်းစက်မှုလုပ်ငန်း SMEs (အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေ) ဟာ ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီး နောက်ကျနေပါတယ်။ ဒီလို ပြည်ပသွင်းကုန်တွေကနေ ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းတာဟာ ကုန်သွယ်မှုကို အခြေခံတဲ့ Trade Base Model ဖြစ်တဲ့အတွက် SMEs ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**မေး ။ ။ ပြည်တွင်း SMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ နည်းလမ်းတွေနဲ့ အစိုးရရဲ့ ကူညီပံ့ပိုးပေးမှုကိုလည်း သိပါရစေ။**

ဖြေ ။ ။ နိုင်ငံဖွံ့ဖြိုးဖို့အတွက် ထုတ်လုပ်မှုကို အခြေခံတဲ့ စီးပွားရေးပုံစံဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် SMEs တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်

**" SMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာမှာလည်း ခေတ်မီနည်းပညာတွေကို အသုံးပြု၊ လက်ခံပြီး ကျင့်သုံးနိုင်မယ့် စွမ်းရည်ရှိပြီး အရည်အသွေးရှိသူတွေ ရှိဖို့လိုအပ်နေပါတယ်။ ဒါကြောင့် လူငယ်တွေကို စွမ်းဆောင်ရည်မြင့်မားတဲ့ လူငယ်တွေဖြစ်လာဖို့ ပညာရေး၊ လူမှုရေးနဲ့ ကျန်းမာရေးကဏ္ဍများပေါင်းစပ်ပြီး နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေ ဦးစားပေးပြီး သုံးစွဲ "**

*အချပ်ပို (ခ) သို့*



၄-၄-၂၀၁၇ ရက်က ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

*အချပ်ပို (က) မှ*

သူတို့ထုတ်ကုန်တွေကို ပြည်တွင်းမှာ ဈေးကွက်အခိုင်အမာနဲ့ တည်မြဲဖို့လိုပါတယ်။ သူတို့လုပ်ငန်းတွေ လည်ပတ်မှုအားကောင်းဖို့အတွက် ငွေကြေးလိုအပ်မှုကို နိုင်ငံတော်က ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။ ပြည်ပက နည်းပညာတွေကို အသုံးချပြီး ထုတ်လုပ်နေတဲ့ ကုန်စည်တွေရဲ့ အရည်အသွေးပိုင်းဖြစ်စေ၊ အရေအတွက်ပိုင်းဖြစ်စေ ယှဉ်ပြိုင်နိုင်ဖို့ ထုတ်လုပ်မှု ဘဏ္ဍာငွေလိုအပ်ချက်ကိုလည်း နိုင်ငံတော်က ပံ့ပိုးပေးဖို့လိုပါတယ်။ ယခု သတ်မှတ်ထားတဲ့ ချေးငွေနှုန်းထားတွေက လုပ်ငန်းတွေအတွက် မြင့်မားနေတာကိုလည်း နိမ့်ချပေးပြီး သင့်တော်တဲ့ ချေးငွေနှုန်းထားတွေကို ပေးနိုင်မှသာ ထုတ်လုပ်မှုလုပ်ငန်းတိုးတက်လာမှာဖြစ်ပါတယ်။

**ထုတ်လုပ်မှုလမ်းကြောင်း**

ဒါ့အပြင် နည်းပညာလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းဖို့ လိုအပ်ပါတယ်။ ပြည်တွင်းက SMEs လုပ်ငန်းတွေ တိုးတက်နိုင်ဖို့ ဆောင်ရွက်စရာတွေ အများကြီးရှိတယ်ဆိုတာကိုလည်း ကျွန်တော်တို့သိပါတယ်။ ပြည်တွင်းမှာ ထုတ်လုပ်တဲ့ လုပ်ငန်းတွေအတွက် ဈေးကွက်ခိုင်မာဖို့ကို အစိုးရအနေနဲ့ ဝင်ရောက်ရပ်တည်ပြီး ဆောင်ရွက်ပေးမယ့် နည်းလမ်းတွေလည်း ရှိပါတယ်။ ပြည်တွင်းသုံးစွဲမှု လိုအပ်ချက်နဲ့အညီ စံချိန်စံညွှန်း၊ အရည်အသွေး၊ အရေအတွက်ရှိတဲ့ လုပ်ငန်းတွေအတွက် အစိုးရက ပြည်တွင်းထုတ်ကုန်တွေကို သုံးစွဲရမယ်ဆိုပြီး ပံ့ပိုးမှုပေးနိုင်မယ်ဆိုရင် SMEs တွေအတွက် ခိုင်မာတဲ့ ထုတ်လုပ်မှုလမ်းကြောင်း ရရှိမှာဖြစ်ပါတယ်။

ပြည်ပသွင်းကုန်အစားထိုးဖို့အတွက် SMEs တွေကို လမ်းကြောင်းပေါ် တင်ပေးနိုင်ခဲ့ရင် ပြည်ပကတင်သွင်းတဲ့ ကုန်ပစ္စည်းလျှော့ချနိုင်ပြီး ပို့ကုန်/သွင်းကုန် ကွာဟချက်နှင့် နိုင်ငံခြားသုံးငွေ ပြည်ပကို စီးထွက်မှုနှုန်းကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် တစ်ယူနစ်ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချနိုင်မယ်၊ လျှော့ချတဲ့နေရာမှာ ကုန်ကြမ်းတွေကို နိုင်ငံခြားကနေ တင်သွင်းတဲ့နေရာမှာ အခွန်အခတွေကို လျှော့ချပေးမယ်ဆိုရင် ထုတ်လုပ်မှုစရိတ် ကျဆင်းလာပြီး လုပ်ငန်းတွေ ကောင်းမွန်လာနိုင်ပါတယ်။

**မေး။ ။ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနဲ့ပတ်သက်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ နိုင်ငံတော်ရဲ့ဘေးဝန်းကျင်က အိမ်နီးချင်းနိုင်ငံတွေဟာ လူဦးရေများစွာနေထိုင်တဲ့ နိုင်ငံတွေဖြစ်ပါတယ်။ နိုင်ငံတိုင်းဟာ အဓိကလိုအပ်ချက်က စားသုံးမှု၊ စားသုံးကုန်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက လယ်ယာလုပ်ငန်းတွေ၊ သားငါးလုပ်ငန်းတွေအတွက် အခြေခံကောင်းတွေ ရှိပါတယ်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့လုပ်ငန်းရှင်တို့ အားလုံးစုပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်ကို စိုက်ပျိုးရေးအခြေခံစက်မှု နိုင်ငံအဖြစ် ထူထောင်ဖို့ ဦးတည်ချက်ရှိပါတယ်။

**သက်သာတဲ့ချေးငွေနဲ့ ဆောင်ရွက်**

လယ်ယာကဏ္ဍအတွက် ထောက်ပံ့ပေးနေတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ စိုက်ပျိုးစရိတ်ချေးငွေတွေနဲ့ သီးနှံအမျိုးအစားတွေ တိုးမြှင့်ပေးခဲ့ပေမယ့် လယ်ယာကဏ္ဍကြီး တစ်ရပ်လုံးစိုက်ပျိုးမြေပြင်ရာကနေ စိုက်ပျိုးထုတ်လုပ်ရောင်းချတဲ့အဆင့်အထိ ပံ့ပိုးဆောင်ရွက်ဖို့လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ တောင်သူလယ်သမားတွေပါဝင်လာမယ့် လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံမှု မြင့်မားလာဖို့ ပုံမှန်ချေးငွေနဲ့ တင်မက စိုက်ပျိုးရေးပိုင်း၊ သွင်းအားစုပိုင်း၊ ရိတ်သိမ်းကြိတ်ခွဲ၊ တင်ပို့ရောင်းချမှု အားလုံးမှာ မြှင့်တင်ဖို့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ကို ဖွံ့ဖြိုးရေးဘဏ်အဖြစ် ပြန်လည်ထူထောင်ပြီး သက်သာတဲ့အတိုးနှုန်း၊ သက်သာတဲ့ချေးငွေနဲ့ ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။

သားငါးကဏ္ဍမှာဆိုရင် နိုင်ငံခြားတင်ပို့ရာမှာ အထူးကုန်စည်ခွန်ဥပဒေကို ဖယ်ရှားပေးခဲ့ပြီး မွေးမြူရေးထုတ်ကုန်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ လုပ်ငန်းရှင်တွေကို လိုအပ်တဲ့ချေးငွေတွေ အလုံအလောက်ဖြည့်ဆည်းပေးဖို့လည်း စီမံထားရှိပြီးဖြစ်ပါတယ်။ ဆီလုပ်ငန်းနဲ့ပတ်သက်ပြီးတော့လည်း မြန်မာနိုင်ငံဟာ ဆီကို သုံးစွဲတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး ဆီထုတ်လုပ်မှုအားကတော့ အားရကျေနပ်ဖွယ်မရှိသေးပါဘူး။ ကမ်းရိုးတန်း ရှည်လျားစွာရှိနေပေမယ့် ကမ်းရိုးတန်းတစ်လျှောက် အုန်းတောတွေမှာ အုန်းဆီထုတ်လုပ်ဖို့ ယနေ့အထိ ဆောင်ရွက်နိုင်ခြင်းမရှိပါဘူး။ ထိုနည်းတူ စပါးကထွက်တဲ့ ဖွဲနုဆီစက်တွေဟာ ယခင်ကရှိခဲ့ပေမယ့် ပြန်လည်ဆန်းသစ်ပြီး ထုတ်လုပ်နိုင်စွမ်းမရှိခဲ့ပါဘူး။ ဒါကြောင့် ဆီစက်လုပ်ငန်းရှင်တွေ၊ ဆီကုန်သည်တွေနဲ့ တွေ့ဆုံပြီး အရည်အသွေးပြည့်ဝတဲ့ ဆီကောင်းဆီသန့်တွေ ထုတ်လုပ်နိုင်ဖို့ ဆောင်ရွက်နေတာရှိပါတယ်။

**မေး။ ။ နိုင်ငံအတွင်းက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသီးသီး ဖွံ့ဖြိုးတိုးတက်လာစေဖို့ နိုင်ငံတော်ကနေ ဆောင်ရွက်ပေးမှုတွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ နိုင်ငံတွင်းမှာရှိတဲ့ အခြားအခြားသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းတွေ အားလုံးကို နိုင်ငံတော်အစိုးရက အဘက်ဘက်ကနေ အပြည့်အဝ ဆောင်ရွက်ပေးနိုင်ဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ ဥပမာပြောရရင် ပြည်ပက သကြားတင်သွင်းကြတယ်။ အမှန်တော့ ပြည်တွင်းမှာ ကြံစိုက်ပျိုးနိုင်တဲ့ ဧကတွေ အများကြီးရှိနေတယ်။ ကြံကနေထွက်လာတဲ့ သကြားကို အရည်အသွေး ပြည့်ဝတဲ့ ထုတ်ကုန်ဖြစ်ဖို့ ခေတ်မီတဲ့ စက်ရုံတွေ လိုအပ်ပါတယ်။ အခြားဥပမာပေးရရင် မြစ်ဝကျွန်းပေါ်ဒေသတွေမှာ နေလှန်းဆားလုပ်ငန်းက တစ်ချိန်က ကျယ်ပြန့်စွာရှိခဲ့တယ်။ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းမှာ လုံးဝပျောက်ကွယ်လုဖြစ်လာတယ်။ ဒါကြောင့် ယခုအခါ တစ်ဖက်နိုင်ငံက ဆားကို တင်သွင်းရတဲ့ အနေအထား ဖြစ်လာတယ်။ ဒါကြောင့် ပြည်တွင်းလိုအပ်ချက်တွေကို ပြည်တွင်းမှာ ပြန်လည်ထုတ်လုပ်နိုင်ဖို့ အခြေခံစီးပွားရေးပုံသဏ္ဌာန်ကို ပြောင်းပြီး သွင်းကုန်တွေကို လျှော့ချဖို့ ကြိုးပမ်းနေရခြင်းဖြစ်ပါတယ်။

**အခြေခံကောင်းတွေပိုင်ဆိုင်**

ဒီအတွက် သွင်းကုန်အစားထိုးလုပ်ငန်းတွေ တိုးတက်လာဖို့ ပြည်တွင်း SMEs တွေကို နိုင်ငံတော်ကလည်း အားပေးကူညီမယ်၊ လုပ်ငန်းလုပ်ကိုင်လိုသူတွေကလည်း ကြိုးစားဆောင်ရွက်ပေးကြဖို့နဲ့ ဒါမှသာ ကျွန်တော်တို့ ပိုပြီးစီးပွားရေးအခြေခံကောင်းတွေ ပိုင်ဆိုင်မှာဖြစ်ပါတယ်။

**မေး။ ။ နိုင်ငံတော်ရဲ့စီးပွားရေးဆိုင်ရာ စီမံကိန်းတွေ ဘတ်ဂျက်တွေရေးဆွဲတဲ့ အပိုင်းနဲ့ ဆောင်ရွက်မှုအပိုင်းကိုလည်း သိပါရစေ။**

ဖြေ။ ။ အခွန်အခနဲ့ပတ်သက်ရင် နိုင်ငံတော်က တိုက်ရိုက်ကောက်ခံတဲ့ အခွန်တွေကို လျှော့ချပြီး သွယ်ဝိုက်ပြီး ကောက်ခံရမယ့် အခွန်တွေကို ပိုပြီး ဦးစားပေးဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။ သွယ်ဝိုက်ခွန်တွေကိုပဲ ဦးစားပေးပြီးတော့ နိုင်ငံတော်ရဲ့လိုအပ်တဲ့ဝင်ငွေနဲ့ ရငွေတွေကို ရှာဖွေပြီး အရေးပါတဲ့ နိုင်ငံရဲ့ဦးစားပေးလုပ်ငန်းတွေကို ဘဏ္ဍာငွေ အစီအမံတွေနဲ့ စနစ်ကျတဲ့ စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်နေပါတယ်။ စီမံကိန်းတွေ ရေးဆွဲတဲ့နေရာမှာ ဖက်ဒရယ်မှုကို အခြေခံတဲ့ အောက်ခြေအဆင့်ဆင့်ကို အခြေခံပြီး ရေးဆွဲတဲ့ စီမံကိန်းရည်မှန်းချက်တွေကို နိုင်ငံတော်တစ်ရပ်လုံးရဲ့ စီးပွားရေးစီမံကိန်းအဖြစ် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းတွေရဲ့ ကိန်းဂဏန်းတွေ မှန်ကန်ဖို့ ဦးတည်ရေးဆွဲနေပြီး အကောင်အထည်ဖော်ရာမှာလည်း အချိန်ကာလအပိုင်းအခြားအလိုက် လိုအပ်တဲ့ ရည်မှန်းချက်ပန်းတိုင်ကို ပြည့်ဝဖို့အတွက် လိုအပ်တဲ့ အသုံးစရိတ်နဲ့ ဘတ်ဂျက်ကို စနစ်တကျ ချိန်ကိုက်ရေးဆွဲသွားမှာ ဖြစ်ပါတယ်။ စီမံကိန်းအနေနဲ့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ အရအသုံးတွေဟာ တစ်ပြေးညီ ချိတ်ဆက်ပြီး အကောင်အထည်ဖော်တဲ့ စီမံကိန်းတွေဖြစ်ဖို့ လက်တွေ့မြေပြင်အခြေအနေနဲ့ နီးစပ်တဲ့ စီမံကိန်းတွေဖြစ်ဖို့ ကိန်းဂဏန်းတွေကွဲလွဲမှုမရှိဘဲ အမှန်ကိန်းဂဏန်းတွေကို ကိုယ်စားပြုတဲ့ စီမံကိန်းတွေဖြစ်ဖို့ ဦးတည်ဆောင်ရွက်နေပါတယ်။

**မေး။ ။ နိုင်ငံတကာနဲ့ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွေကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့ပထဝီအနေအထား၊ မြန်မာနိုင်ငံရဲ့ ဖြစ်တည်နေတဲ့ နေရာဒေသကိုမူတည်ပြီးတော့မကြာခင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ဆွေးနွေးညှိနှိုင်းခဲ့တဲ့ တရုတ်-မြန်မာ စီးပွားရေးကိစ္စများကြောင့် အခွင့်အလမ်းကောင်းတွေလည်း ပေါ်ထွန်းလာတော့မှာဖြစ်ပါတယ်။ GMS ဖြစ်တဲ့ မဲခေါင်ဒေသတွင်း နိုင်ငံများရဲ့ ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေ၊ CLMV ဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတွေ ပေါင်းစပ်ပြီး လုပ်ရမယ့် လုပ်ငန်းစဉ်တွေ၊ အာဆီယံအဖွဲ့အစည်းအတွင်းမှာရှိတဲ့ လုပ်ငန်းစဉ်တွေကို ယှဉ်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဟာ အနောက်ဘက် ကမ်းရိုးတန်းတစ်ခုလုံးက ကမ္ဘာ့အနောက်ဘက်ခြမ်းကို ပေါင်းစပ်နိုင်တဲ့ အဓိကကျတဲ့ တံခါးပေါက်ကြီးဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံနဲ့ ပေါင်းစပ်ဆောင်ရွက်နေတဲ့ Economic Corridor ၊ ထိုင်းနိုင်ငံနဲ့ ပေါင်းစပ်ဆောင်ရွက်သွားမယ့် ထားဝယ်စက်မှုဇုန်လုပ်ငန်းတွေ စတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ နောင်ကာလတိုအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ လုပ်ငန်းကြီးတွေ ဖြစ်လာမှာပါ။

*အချပ်ပို (ဂ) သို့*


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ချေးငွေပေးအပ်ပွဲအခမ်းအနားတွင် ပြသထားသည့် စက်ကိရိယာပစ္စည်းများအား ကြည့်ရှုစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ





ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

*အချုပ်ပိုဒ် (ခ) မှ*

**မေး ။ ။ တရုတ်နိုင်ငံနဲ့ ပေါင်းစပ်ဆောင်ရွက်မယ့် Economic Corridor ရဲ့စီးပွားရေးစကြံမှာ မြန်မာလုပ်ငန်းရှင်တွေအတွက် ဘယ်လိုအခွင့်အရေးတွေ ရရှိနိုင်မလဲရှင့်။**

ဖြေ ။ ။ ဒီနေရာမှာ နိုင်ငံတော်အဆင့်နဲ့ ဆောင်ရွက်မယ့်လုပ်ငန်းတွေ ပါဝင်သလို အချို့လုပ်ငန်းတွေမှာ နိုင်ငံတော်နဲ့ ပူးပေါင်းပြီး ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရမယ့် လုပ်ငန်းတွေ ပါဝင်လာမှာဖြစ်ပါတယ်။ အချို့လုပ်ငန်းတွေကတော့ PPP လို့ပြောလို့ရတဲ့ Private ကဏ္ဍမှာ ပုဂ္ဂလိက ကဏ္ဍကပဲ သီးသန့်ဆောင်ရွက်မယ့် လုပ်ငန်းတွေလည်း ပါဝင်မှာ ဖြစ်တဲ့အတွက် ဒီလုပ်ငန်းတွေက နိုင်ငံတော်ရဲ့ ကာလရှည်မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှာ အထူးအရေးပါတဲ့ လုပ်ငန်းကြီးတွေ ဖြစ်လာမယ်လို့ မျှော်လင့်လို့ရပါတယ်။

**မေး ။ ။ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကနေ ပြည်သူတွေလူနေမှုဘဝ မြင့်မားတိုးတက်စေဖို့ ဆောင်ရွက်ပေးမယ့် လုပ်ငန်းစဉ်တွေရှိရင်လည်း ပြောပြပေးပါ။**

ဖြေ ။ ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးပါတဲ့ လျှပ်စစ်စွမ်းအားကဏ္ဍကိုလည်း သက်ဆိုင်ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်ကြတဲ့ အစီအမံတွေနဲ့ ပေါင်းစပ်ပြီးတော့ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍမှာဆိုရင်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေဖို့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချဖို့နဲ့ စက်မှုနိုင်ငံတော်ကို ထူထောင်နိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်တွေနဲ့အညီ ဆောင်ရွက်နေပါတယ်။

**ပြန်လည်မြှင့်တင်**

နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒ ၁၂ ရပ် အနက်မှာလည်း e-Government လုပ်ငန်းစဉ်တွေ၊ Data ID အချက်အလက်တွေကို ကျင့်သုံးနိုင်ဖို့ဆိုတာ ပါဝင်ပါတယ်။ ဒါကြောင့် အခြား တိုးတက်နေတဲ့ နိုင်ငံများနဲ့အညီ နည်းပညာပိုင်း ဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းတွေ ချမှတ်ပြီး ဆောင်ရွက်နေပြီဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့အခါမှာလည်း ပြည်ပက ချေးငွေရယူဆောင်ရွက်တဲ့အခါ ကာလအပိုင်းအခြားအလိုက် ပြန်လည်ပေးဆပ်ရမယ့် ငွေကြေးတွေကို တိတိကျကျမှန်မှန်ကန်ကန် ပေးဆပ်နိုင်ခဲ့တဲ့အတွက် နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာကို ပြန်လည်ပြီးတော့ မြှင့်တင်ပေးနေတာဖြစ်ပါတယ်။

**မေး ။ ။ နိုင်ငံက ပြည်သူတွေအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့အစိုးရ နှစ်နှစ်တာကာလ တာဝန်ယူမှုအပိုင်းကိုရော ဘယ်လိုများ ဖြည့်စွက်တင်ပြလိုပါသလဲရှင့်။**

ဖြေ ။ ။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေရဲ့လူဦးရေ ဘဏ္ဍာငွေတွေ ဦးစားပေးပြီး သုံးစွဲသွားမှာဖြစ်ပါတယ်။

**လိုအပ်ချက်ကို ပေါင်းစပ်**

ဝန်ကြီးဌာနကနေ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ရာမှာ သက်တမ်းကာလအတွင်း နိုင်ငံရဲ့ပကတိအခြေအနေတွေကို စဉ်းစားသုံးသပ်ပြီး ဦးစားပေးဆောင်ရွက်ရမယ့် မဟာဗျူဟာ လုပ်ငန်းတွေကို ဆောင်ရွက်မယ့်ကာလ၊ အရည်အသွေးနဲ့ ရှိတဲ့ စွမ်းအားတွေကို အခြေခံပြီး တစ်ဖက်မှာလည်း လွှတ်တော်အဆင့်ဆင့်ကို တင်ပြပြီး ပြည်သူတွေရဲ့ လိုအပ်ချက်ကို ပေါင်းစပ်ဆောင်ရွက်နေတယ်ဆိုတာကို ပြောကြားလိုပါတယ်။

**ဦးမောင်မောင်ဝင်း**
**ဒုတိယဝန်ကြီး**

**မေး ။ ။ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ဆောင်ရွက်မှုတွေကို ရှင်းပြပေးပါရှင့်။**

**ဘဏ္ဍာရေးမူဝါဒပိုင်းဆိုင်ရာကဏ္ဍ**

ဘဏ္ဍာရေးမူဝါဒမှာ အဓိကအားဖြင့် အခွန်ကောက်မူဝါဒနဲ့ အသုံးစရိတ်မူဝါဒဆိုပြီး နှစ်ပိုင်းရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၀၀) ရဲ့ ပုဒ်မခွဲ (ခ) မှာလည်း ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိတဲ့ ဥပဒေ သုံးခုကို ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုရဲ့ နှစ်စဉ် အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စုရဲ့ နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနဲ့ ပြည်ထောင်စုရဲ့ နှစ်စဉ် အခွန်အကောက်ဆိုင်ရာ ဥပဒေတို့ ဖြစ်ပါတယ်။ လွှတ်တော်ကို တင်သွင်းရာမှာလည်း ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းရပြီး ဆွေးနွေးဆုံးဖြတ်ကြပြီး အတည်ပြုပြဋ္ဌာန်းကြပါတယ်။ ဒီဥပဒေ သုံးခုစလုံးကို ကျွန်တော်တို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူရေးဆွဲပြီး သက်ဆိုင်ရာ ဘဏ္ဍာရေးကော်မရှင်၊ ထားနိုင်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ရတာကတော့ အရင်က အခွန်ထမ်းဖို့အတွက် လူကိုယ်တိုင် ကောက်ယူတဲ့စနစ်ကနေ နောက်ပိုင်းမှာ အခွန်ထမ်းကနေ မိမိကိုယ်တိုင် မိမိထမ်းဆောင်ရမယ့် အခွန်ကို တွက်ချက်စည်းကြပ်ပြီး တာဝန်ထမ်းဆောင်စေတဲ့စနစ်ကို ဖော်ဆောင်ခြင်းဖြစ်ပါတယ်။

**နယ်စပ်ကုန်သွယ်ရေးစခန်း**

ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့မှာ စနစ်ပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာတွေကို ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်နေပါတယ်။ အကောက်ခွန်ဦးစီးဌာနမှာဆိုရင် မြန်မာ့အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System - MACCS) စနစ်ကို ရန်ကုန်မြို့ဆိပ်ကမ်းတွေမှာ လုပ်ဆောင်တဲ့အတွက် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်တွေ



အငြိမ်းစားလစာ(ပင်စင်) လာရောက်ထုတ်ယူနေသည့် အငြိမ်းစားများအား လိုအပ်သည်များ၊ အကြံပြုချက်များ တောင်းခံစဉ်။

ပုံစံ အချိုးအစားမှာ အလုပ်လုပ်နိုင်တဲ့ သက်တမ်းရှိ လူငယ်လူရွယ်တွေ အများကြီးရှိပါတယ်။ သို့သော် နိုင်ငံတွင်း အလုပ်လုပ်ကိုင်နိုင်တဲ့ အခွင့်အလမ်းနည်းပါးနေတာကြောင့် ကျေးလက်မှာ အလုပ်လုပ်နိုင်တဲ့ လူဦးရေ နည်းပါးလာတာကိုတွေ့ရပါတယ်။ SMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာမှာလည်း ခေတ်မီနည်းပညာတွေကို အသုံးပြု လက်ခံပြီး ကျင့်သုံးနိုင်မယ့် စွမ်းရည်ရှိပြီး အရည်အသွေးရှိသူတွေ ရှိဖို့လိုအပ်နေပါတယ်။ ဒါကြောင့် လူငယ်တွေကို စွမ်းဆောင်ရည်မြင့်မားတဲ့ လူငယ်တွေဖြစ်လာဖို့ ပညာရေး၊ လူမှုရေးနဲ့ ကျန်းမာရေးကဏ္ဍများပေါင်းစပ်ပြီး နိုင်ငံတော်ရဲ့

ဖြေ ။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ လက်အောက်မှာ ဌာနပေါင်း ၂၀ ရှိပါတယ်။ အဲဒီ ဌာနပေါင်း ၂၀ အနက်မှာ စီမံကိန်းနဲ့ ပတ်သက်တဲ့ လက်အောက်မှာ ဌာန ခုနစ်ခုရှိပြီး ဘဏ္ဍာရေး လက်အောက်မှာ ဌာန ၁၃ ခုရှိပါတယ်။ ဘဏ္ဍာရေးနဲ့ပတ်သက်ပြီး အစိုးရရဲ့ သက်တမ်းနှစ်နှစ်အတွင်းမှာ ကြိုးပမ်းဆောင်ရွက်ချက်တွေလည်း များစွာရှိပါတယ်။ အဲဒီမှာ အပိုင်းအားဖြင့် သုံးပိုင်းရှိပြီး ဘဏ္ဍာရေးမူဝါဒဆိုင်ရာကဏ္ဍ၊ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာကဏ္ဍနဲ့ အာမခံလုပ်ငန်း၊ အသေးစားချေးငွေလုပ်ငန်းနဲ့ အရင်းအနှီးဈေးကွက်ပိုင်းဆိုင်ရာ ကဏ္ဍတွေ ဖြစ်ပါတယ်။

စီမံကိန်းကော်မရှင်တွေကို ဖြတ်သန်းပြီးတော့မှ လွှတ်တော်ကိုပေးပို့ခြင်း ဖြစ်ပါတယ်။

**အခွန်ကို တွက်ချက်စည်းကြပ်**

စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက ရေးဆွဲတဲ့ ဥပဒေတွေထဲမှာ အခွန်အကောက်ဆိုင်ရာ ဥပဒေလည်းပါပြီး အခွန်အကောက်တွေ တိုးမြှင့်ကောက်ခံရရှိရေးတစ်ခုတည်းကိုပဲ ကြည့်တာ မဟုတ်ပါဘူး။ အခွန်အကောက်ကို နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကြိုးပမ်းရာမှာ လက်နက်ကိရိယာတစ်ခုအဖြစ် အသုံးပြုရတာ ဖြစ်ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနသည်လည်း အဆင့်ဆင့်အခွန်ရုံးများကို တိုးချဲ့ဖွင့်လှစ် အချိန်ကုန်သက်သာပြီး လုပ်ငန်းအဆင်ပြေခဲ့ပြီဖြစ်ပါတယ်။ ဒီစနစ်ကို ရန်ကုန်မြို့တွင် သာမကမြဝတီ၊ မူဆယ်စတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေမှာလည်း ကျင့်သုံးဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု စွမ်းဆောင်ရည်များ မြှင့်တင်ခြင်းကိုလည်း ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်ရဲ့ရငွေ၊ သုံးငွေအခြေအနေတွေနဲ့ ပြည်သူတွေအတွက် ထိရောက်ပြီး အကျိုးရှိမယ့် စီမံကိန်းတွေမှာ သုံးစွဲနိုင်ဖို့ စိစစ်ပြီးတော့ လွှတ်တော်နဲ့ ပေါင်းစပ်ဆောင်ရွက်ပေးနေပါတယ်။

*အချုပ်ပိုဒ် (ဃ) သို့*



မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း(၂၀၁၇) ကောက်ယူနေမှုကို တွေ့ရစဉ်။



MACCS စနစ်အား အသုံးပြုမည့် Private User များအား လက်တွေ့သင်တန်းပေးနေစဉ်။



ဒုတိယဝန်ကြီး ဦးဆက်အောင်

*အချပ်ပို (ဂ) မှ*

**မေး ။ ။ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်တွေကိုလည်း ဖြေကြားပေးပါရှင့်။**

ဖြေ ။ ။ ကျွန်တော်တို့ဆီမှာ နိုင်ငံတော်ဘဏ်လေးခုရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်တို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ အစိုးရဘဏ်တွေရော ပုဂ္ဂလိကဘဏ်တွေကိုပါ ကြီးကြပ်ကွပ်ကဲရမယ့် တာဝန်ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနကတော့ နိုင်ငံတော်ဘဏ်လေးခုရဲ့ ပိုင်ရှင်အဖြစ်နဲ့ နိုင်ငံတော်အစိုးရကိုယ်စား စီမံခန့်ခွဲမှုတာဝန်တွေကိုယူပြီး ဆောင်ရွက်ပေးရပါတယ်။ နိုင်ငံတော်က နိုင်ငံတော်ဘဏ်တွေကို အသုံးပြုပြီး ပြည်သူ့အကျိုးအတွက် လိုအပ်တဲ့ မူဝါဒပိုင်းဆိုင်ရာ ချေးငွေတွေ ဥပမာအားဖြင့် SMEs ချေးငွေတွေ၊ လယ်ယာကဏ္ဍ ချေးငွေတွေကို ချေးပေးနေပါတယ်။ ဒီလိုချေးငွေပေးရာမှာလည်း ဂျပန်နိုင်ငံရဲ့ဖွံ့ဖြိုးရေးအစီအစဉ်ကနေ အတိုးနှုန်းသက်သက်သာသာနဲ့ ချေးယူနိုင်ခဲ့တဲ့အတွက် အစိုးရကနေ ပြန်လည်ချေးငွေထုတ်ပေးတဲ့အခါ ပိုပြီးအဆင်ပြေ လာပါတယ်။ ကျွန်တော်တို့ စီးပွားရေးဘဏ်ကနေလည်း လယ်ယာကဏ္ဍ၊ SMEs ကဏ္ဍတွေအပြင် ဆောက်လုပ်ရေးကဏ္ဍတွေမှာ ချေးငွေထုတ်ပေးတာတွေလည်း ရှိပါတယ်။

**မေး ။ ။ အာမခံလုပ်ငန်း၊ အသေးစား ချေးငွေလုပ်ငန်းနဲ့ ငွေကြေးဈေးကွက်ဆိုင်ရာတွေမှာ ဆောင်ရွက်နေတဲ့ အခြေအနေတွေကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ ။ ။ အာမခံလုပ်ငန်းမှာ နိုင်ငံပိုင် အာမခံလုပ်ငန်းတစ်ခု၊ ပုဂ္ဂလိကအာမခံလုပ်ငန်းက (၁၁) ခုရှိလာပြီဖြစ်ပါတယ်။ နိုင်ငံမှာ အာမခံအမျိုးအစား ၁၈ မျိုးအထိ တိုးမြှင့်ဆောင်ရွက်နေပါတယ်။ နိုင်ငံရဲ့ ဂျီဒီပီ၊ နိုင်ငံ့လူဦးရေနဲ့ နှိုင်းယှဉ်ရင်တော့ အာမခံလုပ်ငန်းဟာ နည်းပါးနေပါသေးတယ်။ ဒါကြောင့် နိုင်ငံခြားအာမခံကုမ္ပဏီတွေရဲ့ ကိုယ်စားလှယ်ရုံးခွဲ ၂၆ ခုကို ခွင့်ပြုပေးခဲ့ပါတယ်။ ဒီ ၂၆ ခုကို အခြေပြုပြီး နိုင်ငံခြားအာမခံကုမ္ပဏီတွေလည်း ပြည်တွင်းမှာ ဆောင်ရွက်မယ်ဆိုရင် ခွင့်ပြုနိုင်အောင် စီစဉ်သွားမှာဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာလည်း အတိုင်ပင်ခံကုမ္ပဏီကို ငှားရမ်းပြီးတော့မှ လုပ်ငန်းပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်နေပါတယ်။

**မေး ။ ။ အသေးစား ချေးငွေလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းအကြောင်းကိုလည်း သိပါရစေ။**

ဖြေ ။ ။ ဒီလိုလုပ်ငန်းတွေကို အခြေခံလူတန်းစားတွေဖြစ်တဲ့ ခေါင်းရွက်ဗျပ်ထိုးဈေးသည်ကစလို့ ကျေးလက်မှာဆိုလည်း တစ်ပိုင်တစ်နိုင်လုပ်ငန်းလေးတွေ အပါအဝင် လုပ်ငန်းငယ်လေးတွေအတွက် အသေးစားချေးငွေလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ပေးနေပါတယ်။ အခုဆိုရင် အဖွဲ့အစည်းပေါင်း ၁၇၆ ခုရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးမှာလည်း ဆောင်ရွက်မှုတွေ မြှင့်တင်နေပါတယ်။ လူဦးရေအားဖြင့် ၃ ဒသမ ၂ သန်းအထိ ချေးငွေထုတ်ပေးပြီး ငွေအားဖြင့် ဘီလီယံ ၃၈၀၀ ကျော် လည်ပတ်ဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် အခြေခံလူတန်းစားတွေအတွက် များစွာအကျိုးရှိစေခဲ့ပါတယ်။

**မေး ။ ။ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်တွေကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ ။ ။ အရင်းအနှီးဈေးကွက်ဟာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအရေးပါပါတယ်။ လုပ်ငန်းတွေ စတင်တည်ထောင်လိုတဲ့အခါ၊ လုပ်ငန်းချဲ့ထွင်လိုတဲ့အခါ လိုအပ်တဲ့ အရင်းအနှီးတွေကို အရင်းအနှီးဈေးကွက်မှာ လာရောက်ရှာဖွေနိုင်ပါတယ်။ ဝန်ကြီးဌာနကနေ တည်ထောင်ပေးထားတဲ့ အရင်းအနှီးဈေးကွက်ကတော့ အခုဆိုရင် ရန်ကုန် စတော့အိပ်ချိန်းဖြစ်ပြီး နှစ်နှစ်တာကာလရှိခဲ့ပါပြီ။ နှစ်နှစ်တာအတွင်းမှာ လုပ်ငန်း ငါးခုကနေ စတော့ရှယ်ယာတွေကို အရောင်းအဝယ်လုပ်ပါတယ်။ အရောင်းအဝယ်လုပ်ပေးတဲ့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက ခြောက်ခုရှိပါတယ်။ ရင်းနှီးမြှုပ်နှံလိုသူတွေဟာ ရောင်းနိုင်ဝယ်နိုင်ပြီး ဒီလုပ်ငန်းတွေကို ကြီးကြပ်ကွပ်ကဲဖို့ မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်စေပါတယ်။ မကြာမီ အရင်းအနှီးဈေးကွက်ကိုလည်း ဆက်လက်တိုးချဲ့သွားဖို့ နိုင်ငံတော်အစိုးရက ရည်မှန်းထားပါတယ်။

**ဦးဆက်အောင်**

**ဒုတိယဝန်ကြီး**

**မေး ။ ။ စီမံကိန်းလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ ပြောင်းလဲကျင့်သုံးခဲ့တဲ့ ပုံသဏ္ဌာန်တွေ ရှိရင်လည်း သိပါရစေရှင့်။**

ဖြေ ။ ။ အမြဲတမ်းဆောင်ရွက်နေတဲ့ လုပ်ငန်းတွေထက် နောက်ပိုင်းမှာ ထူးထူးခြားခြား ဆောင်ရွက်သွားမယ့်လုပ်ငန်းတွေအကြောင်းကို ပြောကြားလိုပါတယ်။ ပထမအချက် အနေနဲ့က အဓိက ပြောင်းလဲမှုကြီးတစ်ရပ်က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသေးစိတ်ဗျူဟာတွေနဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာ ထူးခြားချက်က အရင်လက်ထက်တွေမှာတော့ ကျွန်တော်တို့ မူဝါဒလားရာဆိုတဲ့ ဦးတည်ချက်တွေကို ဆောင်ရွက်ပါတယ်။ အဲဒီလိုမူဝါဒတွေ ထုတ်ပြန်ခဲ့ပေမယ့်လည်း တကယ်တမ်း အကောင်အထည်ဖော်ဆောင်နိုင်မယ့် ဗျူဟာအသေးစိတ်နဲ့ လုပ်ငန်းစဉ်အသေးစိတ်တွေကို ရေးဆွဲနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ အဲဒီလို ဗျူဟာအသေးစိတ်၊ လုပ်ငန်းစဉ်အသေးစိတ်တွေ မရှိတဲ့အတွက် မူဝါဒတွေကို အကောင်အထည်ဖော်ရာမှာ အားလုံးပြီးပြည့်စုံတဲ့ ရှုထောင့်ပေါင်းစုံက ဆောင်ရွက်နိုင်တဲ့ အခြေအနေမရှိတော့ ဆောင်ရွက်မှုအားနည်းခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။




Myanmar Thilawa SEZ Holding Public Limited (MTSH) ၏ အစုရှယ်ယာများ အရောင်းအဝယ်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



အာမခံလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။

**ပိုပြီးအရေးကြီး**

အခုအချိန်မှာတော့ အသေးစိတ်မူဝါဒတွေ၊ အသေးစိတ်လုပ်ငန်းစဉ်တွေကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဗျူဟာတွေလုပ်ငန်းစဉ်တွေ ချမှတ်နိုင်တာနဲ့ အကောင်အထည်ဖော်တာနဲ့ဆိုရင် အကောင်အထည်ဖော်တဲ့ လုပ်ငန်းဟာလည်း ပိုပြီးအရေးကြီးပါတယ်။

**မေး ။ ။ စီးပွားရေးမူဝါဒတွေ အကောင်အထည်ဖော်ဖို့အတွက် အသေးစိတ်ဆောင်ရွက်နေတဲ့အပိုင်းကိုလည်း သိပါရစေ။**

ဖြေ ။ ။ မူဝါဒတွေရဲ့ ဗျူဟာနဲ့ လုပ်ငန်းစဉ်အသေးစိတ်တွေကို အကောင်အထည်ဖော်ရာမှာလည်း လုပ်ငန်းစဉ် (၃) ခု ချမှတ်ပြီးဆောင်ရွက်နေပါတယ်။ ပထမအဆင့်က အသေးစိတ် ဗျူဟာတွေလုပ်ငန်းစဉ်တွေရဲ့ အောက်မှာ လုပ်ငန်းတွေအကောင်ထည်ဖော်ဖို့ စီမံကိန်းတွေကို စတင်ဆောက်ရွက်ရပါတယ်။ ဒီလိုစီမံကိန်းတွေကို ဖော်ထုတ်ပြီးတဲ့အချိန်မှာ အဲဒီစီမံကိန်းတွေထဲက အရေးကြီးတဲ့ စီမံကိန်းတွေ၊ ဦးစားပေးရမယ့် စီမံကိန်းတွေကို ကျွန်တော်တို့က ဆွဲထုတ်ရပါတယ်။ အရင်ကတော့ နိုင်ငံတော်ဘတ်ဂျက်နဲ့ ဆောင်ရွက်မယ့် စီမံကိန်းတွေကိုပဲ ဆွဲထုတ်ပါတယ်။ အခုအချိန်မှာတော့ ဦးစားပေးစီမံကိန်းတွေထဲကမှ ဘယ်စီမံကိန်းတွေကို ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်မလဲ၊ ဘယ်လိုစီမံကိန်းတွေကို နိုင်ငံတော်က ရင်းနှီးပြီးတော့ဆောင်ရွက်မလဲ၊ ဘယ်လိုစီမံကိန်းတွေကို ဖွံ့ဖြိုးမှုအကူအညီတွေနဲ့ ဆောင်ရွက်မလဲဆိုတာကို ဒုတိယအဆင့်အနေနဲ့ ဆွဲထုတ်ရပါတယ်။ ဒါကိုမှ နောက်ဆုံးအဆင့်ဖြစ်တဲ့ PIP လို့ခေါ်တဲ့ နိုင်ငံတော်က ဆောင်ရွက်မှုနဲ့ နိုင်ငံတော်ရဲ့ ဗျူဟာတွေကို ဘယ်လိုဘယ်နည်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်ကို ပွင့်လင်းမြင်သာစွာနဲ့ ဖော်ထုတ်ပေးမှာဖြစ်ပါတယ်။

**ချိတ်ဆက်ဆောင်ရွက်**

အဲဒီတော့ အဲဒီလိုစီမံကိန်းတွေလုပ်ဆောင်ရာမှာလည်း သေချာစွာ ဆောင်ရွက်ပေးနိုင်ဖို့ စောင့်ကြည့်ပေးမယ့် အစီအစဉ်တွေကိုလည်း ကျွန်တော်တို့ ထည့်သွင်းထားမှာ ဖြစ်ပါတယ်။ အဲဒီလိုလုပ်ငန်းစဉ်တွေမှာ ထူးခြားတဲ့ အဓိကအချက်တွေက ကျွန်တော်တို့သည် စီမံကိန်းနဲ့ ဘတ်ဂျက်ဆက်စပ်မှုကို အမြဲတမ်းဆောင်ရွက်နေတာဖြစ်ပြီး အခုချိန်မှာ စီမံကိန်းနဲ့ ဘတ်ဂျက် ချိတ်ဆက်မှု တစ်ခုတည်းတင်မဟုတ်တော့ဘဲ စီမံချက်၊ စီမံကိန်းနဲ့ ငွေကြေးအရင်းအမြစ် စတဲ့ (၃)ခုကို သေသေချာချာ ချိတ်ဆက်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်ကနေ သက်ဆိုင်ရာဝန်ကြီးဌာနတွေ မိမိသက်ဆိုင်ရာ ဌာနကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်တဲ့ အစီအစဉ်တွေနေရာမှာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနပေါင်းစုံ၊ ကဏ္ဍပေါင်းစုံပေါင်းစပ်ပြီးတော့ ဆောင်ရွက်တဲ့စနစ်ကို တွေ့ရမှာဖြစ်ပါတယ်။ ဒီစနစ်ကို စတင်ကူးပြောင်းနိုင်ပြီဆိုရင်တော့ ဌာနအချင်းချင်း၊ ကဏ္ဍအချင်းချင်း ပေါင်းစပ်မှုတွေကလည်း ထိရောက်တဲ့ ပေါင်းစပ်မှုတွေ ဖြစ်လာမှာပါ။ အဲဒီအချိန်မှာတော့ ကျွန်တော်တို့ အမြဲတမ်းဆောင်ရွက်နေတဲ့ National Development Plan မှာလည်း အားလုံးပုံစံအသစ်နဲ့ ပြန်ပြီးတော့ ပူးပေါင်းပါဝင်နိုင်မှာ ဖြစ်ပါတယ်။ ။




မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ATM စက်များ ထားရှိမှုကို တွေ့ရစဉ်။

# ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ဆောင်ရွက်ခဲ့သည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယ (၁) နှစ်တာ

**ရှင်မင်း**

**မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားပြီး အလုပ်အကိုင်အခွင့်အလမ်းရှားပါး၍ ဆင်းရဲမွဲတေမှုနှုန်း မြင့်မားသည့် အားနည်းချက်များနှင့် ဒေသအဖြစ်တည်ရှိနေမှုကို ကျော်လွန်၍ တိုင်းဒေသကြီးအတွင်း ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည်။**



မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်
ဒေါက်တာအောင်မိုးညို

ဒုတိယ (၁)နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သောက်သုံးရေ ဖူလုံစွာရရှိရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ကဏ္ဍများ အချိုးညီဖွံ့ဖြိုးမှု ရရှိစေရန် အဓိကထားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သောက်သုံးရေရရှိရေး**

မိုးခေါင်ရေရှားသည့် ဒေသဖြစ်သည့်အတွက် တိုင်းဒေသကြီးအတွင်း သောက်သုံးရေ ရရှိရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အလေးပေးကာ ကျပ်သန်း ၅၆၃ ဒသမ ဝ၄ဝ၇ သန်း သုံးစွဲဆောင်ရွက်ခဲ့သည်။

"မကွေးတိုင်းဒေသကြီးဟာ မိုးခေါင်ရေရှားဒေသ ဖြစ်တယ်၊ ဒါ့ကြောင့် ဒေသခံ ပြည်သူတွေ သန့်ရှင်းတဲ့ သောက်သုံးရေ ဖူလုံစွာရရှိစေဖို့ ကျပ်သန်း ၅၆၃ ဒသမ ဝ၄ဝ၇ သန်း သုံးစွဲပြီးတော့ စက်ရေတွင်းတူးတာ၊ ရေပိုက်သွယ်တန်းတာ အပါအဝင် ရေရရှိရေး လုပ်ငန်း ၁၂၂ ခုကို အကောင်အထည်ဖော်ပေးနိုင်ခဲ့တယ်၊ ဒါ့ပြင် ကျေးလက်ဒေသတွေမှာလည်း တွင်းတိမ်၊ တွင်းနက်၊ လက်တူးကန်၊ မြေသားရေကန် စတာတွေကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောသည်။

ကျေးလက်ဒေသများ ရေရရှိရေးအတွက် တွင်းတိမ်၊ တွင်းနက်၊ လက်တူးကန်၊ မြေသားရေကန် တူးဖော်ဆောင်ရွက်ခြင်း အပါအဝင် ရေရရှိရေး လုပ်ငန်း စုစုပေါင်း ၃၉၈ ခုကို ကျပ်သန်း ၄၃၆၂ ဒသမ ၆၃၃၉ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

**ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများ**

မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိသည့် ဧရာဝတီမြစ်၊ မုန်းချောင်း၊ မန်းချောင်း၊ စလင်းချောင်း၊ ယောချောင်း၊ ပင်းချောင်း၊ မြစ်သာမြစ်တို့မှ ရေကို အသုံးပြုနိုင်ရန် ဘက်စုံရေလှောင်တမံကြီးများ တည်ဆောက်ကာ ဒေသတွင်း စိုက်ပျိုးရေး လုပ်ငန်းများအတွက် အသုံးပြုလျက်ရှိသည်။

စိုက်ပျိုးရေ ရရှိရေးအတွက် အားဖြည့်ပေးလျက်ရှိသည့် ဆည်မြောင်း တာတမံများ တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ခွဲဝေရရှိသည့် ရန်ပုံငွေ ကျပ်သန်း ၆၆ဝ၆ ဒသမ ၂၂၆ သန်းကို အသုံးပြု၍ လုပ်ငန်း ၁၉၃ ခုကို ဆောင်ရွက်နိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံလက်ယက်တွင်း လုပ်ငန်းရှင်များထံမှ ရရှိသည့် ရန်ပုံငွေ ကျပ်သန်း ၆၈ ဒသမ ၂ဝ သန်းဖြင့် ရွှေစက်တော် မင်္ဂလာကန်လျှိုပိတ်တမံ တည်ဆောက်ခြင်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ ရရှိသည့် ရန်ပုံငွေ ကျပ်သန်း ၁၇ သန်းဖြင့် ဝက်သည်းကန် တာပေါင် အုတ်စီခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကိုလည်း ကျပ်သန်း ၂၈၄၃ ဒသမ ၄၁၃ သန်း အသုံးပြုဆောင်ရွက်ခဲ့သည်။

"သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး ရရှိရေး ဆောင်ရွက်မှုတွေနဲ့အတူ ဒေသခံ တောင်သူတွေအတွက် အခုဘဏ္ဍာနှစ်မှာ စီးပွားဖြစ် မျိုးသန့်မျိုးပွား ထုတ်လုပ်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တယ်၊ ပြီးတော့ တောင်သူတွေအတွက် စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်တွေ အသုံးပြုနိုင်ဖို့ သင်တန်းပေးတာတွေ၊ တောင်သူတွေ သဘောကျနှစ်သက်တဲ့မျိုးတွေ ရွေးချယ်စိုက်ပျိုးစေနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

**မြို့ပြလမ်းများဖောက်လုပ်**

တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်း၊ ကျောက်လမ်းခင်းခြင်း၊ မြို့ပြလမ်းများ ဖောက်လုပ်ခြင်းတို့ကို ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်နှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

*အချပ်ပို (စ) သို့*

**"ကျေးလက်ဒေသများ ရေရရှိရေးအတွက် တွင်းတိမ်၊ တွင်းနက်၊ လက်တူးကန်၊ မြေသားရေကန် တူးဖော်ဆောင်ရွက်ခြင်း အပါအဝင် ရေရရှိရေး လုပ်ငန်း စုစုပေါင်း ၃၉၈ ခုကို ကျပ်သန်း ၄၃၆၂ ဒသမ ၆၃၃၉ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်"**



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးရှိ ကြီးအုံကြီး၀ ရေလှောင်တမံ။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသများ၌ စပါးစိုက်ပျိုးရာတွင် လုပ်သားရှားပါးမှုကို ဖြေလျှော့နိုင်ပြီး လုပ်သားစရိတ်ကုန်ကျမှုကို လျှော့ချပေးနိုင်သည့် ကျေးလက်အခေါ် တောက်တောက်ချ စိုက်နည်းစနစ်နှင့် မျိုးစေ့ချကိရိယာအသုံးပြု၍ စိုက်ပျိုးနေမှုကို တွေ့ရစဉ်။

*အချပ်ပို (င) မှ*

"တိုင်းဒေသကြီးအတွင်း ကတ္တရာလမ်းခင်းတာ၊ ကတ္တရာလမ်းချဲ့တာ၊ ထပ်ပိုးလွှာခင်းတာ၊ ကျောက်လမ်းခင်းတာ၊ လမ်းတွေ ဖောက်လုပ်တာတွေကို ပြည်ထောင်စု ဘတ်ဂျက်၊ တိုင်းဒေသကြီး ဘတ်ဂျက်နဲ့ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ကျပ်သန်း ၇၂၈၂၇ ဒသမ ၈၃၆ သန်းနဲ့ ၄၈၄ မိုင် တစ်ဖာလုံကို ဆောင်ရွက်ခဲ့တယ်၊ တံတားလုပ်ငန်းတွေအတွက် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်နဲ့ တိုင်းဒေသကြီးစည်ပင်သာယာရေးရဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၄၉၆၀ ဒသမ ၅၆၉၃ သန်းနဲ့ တံတား ၂၉၅ စင်းကို အကောင်အထည်ဖော်ပေးနိုင်ခဲ့တယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

**တံတားတည်ဆောက်**

ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်တို့ဖြင့် မကွေးမြို့ပေါ်ရှိ သစ္စာလမ်းနှင့် တောင်တွင်းလမ်းတို့အား လမ်းတာတိုးချဲ့ခြင်း၊ လမ်းမျက်နှာပြင်ဖြေညှိခြင်း၊ ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း၊ လိုအပ်သောနေရာများတွင် ကွန်ကရစ်ရေပြွန် တံတားတည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယ (၁) နှစ်တာကာလအတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အားစိုက်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း အခြေခံပညာ အထက်တန်းကျောင်း ၄၉ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၂၁ ကျောင်း၊ အလယ်တန်းကျောင်း ၃၅၃ ကျောင်း၊ အလယ်တန်း ကျောင်း(ခွဲ) ၂၀၉ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၄၀၊ မူလတန်းကျောင်း ၈၆ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) ၅၄ ကျောင်း စုစုပေါင်း ၁၀၁၂ ကျောင်းကို တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့သည်။

**ကျောင်းဆောင်သစ်ဆောက်လုပ်**

"တိုင်းဒေသကြီးအတွင်းက အန္တရာယ်ရှိကျောင်းဆောင် ၁၃၆ ဆောင်၊ ဥပမိရုပ် မကောင်းတဲ့ ကျောင်းဆောင် ၇၃ ဆောင်ကို ဖျက်သိမ်းပြီးတော့ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ခဲ့တယ်။

"ပြီးတော့ ဆရာ ဆရာမတွေအတွက် ဝန်ထမ်းအိမ်ရာ ၁၅ ဆောင် ဆောက်လုပ်ပေးနိုင်ခဲ့တယ်၊ အခြေခံပညာကျောင်း ၂၃၀ အတွက် စာသင်ခုံ နိမ့်၊ မြင့် ၈၇၆ စုံကို ရန်ပုံငွေ ကျပ်သန်း ၄၇၂ ဒသမ ၃၁၉၀ အသုံးပြုပြီး ဝယ်ယူဖြည့်တင်းနိုင်ခဲ့တယ်၊ ဒါ့ပြင် အခြေခံပညာကျောင်းရုံးတွေရဲ့ အဆောင် ၆၆၉ ဆောင်ကို ရန်ပုံငွေ ကျပ်သန်းပေါင်း ၄၆၇၈ ဒသမ ၁၉၀၇ သန်းနဲ့ ပြင်ဆင်ဆောက်လုပ်နိုင်ခဲ့တယ်။

**ရန်ပုံငွေ ကျပ် ၁၆၁၀ ဒသမ ၈၀၆၁ သန်း**

"ဒါ့ပြင် ကျောင်းတွေမှာ သန့်စင်ခန်း လိုအပ်နေတာ၊ သောက်သုံးရေ လိုအပ်နေတာ၊ ကျောင်းဝင်း လုံခြုံမှု လိုအပ်နေတာ၊ ရေဝင်ရောက်လို့ သန့်ရှင်းရေးပြုလုပ်ဖို့ လိုအပ်နေတာ စသည်ဖြင့် လိုအပ်ချက်တွေ ရှိနေတဲ့ ကျောင်းတွေအတွက် ရန်ပုံငွေ ကျပ် ၁၆၁၀ ဒသမ ၈၀၆၁ သန်းနဲ့ ဖြည့်ဆည်း ဆောင်ရွက်ပြီးတော့ ကျောင်းသား ကျောင်းသူတွေ အဆင်ပြေချောမွေ့စွာ ပညာသင်နိုင်အောင် ဆောင်ရွက်ပေးခဲ့တယ်" ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

တိုင်းဒေသကြီးအတွင်းရှိ ချင်းတိုင်းရင်းသား လူမျိုးများအနေဖြင့် သက်ဆိုင်ရာ ချင်းမျိုးနွယ်စု စာပေများကို သင်ကြားခွင့်ရရှိနိုင်ရေးအတွက် ချင်းတိုင်းရင်းသားစာပေ သင်ကြားမည့် ဆရာ ဆရာမ ၅၄၃ ဦးတို့ကို ခန့်ထားတာဝန်ပေးအပ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၄၈၄၀ အထိ တိုးတက်ပညာသင်ကြားခွင့်ပေးခဲ့ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

**ကျေးရွာပေါင်း ၄၈၀၃ ရွာဖြင့်ဖွဲ့စည်းထား**

မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိသည့် မကွေးတိုင်းဒေသကြီးသည် ဧရိယာ စတုရန်းမိုင်ပေါင်း ၁၇၃၀၅ ဒသမ ၆၂ မိုင်ကျယ်ဝန်းကာ အိမ်ထောင်စု ၉၂၅၄၂၄ လူဦးရေစုစုပေါင်း ၄၁၇၆၄၄၁ ဦး နေထိုင်ပြီး ခရိုင်ငါးခရိုင်၊ မြို့ပေါင်း ၃၀၊ ကျေးရွာအုပ်စု ၁၅၃၅ အုပ်စု၊ ကျေးရွာပေါင်း ၄၈၀၃ ရွာဖြင့် ဖွဲ့စည်းထားသည်။

တိုင်းဒေသကြီးအတွင်း နေထိုင်သည့် လူဦးရေ ၄၁၇၆၄၄၁ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလွှမ်းခြုံနိုင်အောင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းလျက်ရှိသည်။

တိုင်းဒေသကြီး၏ ကျန်းမာရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က "မြို့နယ်အသီးသီးက ကျေးလက် ကျန်းမာရေးဌာန ၁၆ ခုနဲ့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ၉၆ ခုတို့ကို သန်းပေါင်း ၈၄၄၈ ဒသမ ၃၄၅ သန်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တယ်။

**တိုက်နယ်ဆေးရုံ**

"ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၁၄ ခု ပြင်ဆင်ထိန်းသိမ်းတာကို ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၂၃၉ ဒသမ ၆၈၆ သန်းနဲ့ ဆောင်ရွက်ခဲ့တယ်၊ တိုက်နယ်ဆေးရုံ ၁၀ ရုံမှာ ခွဲစိတ်ခန်းအပါအဝင် လူနာဆောင်၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်တာတွေကိုလည်း ကျပ်သန်း ၆၇၁၈ သန်းနဲ့ ဆောင်ရွက်ခဲ့တယ်။

*အချပ်ပို (ဆ) သို့*

**"ကျောင်းတွေမှာ သန့်စင်ခန်း လိုအပ်နေတာ၊ သောက်သုံးရေ လိုအပ်နေတာ၊ ကျောင်းဝင်းလုံခြုံမှု လိုအပ်နေတာ၊ ရေဝင်ရောက်လို့ သန့်ရှင်းရေးပြုလုပ်ဖို့ လိုအပ်နေတာ စသည်ဖြင့် လိုအပ်ချက်တွေ ရှိနေတဲ့ ကျောင်းတွေအတွက် ရန်ပုံငွေ ကျပ် ၁၆၁၀ ဒသမ ၈၀၆၁ သန်းနဲ့ ဖြည့်ဆည်းဆောင်ရွက်ပြီးတော့ ကျောင်းသား ကျောင်းသူတွေ အဆင်ပြေချောမွေ့စွာပညာသင်နိုင်အောင် ဆောင်ရွက်ပေးခဲ့"**



မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများအတွက် စိုက်ပျိုးရေပေးဝေနိုင်မည့် မဲဇလီရေလွှဲဆည်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို (၈) မှ*

“ဒါ့ပြင် ဆေးနဲ့ဆေး ပစ္စည်းအမျိုးအစား အမျိုး ၁၉၀ ဝယ်ယူဖြည့်တင်းနိုင်ဖို့ ငွေကျပ်သန်း ၂၅၈၅ ဒသမ ၇ သန်းနဲ့ ဆောင်ရွက်နိုင်ခဲ့တယ်၊ တိုက်နယ်ဆေးရုံ ၇၀ ၊ မြို့နယ်ဆေးရုံ ၂၅ ရုံ၊ ခုတင် ၁၀၀ ဆေးရုံ သုံးရုံအတွက် ဆေးဝါးနှင့် ဓာတ်ခွဲခန်းသုံး၊ ဓာတ်မှန်သုံးပစ္စည်းတွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၂၀၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ကျပ်သန်း ၁၈၀၀ နဲ့ ဆောင်ရွက်ပေးနိုင်ခဲ့တယ်”ဟု ပြောသည်။

တိုင်းဒေသကြီးအတွင်းရှိ ဂန့်ဂေါပြည်သူ့ဆေးရုံ၊ မြောက်ခင်ရမ်း တိုက်နယ်ဆေးရုံ၊ စေတုတ္တရာ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ဆောမြို့နယ်ဆေးရုံတို့အတွက် ဓာတ်မှန်စက်တစ်လုံးစီကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ပြည်သူ့ဆေးရုံအတွက် ၁၀ ကေဗွီအေ မီးစက်တစ်လုံးကို လည်းကောင်း၊ မြို့နယ် ၂၅ မြို့နယ်အတွက် ကာကွယ်ဆေးသိုလှောင်သိမ်းဆည်းရန် Ice Line Refrigerator (ILR) အလုံးရေ ၃၂ လုံး၊ Freezer ၂၅ လုံး၊ ဆိုလာရေခဲသေတ္တာ ၁၅ လုံးကို ဝယ်ယူဖြည့်တင်းနိုင်ခဲ့သည်။



မကွေးမြို့ရှိ ဆီစက်လုပ်ငန်းရှင်များနှင့် ဆီထွက်သီးနှံစိုက်သည့် ဒေသခံတောင်သူများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့်အဖွဲ့ တွေ့ဆုံပွဲ ကျင်းပစဉ်။

## ရန်ပုံငွေ ကျပ် ၁၀ သိန်းစီ

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ တိုက်နယ် ဆေးရုံ ၂၉ ရုံအတွက် ဆေးရုံ တစ်ရုံလျှင် ရန်ပုံငွေ ကျပ် ၁၀ သိန်းစီဖြင့် ငွေကျပ်သိန်း ၂၉၀ ထောက်ပံ့ပေးနိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီး၏ လျှပ်စစ်ကဏ္ဍ တိုးတက်စေရန် ဆောင်ရွက်မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အသုံးစရိတ် ရန်ပုံငွေ၊ တိုင်းဒေသကြီး ကုန်သွယ် လုပ်ငန်းခွန်နှင့် အခွန်ဝေစုရငွေ စုစုပေါင်းကျပ် ၁၄ ဒသမ ၈၅၄ ဘီလီယံကို သုံးစွဲကာ ကျေးရွာပေါင်း ၁၈၈ ရွာနှင့် အိမ်ထောင်စုပေါင်း ၁၀၉၇၈ စု လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက် သုံးစွဲလာနိုင်စေခဲ့သည်။

“၁၄ ဒသမ ၈၅၄ ဘီလီယံနဲ့ ၁၁ ကေဗွီလိုင်း ၂၄၇ ဒသမ ၃၅၃ မိုင်၊ ၁၁/ ၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ အလုံး ၂၀၀၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၆၇ ဒသမ ၆၃၇ မိုင်ကို တည်ဆောက်ပြီး ကျေးရွာပေါင်း ၁၈၈ ရွာနဲ့ အိမ်ထောင်စုပေါင်း ၁၀၉၇၈ စု




ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၂/ ၂၀၁၈)ကို ဧပြီ ၂၄ ရက်က ကျင်းပနေမှုကို တွေ့ရစဉ်။

လျှပ်စစ်ပိုသုံးစွဲနိုင်ဖို့ ဆောင်ရွက်ခဲ့တယ်၊ ဒါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်တာပါ။

“၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာလည်း ကျပ်ငါးဘီလီယံခန့်နဲ့ ၁၁ ကေဗွီလိုင်း ၆၇ ဒသမ ၈၂၃ မိုင်၊ ၁၀/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၅၈ လုံးနဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၄ ဒသမ ၁၆၁ မိုင် တည်ဆောက်ပြီးတော့ ကျေးရွာပေါင်း ၃၅ ရွာအတွက် ဆောင်ရွက်နိုင်ခဲ့တယ်”ဟု ဝန်ကြီးချုပ်က ပြောသည်။

## စက်မှုနှင့် အသက်မွေးပညာ ရွှေ့လျားသင်တန်းများ

ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ရရှိစေရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ပူးပေါင်းကာ စက်မှုနှင့် အသက်မွေးပညာ ရွှေ့လျားသင်တန်းများဖြစ်သည့် လျှပ်စစ်အခြေခံသင်တန်း၊ အသေးစား အင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်းများကို တစ်ခရိုင်လျှင် သင်တန်း သုံးမျိုးဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီး၏ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဟောပြောပွဲများကိုလည်း ပြုလုပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဦးဆောင်မှုဖြင့် မကွေးမြို့တွင် ဒုတိယအကြိမ်မြောက် MSMEs Trade Promotion အား မကွေး၊ ချင်း၊ ရခိုင်၊ ရှမ်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှ ဆိုင်ခန်းပေါင်း ၁၅၀ ဖြင့် ခင်းကျင်းပြသခဲ့ရာ ခင်းကျင်းပြသသည့် သုံးရက်တာအတွင်း ရောင်းချရငွေ ကျပ်သိန်းပေါင်း ၄၀၇ သိန်းခန့် ရရှိခဲ့သည့်အပြင် SME Member Card များကို လူဦးရေ ၂၀၀၀ ခန့် လက်ဝယ်အရောက် ထုတ်ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မကွေးတိုင်းဒေသကြီးမှ နိုင်ငံ့ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေချောမွေ့စေရေးအတွက် အငှားအိမ်ရာ အကောင်အထည်ဖော် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

## နိုင်ငံ့ဝန်ထမ်းအိမ်ရာ

“၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မကွေးမြို့နယ်မှာ နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ ရှစ်ခန်းတွဲ ငါးထပ်၊ သုံးလုံး၊ အခန်းပေါင်း ၁၂၀ ကို ကျပ်သန်း ၂၁၅၂ ဒသမ ၈၀၀ နဲ့ ဆောင်ရွက်နိုင်ခဲ့သလို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မကွေးမြို့ ရေနံချောင်းမြို့ ချောက်မြို့ တောင်တွင်းကြီးမြို့ မင်းဘူးမြို့ သရက်မြို့နဲ့ ပခုက္ကူမြို့တွေမှာ နိုင်ငံ့ဝန်ထမ်းတွေအတွက် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ရှစ်ခန်းတွဲ ခြောက်ထပ် တစ်လုံးစီ၊ အခန်းပေါင်း ၃၂၅ ခန်း ပါဝင်တဲ့ ခုနစ်လုံးကို ကျပ်သန်း ၆၁၀၀ နဲ့ အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်”ဟု ဝန်ကြီးချုပ်က ပြောသည်။

*အချပ်ပို (၉) သို့*

**မကွေးတိုင်းဒေသကြီး၏ လျှပ်စစ်ကဏ္ဍ တိုးတက်စေရန် ဆောင်ရွက်မှုအနေဖြင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ အသုံးစရိတ် ရန်ပုံငွေ၊ တိုင်းဒေသကြီး ကုန်သွယ် လုပ်ငန်းခွန်နှင့် အခွန်ဝေစုရငွေ စုစုပေါင်းကျပ် ၁၄ ဒသမ ၈၅၄ ဘီလီယံကို သုံးစွဲ ကာ ကျေးရွာပေါင်း ၁၈၈ ရွာနှင့် အိမ်ထောင်စုပေါင်း ၁၀၉၇၈ စု လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်သုံးစွဲလာနိုင်**




မကွေးမြို့ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနရုံး၌ ၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပစဉ်။

*အချပ်ပို (ဆ) မှ*

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု ဒုတိယ (၁)နှစ်တာကာလအတွင်း မကွေးတိုင်းဒေသကြီးအတွင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရရှိသော အကျိုးအမြတ်များထဲမှ နှစ်ရာခိုင်နှုန်းကို အသုံးပြု၍ လူမှုတာဝန်သိမှု(CSR) လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့သည်။

**အရေးပေါ်ကိစ္စရပ်များ**

အဆိုပါလုပ်ငန်းအစီအစဉ်တွင် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ လူမှုရေးအထောက်အကူပြုကဏ္ဍ၊ အထွေထွေနှင့် အရေးပေါ်ကိစ္စရပ်များဆောင်ရွက်မှုပါဝင်ကာ စုစုပေါင်းလုပ်ငန်း ၄၄ ခုအတွက် ကုန်ကျငွေ ကျပ် ၂၂၁၉၉၉၆၅ ဖြင့် ကျခံဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ၂၆ ရုံးကို ကျပ်သန်း ၂၆၉ ဒသမ ၈၀၀ သန်း အသုံးပြုတည်ဆောက်ပေးခဲ့သည်။

**မြေငှားဂရန်ထုတ်ပေး**

အစိုးရအဖွဲ့၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်မှုတစ်ခုမှာ ကျေးရွာမြေငှားဂရန် ၂၁၉၅ ခုအပါအဝင် တစ်ကေအောက်မြေငှားဂရန် ၅၆၄၂ ခု၊ တစ်ကေမှ ငါးကေအထိ ၂၆ ခု၊ ငါးကေအထက် တစ်ခုတို့ကို လူနေထိုင်ရန်နှင့် စက်မှု၊ စီးပွားလုပ်ကိုင်ရန် မြေငှားဂရန်ထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။



မကွေးတိုင်းဒေသကြီးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်လျက်ရှိသော ကမ်းပြိုထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုကို တွေ့ရစဉ်။




မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းမှ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မြို့နယ်အတွင်းရှိ အစိုးရဆည်တမံများနှင့် ကျေးလက်ဆည်ငယ်၊ ကန်ငယ်များကို စက်ယန္တရားများ အသုံးပြု၍ ပြုပြင်ပေးစဉ်။

❑ **တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု ဒုတိယ (၁)နှစ်တာကာလအတွင်း မကွေးတိုင်းဒေသကြီး အတွင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရရှိသော အကျိုးအမြတ်များထဲမှ နှစ်ရာခိုင်နှုန်းကို အသုံးပြု၍ လူမှုတာဝန်သိမှု(CSR) လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့**

❑ **အဆိုပါလုပ်ငန်းအစီအစဉ်တွင် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၊ လူမှုရေးအထောက်အကူပြုကဏ္ဍ၊ အထွေထွေနှင့် အရေးပေါ်ကိစ္စရပ်များ ဆောင်ရွက်မှုပါဝင်ကာ စုစုပေါင်းလုပ်ငန်း ၄၄ ခု အတွက် ကုန်ကျငွေ ကျပ် ၂၂၁၉၉၉၆၅ ဖြင့် ကျခံဆောင်ရွက်ခဲ့**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးခြင်းလုပ်ငန်းများကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၁-၁-၂၀၁၃ ရက်မှ စတင် ဆောင်ရွက်ခဲ့ပါသည်။

**လယ်ယာမြေလုပ်ပိုင်ခွင့်**

"မကွေးတိုင်းဒေသကြီးအတွင်းမှာ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၅၉၇ အုပ်စု၊ ကွင်း၊ အကွက်ပေါင်း ၉၉၃၀၊ တောင်သူပေါင်း ၉၈၁၄၁၂ ဦး၊ ဦးပိုင်လုပ်ကွက်ပေါင်း ၁၇၅၆၇၆၃ ခု၊ လက်ရှိဧရိယာ ၂၉၈၃၀၂၁ ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ- ၇) ထုတ်ပေးခြင်းအနေနဲ့ ၂၈-၂-၂၀၁၈ ရက်အထိ ဦးပိုင်ပေါင်း ၁၇၁၉၉၀၈ ခုကို လက်ဝယ်အရောက် ထုတ်ပေးနိုင်ခဲ့ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

**မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး**

အစိုးရအဖွဲ့၏ ဒုတိယ (၁)နှစ်တာကာလအတွင်း တိုင်းဒေသကြီး မှတ်ပုံတင်ရေးအဖွဲ့သို့ မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်ရေး တင်ပြလာသည့် အသင်းအဖွဲ့ ၂၇ ဖွဲ့ကို လည်းကောင်း၊ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြလာသည့် အသင်းအဖွဲ့ ခြောက်ဖွဲ့ကို လည်းကောင်း၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြလာသည့် အသင်းအဖွဲ့ ၂၄၃ ဖွဲ့ကို လည်းကောင်း မှတ်ပုံတင်လက်မှတ်များရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခင်က တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် မှတ်ပုံတင်ကြေးပေးသွင်းရန် သတ်မှတ်ချက်ရှိသော်လည်း ယခုအခါ မှတ်ပုံတင်ကြေးပေးသွင်းရန် မလိုအပ်သည့်အပြင် ပြစ်မှု၊ ပြစ်ဒဏ်များ လုံးဝမပါရှိဘဲ ဖြေလျှော့ ဆောင်ရွက်ပေးခဲ့သည်။

**အချိုးညီတိုးတက်မှုရစေရန်**

ထိုကဲ့သို့ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်မီးလင်းရေး စသည့် ကဏ္ဍများကို အချိုးညီ တိုးတက်မှုရစေရန် အကောင်အထည်ဖော်ခဲ့ပြီး မြို့ပြများမှသည် ကျေးရွာများအထိ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်မှုမှတစ်ဆင့် တွေ့မြင်နိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။



၃-၄-၂၀၁၈ ရက်က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် အမှိုက်သိမ်းယာဉ်၊ ရေပုပ်စုပ်ယာဉ်၊ မီးသတ်ယာဉ်နှင့် လုပ်ငန်းသုံး မော်တော်ယာဉ်များ သက်ဆိုင်ရာဌာနများထံသို့ လွှဲပြောင်းပေးအပ်ပွဲကို မကွေးမြို့ တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပစဉ်။